**မျက်နှာဖုံးပါပုံများ၏ ရင်းမြစ်များ**

၁။ **ရတနာပုံနန်းမြို့တော်** (ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

၂။ **ဣန္ဒကာရာမယောမင်းကြီးအုတ်ကျောင်း** (ဓာတ်ပုံ-ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန် နိုင်ငံခြားဘာသာသင် တက္ကသိုလ်)

၃။ **ဂရုဒ(ဂဠုန်)သဲကျောက်ပန်းပု၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွန်းပင်မြို့၊ အမျိုးသားပြတိုက်မှ ခမာယဉ်ကျေးမှုတွင်ရှိ** (ဒေါက်တာနန်းလှိုင်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

၄။ **အစရမ်ကချေသည်ကဟန်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီယမ်ရိတ်မြို့၊ အန်ကောဝတ်ယဉ်ကျေးမှုနယ်တွင်းရှိ** (ဒေါက်တာနန်းလှိုင်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

DBE BOX - Copyright Protected

# ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအတန်းတွင် ကျောင်းသားများအား ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးကို သိမြင်နားလည်စေရန်နှင့် ယဉ်ကျေးမှုသမိုင်း အဆင့်ဆင့်တိုးတက်လာခြင်း၏ အဓိကကျသော အကြောင်းအရင်းများကို ဝေဖန်သုံးသပ်နိုင်ခြင်းဖြင့် လက်တွေ့ဘဝတွင် အသုံးပြုနိုင်စေရေးအတွက် ရည်ရွယ်သင်ကြားစေရမည်ဖြစ်သည်။ ယဉ်ကျေးမှုသမိုင်းကို စနစ်တကျ လေ့လာသင်ယူခြင်းအားဖြင့် ကျောင်းသားတို့သည် မြန်မာနှင့် ကမ္ဘာ့ယဉ်ကျေးမှု တိုးတက်ပြောင်းလဲခြင်း ဖြစ်စဉ်များတွင် အခြေခံကျသောအကြောင်းများနှင့် အဓိကကျသည့်အချက်များကို ကောင်းစွာနားလည်သဘောပေါက်ပြီး သင်ခန်းစာပါ အသိပညာများကို အသုံးချကာ လက်တွေ့ပြဿနာများကို ဆောင်ရွက်ဖြေရှင်းနိုင်စွမ်း၊ ကြုံတွေ့ရင်ဆိုင်ရမည့် အခြေအနေသစ်များကို တီထွင်ဆန်းသစ်သည့် နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်စွမ်းတို့ တိုးတက်လာစေရန် လေ့လာသင်ယူကြမည်ဖြစ်သည်။

## သင်ယူရမည့်အကြောင်းအရာများ

ဒသမတန်း သမိုင်းဘာသာရပ် ကျောင်းသုံးစာအုပ်တွင် အောက်ပါအဓိကကြောင်းအရာများ ပါဝင်သည်။

**မြန်မာ့သမိုင်း**

**အခန်း(၁) ရှေးဦးယဉ်ကျေးမှုအမွေအနှစ်**
**အခန်း(၂) ပုဂံယဉ်ကျေးမှုအမွေအနှစ်**
**အခန်း(၃) အလယ်ခေတ်ယဉ်ကျေးမှုအမွေအနှစ်**
**အခန်း(၄) မန္တလေးယဉ်ကျေးမှုအမွေအနှစ်**

**ကမ္ဘာ့သမိုင်း**

**အခန်း(၅) အိန္ဒိယယဉ်ကျေးမှု**
**အခန်း(၆) အရှေ့တောင်အာရှယဉ်ကျေးမှု**

DBE BOX Copyright Protected

## ကျောင်းသုံးစာအုပ်မိတ်ဆက်

ဤအတန်းတွင် ကျောင်းသားများအား ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးကို သိမြင်နားလည်စေရန်နှင့် ယဉ်ကျေးမှုသမိုင်း အဆင့်ဆင့်တိုးတက်လာခြင်း၏ အဓိကကျသော အကြောင်းအရင်းများကို ဝေဖန်သုံးသပ်နိုင်ခြင်းဖြင့် လက်တွေ့ဘဝတွင် အသုံးပြုနိုင်စေရေးအတွက် ရည်ရွယ်သင်ကြားစေရမည်ဖြစ်သည်။ ယဉ်ကျေးမှုသမိုင်းကို စနစ်တကျ လေ့လာသင်ယူခြင်းအားဖြင့် ကျောင်းသားတို့သည် မြန်မာနှင့် ကမ္ဘာ့ယဉ်ကျေးမှု တိုးတက်ပြောင်းလဲခြင်း ဖြစ်စဉ်များတွင် အခြေခံကျသောအကြောင်းများနှင့် အဓိကကျသည့်အချက်များကို ကောင်းစွာနားလည်သဘောပေါက်ပြီး သင်ခန်းစာပါ အသိပညာများကို အသုံးချကာ လက်တွေ့ပြဿနာများကို ဆောင်ရွက်ဖြေရှင်းနိုင်စွမ်း၊ ကြုံတွေ့ရင်ဆိုင်ရမည့် အခြေအနေသစ်များကို တီထွင်ဆန်းသစ်သည့် နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်စွမ်းတို့ တိုးတက်လာစေရန် လေ့လာသင်ယူကြမည်ဖြစ်သည်။

DBE BOX Copyright Protected

## သင်ယူရမည့်အကြောင်းအရာများ

ဒသမတန်း သမိုင်းဘာသာရပ် ကျောင်းသုံးစာအုပ်တွင် အောက်ပါအဓိကကြောင်းအရာများ ပါဝင်သည်။

**မြန်မာ့သမိုင်း**

**အခန်း(၁) ရှေးဦးယဉ်ကျေးမှုအမွေအနှစ်**

**အခန်း(၂) ပုဂံယဉ်ကျေးမှုအမွေအနှစ်**

**အခန်း(၃) အလယ်ခေတ်ယဉ်ကျေးမှုအမွေအနှစ်**

**အခန်း(၄) မန္တလေးယဉ်ကျေးမှုအမွေအနှစ်**

**ကမ္ဘာ့သမိုင်း**

**အခန်း(၅) အိန္ဒိယယဉ်ကျေးမှု**

**အခန်း(၆) အရှေ့တောင်အာရှယဉ်ကျေးမှု**

## သင်ယူကြရမည့်နည်းလမ်းများ

သင်ခန်းစာအားလုံးတွင် တက်ကြွစွာ ပါဝင်သင်ယူနိုင်ရန် အထောက်အကူပြုမည့် C-၅ လုံးကို အရေးပါသော ၂၁ ရာစု ကျွမ်းကျင်မှုများအဖြစ် ဆရာက အသုံးပြုသင်ကြားပေးမည်။

- ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration) - သင်ခန်းစာများသင်ယူရာတွင် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီး အတွေးအခေါ်များ မျှဝေခြင်း၊ အဖြေများ အတူရှာဖွေခြင်းတို့ကို လုပ်ဆောင်မည်။

- ဆက်သွယ်ပြောဆိုခြင်း (Communication) - ဘာသာစကားသင်ခန်းစာများတွင်သာမက ဘာသာရပ်အားလုံးတွင် သင်ခန်းစာများ ရေးခြင်း၊ ဖတ်ခြင်း၊ ပြောခြင်း၊ နားထောင်ခြင်းနှင့် နှုတ်ဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့် ဆက်သွယ်ပြောဆိုခြင်း စသည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာမည်။

- လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking and Problem Solving) - ဖြေရှင်းရန် စိတ်ဝင်စားဖွယ် ပြဿနာများ၏ အဖြေများကို ရှာဖွေခြင်းနှင့် တင်ပြခြင်း၊ အမှားများကို ရှာဖွေခြင်းနှင့် ပြုပြင်ခြင်းတို့ ပြုလုပ်ရလိမ့်မည်။

- တီထွင်ဖန်တီးခြင်း (Creativity and Innovation) - ဘောင်ခတ်ထားသည့် အခြေအနေထဲမှ ထွက်၍ တွေးခေါ်ခြင်းသည် အရေးပါသော ၂၁ ရာစု ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ အတွေးအခေါ်သစ်များရရှိရန်၊ နည်းလမ်းသစ်များဖြင့် ပြဿနာများဖြေရှင်းရန် ကျောင်းသားများကို အားပေးလိမ့်မည်။

- နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) - နိုင်ငံသားကောင်းဖြစ်စေရန် ကျောင်းလူမှုအဖွဲ့အစည်းတွင်တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်း၊ သဘောထားကွဲလွဲမှုဖြေရှင်းခြင်း စသည်တို့ကို လေ့ကျင့်သင်ယူရမည်။

DBE BOX - Copyright Protected

## စာသင်နှစ်အဆုံးတွင် သိရှိသွားပြီး လုပ်ဆောင်နိုင်မည့် ရလဒ်များ

ဒသမတန်း သမိုင်းဘာသာရပ် ကျောင်းသုံးစာအုပ်ကို သင်ယူပြီးသောအခါ ကျောင်းသားများသည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။

**မြန်မာ့သမိုင်း**

အခန်း(၁) မြန်မာနိုင်ငံ၏ ရှေးဦးမြို့ပြနိုင်ငံများတွင် ထွန်းကားခဲ့သော ယဉ်ကျေးမှုအဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုများကို သိရှိနားလည်နိုင်မည်။

အခန်း(၂) ပုဂံခေတ်၏ နောက်ခံသမိုင်း၊ စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် ပုဂံခေတ် ယဉ်ကျေးမှုအနုပညာလက်ရာများကို ဝေဖန်ဆန်းစစ်တတ်နိုင်မည်။

အခန်း(၃) မြန်မာနိုင်ငံအလယ်ခေတ်၏ ယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို ဆွေးနွေးတတ်နိုင်မည်။

အခန်း(၄) ရတနာပုံခေတ် ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၏ ဗိသုကာအနုပညာလက်ရာအဆင့်အတန်းများကို သိရှိနားလည်နိုင်မည်။

**ကမ္ဘာ့သမိုင်း**

အခန်း(၅) ခေတ်ဦး၊ ခေတ်လယ်၊ အိန္ဒိယယဉ်ကျေးမှု ပြောင်းလဲတိုးတက်လာပုံများကို ဆန်းစစ်ဝေဖန်နိုင်မည်။

အခန်း(၆) ခေတ်ဦးနှင့် ခေတ်လယ် အရှေ့တောင်အာရှဒေသ၌ ထွန်းကားခဲ့သော မင်းနိုင်ငံများ၏ နောက်ခံသမိုင်းနှင့် ထင်ရှားသည့် သာသနိကအဆောက်အအုံများ၏ အနုပညာဗိသုကာ အဆင့်အတန်းကို သိရှိနားလည်နိုင်မည်။

DBE BOX - Copyright Protected

ဤကျောင်းသုံးစာအုပ်တွင် ကျောင်းသားများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးမည့် အောက်ပါကဲ့သို့သော သင်္ကေတများ (icons) ကိုတွေ့ရလိမ့်မည်။

| | |
|---|---|
| ဖတ်ပါ | အိုင်စီတီ/ အင်တာနက်ချိတ်ပါ |
| ရေးပါ | သူငယ်ချင်းတွေကို ပြောပြပါ |
| နားထောင်ပါ | ဆွေးနွေးပါ |
| စဉ်းစားပါ | ရွေးချယ်နိုင်သောသင်ခန်းစာ/လေ့ကျင့်ခန်း |
| စဉ်းစားပြီးရေးပါ | အိမ်စာ |
| ရှာဖွေပါ | နှိုင်းယှဉ်ပါ/ယှဉ်တွဲပါ |

အောက်ပါကဲ့သို့ လေးထောင့်ကွက်များကလည်း ကျောင်းသားများ၏ လေ့လာသင်ယူမှုများကို ကူညီလမ်းညွှန်ပေးလိမ့်မည်။

| အဓိကအချက်များ | သင်သိခဲ့သောအချက်များ | အံ့သြဖွယ်အချက်များ | အကြံပြုချက်များ |
|---|---|---|---|
| • ... | • ... | • ... | • ... |
| • ... | • ... | • ... | • ... |

DBE BOX - Copyright Protected

# အခန်း(၁)

## ရှေးဦးယဉ်ကျေးမှုအမွေအနှစ်

**နိဒါန်း**

- ဤအခန်းတွင် မြန်မာနိုင်ငံ၏ ရှေးဦးမြို့ပြနိုင်ငံများဖြစ်သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ ဝေသာလီနှင့် သုဝဏ္ဏဘူမိတို့တွင် ထွန်းကားခဲ့သော ယဉ်ကျေးမှုအဆင့်ဆင့် တိုးတက် ပြောင်းလဲလာမှုများကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

- ရှေးဦးမြို့ပြနိုင်ငံများဖြစ်သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော၊ ဝေသာလီနှင့် သုဝဏ္ဏဘူမိမြို့ပြနိုင်ငံများအကြောင်းကို ဆဋ္ဌမတန်းသင်ခန်းစာ၏ မြို့များပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း ခေါင်းစဉ်အောက်တွင် သိရှိခဲ့ပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။**

- ရှေးဦးမြို့ပြနိုင်ငံများ၏ ယဉ်ကျေးမှုအဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုများကို ယခင်သင်ကြားခဲ့ပြီးသော ဆဋ္ဌမတန်းသင်ခန်းစာမှ မြို့များပေါ်ပေါက်လာခြင်းနှင့် နှိုင်းယှဉ်လေ့လာနိုင်မည်။
- ရှေးဦးမြို့ပြနိုင်ငံများတွင် ပေါ်ထွန်းခဲ့သော မြို့ပြတည်ဆောက်မှုပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ စီးပွားရေးအခြေအနေနှင့် အနုပညာလက်ရာအဆင့်အတန်းတို့ကို သိရှိနားလည်နိုင်မည်။

DBE BOX - Copyright Protected

### ၁.၁။ ပျူမြို့များ

#### ၁.၁.၁။ ဗိဿနိုး

ဗိဿနိုးမြို့ဟောင်းသည် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့အနောက်ဘက် ၁၁ မိုင်အကွာရှိ ကုက္ကိုခွရွာ၏မြောက်ဘက်တွင် တည်ရှိသည်။ ဗိဿနိုးမြို့သည် အေဒီ ၁ ရာစုမှ အေဒီ ၄ ရာစုအထိ ထွန်းကားခဲ့သောပျူမြို့ပြနိုင်ငံဖြစ်သည်။ ထိုမြို့သည် လေးထောင့်မကျတကျ ပုံသဏ္ဌာန်ဖြစ်ပြီး ဧကနှစ်ထောင်ကျော်မျှ ကျယ်ဝန်းသည်။ မြို့ကို ထုထည်ကြီးမားသောအုတ်မြို့ရိုးဖြင့် ကာရံထားပြီး တံခါးနှစ်ထပ်တပ်ဆင်ထားသည်။ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် မြို့ရိုးများဖြင့်ကာရံထားပြီး အနောက်ဘက်တွင် အင်းကြီးနှင့် ကြိုးကြာကန်တို့က သဘာဝခံတပ်များသဖွယ် မြို့ကိုကာရံထားလျက်ရှိသည်။ မြို့ရိုး၏အပြင်ဘက်တွင် ကျုံးရှိသည်။ အုပ်ချုပ်သူအကြီးအကဲ နေထိုင်ရန် နန်းတော်ကုန်းသည် မြို့အလယ်ဗဟို၏ မြောက်ဘက်နေရာတွင်တည်ရှိသည်။


ဗိဿနိုးမြို့၏ဧရိယာမှာ ၃. ၃ စတုရန်းမိုင်ခန့်ရှိသည်။ မြို့ရိုးအတွင်းအလယ်ပိုင်းရှိ နန်းတော်ရာကိုပတ်၍ နန်းမြို့ရိုးတစ်ထပ် ကာရံထားလျက်ရှိသည်ကို တွေ့နိုင်သည်။



**ပုံ(၁) ဗိဿနိုးမြို့အဝင်မုခ်ဦး**

ဗိဿနိုးမြို့သည် ယင်းချောင်းလွင်ပြင်တွင် တည်ရှိသည်။ နေထိုင်ကြသူများသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ မြို့၏အရှေ့ဘက်ပိုင်းကို စိုက်ပျိုးရေးအတွက် တံတိုင်းဖြင့်ကာရံကာ သီးသန့်ထားရှိသည်။ မြို့၏တည်နေရာသည် မိုးနည်းရေရှားရပ်ဝန်းဒေသဖြစ်သောကြောင့် စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာရရှိရန် ပဲခူးရိုးမမှစီးဆင်းလာသော ချောင်းများကို ဆည်မြောင်းများဖြင့်လည်းကောင်း၊ တာတမံဖို့၍လည်းကောင်း သွယ်ယူကြရသည်။ မြို့မျက်နှာပြင်အနေဖြင့် မြို့ရိုးတွင်း ကုန်းမြေသည် အရှေ့မှအနောက်သို့ အတန်ငယ်လျှောဆင်းနေသည်မှအပ ပြန့်ပြူးညီညာလျက်ရှိသည်။ ဗိဿနိုးမြို့ပတ်ဝန်းကျင်ရှိ ရေကန်ကြီးများ၊ အင်းကြီးများ၊ ချောင်းမြောင်းတို့မှ လိုအပ်သောရေကို ဖန်တီးယူကြသည်။ ဗိဿနိုးမြို့အရှေ့မြောက်ဘက်တွင် ရွှေရောင်တော်အင်း၊ အနောက်ဘက်တွင် အင်းကြီး၊ ကြိုးကြာကန်တို့ တည်ရှိသည်။ သောက်သုံးရေအတွက်သာမက ရေကျိုးသဖွယ် ကာကွယ်ရေးအတွက်ပါ အားထားရသည်။ ရန်ပယ်ချောင်းမှာလည်း ပတ်ဝန်းကျင်ဒေသ စိုက်ပျိုးရေးအတွက် ရေပေးနိုင်သည်။ ရန်ပယ်ချောင်းသည် ကုက္ကိုခွရွာ၏တောင်ဘက်တွင် အရှေ့မှအနောက်သို့စီးဆင်း၍ အနောက်တောင်ထောင့်တွင် မြောက်သို့ကွေ့ကာ အနောက်ဘက် ယင်းချောင်းဆီသို့ ဆက်လက်စီးဆင်းသည်။ ဗိဿနိုးမြို့အား ရန်ပယ်ချောင်းထက် ပိုမိုအကျိုးပြုသော ယင်းချောင်းသည် ဧရာဝတီမြစ်ဝှမ်းသို့မစီးဝင်မီ ယင်းချောင်းလွင်ပြင်ကို ဖြစ်ပေါ်စေသည်။ ယင်းချောင်းလွင်ပြင်သည် မြေဩဇာကောင်းမွန်ကာ စိုက်ပျိုးရေးဖြစ်ထွန်းပြီး ဗိဿနိုး၏ ကျောထောက်နောက်ခံနယ်ဟု ဆိုနိုင်သည်။

DBE BOX - Copyright Protected




**ပုံ(၂) ဗိဿနိုးမြို့ဟောင်းပြမြေပုံ**

DBE BOX - Copyright Protected



**ပုံ(၃) ဗိဿနိုးဒင်္ဂါး**

ဗိဿနိုးပျူတို့၏ အဓိက အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ စိုက်ပျိုးရေး အပြင် အခြားအသက်မွေးမှုလုပ်ငန်း များလည်းရှိသည်။ ကုန်သွယ်ရေးလုပ် ကိုင်သူများရှိသည်။ ၎င်းအထောက် အထားအဖြစ် အရောင်းအဝယ်နှင့် သက်ဆိုင်သည်ဟုယူဆရသော ကြေး ခြင်္သေ့အလေးများ၊ ကြေးဟင်္သာအလေးများ၊ ခဲဖြင့်လုပ်ထားသော ထိပ်ချွန်ပြတ်အလေးနှင့် အမှတ်လက္ခဏာများပါသော ငွေပြားဝိုင်း သို့မဟုတ် ဒင်္ဂါးအလေးများကို တွေ့ရသည်။ ရောင်းဝယ်ရာတွင် ဒင်္ဂါးများကို အသုံးပြုခဲ့သည်။ ဒင်္ဂါးများတွင် ကျပ်ပြားဝိုင်းခန့်မှ မတ်ဝိုင်းခန့်ဟူ၍ အရွယ်နှစ်မျိုး

တွေ့ရသည်။ အခြားစီးပွားရေးလုပ်ငန်းတစ်ခုမှာ အထည်ရက်လုပ်ငန်းဖြစ်သည်။ အိုးခြမ်းပဲ့များ၊ အိုးအဟောင်းများ၏ အတွင်းသားတွင် ထင်ကျန်ရစ်သော အဝတ်စအရာများကို တွေ့ရသည်။ ထို့ကြောင့် ရက်ကန်းလုပ်ငန်းနှင့် အသက်မွေးသူများရှိသည်။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကြီးမားသောအုတ်ချပ်ကြီးများကို အသုံးပြုသည်။ အုတ်ချပ်ကြီးများမှာ အလျား ၁၈ လက်မ၊ အနံ ၉ လက်မ၊ ဒု ၃ လက်မအရွယ်ရှိကြသည်။ လေနှင့် အလင်းရောင် ကောင်းစွာရရှိစေရန် ပြတင်းပေါက်များကို ဖောက်ထားသည်။ အခန်းများဖွဲ့ထားသည်။ အုတ်ကို မြေနီသရွတ်ဖြင့်စီပြီး ထိုအုတ်များဖြင့် ထုထည်ကြီးမားသောနံရံများပြုလုပ်ကြသည်။ နံရံများကို အင်္ဂတေမွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးခြယ်ခြင်းတို့ကို ပြုလုပ်သည်။ တံခါးပေါင်နှင့် မင်းတုပ်များကို သစ်သားဖြင့်ပြုလုပ်ကြသည်။ အဆောက်အအုံများတွင် လှေကားရှိသည်။ အုတ်ကြမ်းခင်း၊ အင်္ဂတေကြမ်းခင်းများ သုံးသည်။ တူးဖော်တွေ့ရသော အုတ်တိုက်အဆောက်အအုံများသည် ဗိဿနိုး၏ ခံ့ညားထည်ဝါမှုကို ပြသနေသည်။



**ပုံ(၄) ဗိဿနိုးမြို့ရှိလူနေအုတ်တိုက်ကြီး**


ဗိဿနိုးမြို့မှ တူးဖော်တွေ့ရှိရသော သံထည်ပစ္စည်းများအရ ပန်းပဲလုပ်ငန်းလည်း လုပ်ကိုင်ကြကြောင်းသိရသည်။ လူနေအုတ်တိုက်ကြီးတစ်ခုတည်းအတွင်းမှာ စုစုပေါင်း ပေါင် ၅၀၀ ခန့် လေးသော သံထည်ပစ္စည်းမျိုးစုံကို တူးဖော်တွေ့ရခြင်းဖြင့် ဗိဿနိုးမြို့မှ ပန်းပဲလုပ်ငန်းပမာဏ ကြီးမားကြောင်း သိရှိနိုင်သည်။ ကျောက်ဆစ်လုပ်ငန်း၊ ကြေးသွန်းလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ ပန်းပုလုပ်ငန်း ရှိခဲ့ကြောင်းကို တူးဖော်တွေ့ရှိရသည့် အထောက်အထားများအရ သိရသည်။ လူနေအိမ်အဆောက်အအုံနံရံတွင် ထုံးဖြူသုတ် ဆေးဝါခြယ်ကာ သန့်ရှင်းလှပစွာနေထိုင်ခဲ့ကြသည်။ အိုးများပေါ်တွင် ဆေးရောင်စုံခြယ်၍ အဆင်အကွက်အရုပ်များ ရေးဆွဲထားခဲ့သည်။ ထို့ကြောင့် ယဉ်ကျေးသော လူမှုအဖွဲ့အစည်းတစ်ရပ် ထွန်းကားခဲ့သည်ဟု ဆိုနိုင်သည်။



DBE BOX - Copyright Protected

ဗိဿနိုးတွင် ကိုယ်ပိုင်ယဉ်ကျေးမှု ရှိနေသော်လည်း ရိုးရာယုံကြည်မှုများအပြင် အိန္ဒိယမှ ဗြာဟ္မဏဝါဒနှင့် ဗုဒ္ဓသာသနာရောက်ရှိနေပြီဖြစ်သည်။ ဆင်းတုရုပ်ပွားတော်များ မတွေ့ရပေ။ အုတ်ဖြင့်တည်ဆောက်ထားသော မြေစိုက်စေတီတစ်ဆူကို တူးဖော်တွေ့ရှိရသည်။ အေဒီ ၂ ရာစုခန့်က အိန္ဒိယတောင်ပိုင်းတွင် တွေ့ရှိရသော ဗြာဟ္မဏအက္ခရာပါ ကျောက်တံဆိပ်တုံးတစ်ခုကို ဗိဿနိုးတွင်တွေ့ရသည်။

ဗိဿနိုးပျူများသည် အသက်မွေးဝမ်းကျောင်းအဖြစ် လယ်ယာထွန်ယက် စပါးစိုက်ပျိုးသူများ၊ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများ၊ ရက်ကန်းရက်သူများ၊ ပန်းထိမ်ပညာရှင်များ၊ ပန်းရန်များ၊ အိုးထိန်းသည်များအဖြစ် လုပ်ကိုင်ကြသည်။ အိုးကို အိုးထိန်းစက်ဖြင့် ပြုလုပ်သည်။ ရေထည့်ရန်၊ ရိက္ခာသိုလှောင်ရန်နှင့် ချက်ပြုတ်ရန်အိုးများ၊ အင်တုံများနှင့် နှုတ်သီးပါသောအိုးများ၊ လည်တံရှည်အိုးများကို ပြုလုပ်ကြသည်။ အိုးလုပ်ငန်းသည် အဆင့်အတန်းမြင့်၍ လှပသောအိုးများကို ထုတ်လုပ်နိုင်သည်။ အိုးသားမာကျစ်၍ ဆေးရောင်များခြယ်ကာ လှပစွာမွမ်းမံထားသည်။ ရုပ်ကြွ အပြောက်အမွမ်း အဖုအထစ်များဖြင့် တင့်တယ်လှပစွာ ပြုလုပ်ထားသည်။



**ပုံ(၅) ဗိဿနိုးမြို့မှတူးဖော်တွေ့ရှိရသောအိုးများ**

DBE BOX - Copyright Protected

အမျိုးသမီးများအတွက် အလှအပတန်ဆာဆင်ရာတွင် အသုံးပြုသောပစ္စည်းများကို တွေ့ရှိရသည်။ လည်ဆွဲတန်ဆာအဖြစ် အပေါက်ပါသော ငွေပြားဝိုင်းငယ်များ၊ မဟူရာ၊ ဂေါ်မိတ်၊ ကျောက်သလင်း၊ ပယင်း၊ ချက်ကျောက်တို့ဖြင့် ပြုလုပ်ထားသောပုတီးစေ့များကို ဝတ်ဆင်ကြသည်။ ပုတီးစေ့များမှာ ပုံစံအားဖြင့် အဝိုင်း၊ အလုံး၊ လေးမြှောင့်၊ ခြောက်မြှောင့်၊ အရှည်၊ နှစ်ဖက်ခုံး၊ ကွမ်းသီးပုံ၊ ကြက်ဥပုံစသည်ဖြင့် ပုံစံမျိုးစုံလုပ်ထားသောပုတီးများကို ဝတ်ဆင်ခဲ့ကြသည်။ မြေနှင့်ကြေးတို့ဖြင့် ပြုလုပ်ထားသော လက်ကောက်၊ နားတောင်း၊ အရိုး သို့မဟုတ် ဆင်စွယ်ဖြင့် ပြုလုပ်ထားသောဆံထိုးတို့ကို အသုံးပြုခဲ့သည်။

ဗိဿနိုးပျူတို့သည် လူသေလျှင် မီးရှို့ကာ ပြာများ၊ အရိုးများကို အိုးတွင်ထည့်၍ မြေမြှုပ်ခြင်း ဓလေ့ရှိသည်။ အရိုးအိုးများကို မြို့ပြင်သာမဟုတ် မြို့တွင်းအဆောက်အအုံကြီးများ၏ အတွင်းအပြင်တို့၌လည်း မြှုပ်နှံကြသည်။ ဗိဿနိုးမြို့သည် အေဒီ ၄ ရာစုနှင့် ၅ ရာစုကြားတွင် ရန်သူများ လာရောက်တိုက်ခိုက်သဖြင့် မီးလောင်ပျက်စီးသွားသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ယူနက်စကို (UNESCO) အဖွဲ့က ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။



ပုံ(၆) အရိုးအိုးများ

DBE BOX Copyright Protected

**အဓိကအချက်များ**

- ဗိဿနိုးမြို့သည် အေဒီ ၁ ရာစု မှ အေဒီ ၄ ရာစုအထိ ထွန်းကားခဲ့ခြင်း။
- လေးထောင့်မကျတကျပုံသဏ္ဌာန်ဖြစ်ပြီး ဧကနှစ်ထောင်ကျော်မျှကျယ်ဝန်းခြင်း။
- ထုထည်ကြီးမားသော အုတ်မြို့ရိုးဖြင့် ကာရံထားပြီး တံခါးနှစ်ထပ်တပ်ဆင်ထားခြင်း။
- ဗိဿနိုးပျူတို့၏ အဓိကအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ခြင်း။
- အခြားအသက်မွေးမှုလုပ်ငန်းများလည်း ရှိခြင်း။
- အရောင်းအဝယ်နှင့်သက်ဆိုင်သည်ဟု ယူဆရသော အလေးများ၊ အမှတ်လက္ခဏာများပါသော ငွေပြားဝိုင်း သို့မဟုတ် ဒင်္ဂါးများကို တွေ့ရခြင်း။
- အုတ်တိုက်အဆောက်အအုံများကို ဆောက်လုပ်ခဲ့ကြခြင်း။
- ပန်းပဲလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ကြေးသွန်းလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်း၊ ပန်းပုရုပ်လုံး ရုပ်ကြွလုပ်ငန်း ရှိခဲ့ခြင်း။
- အိုးလုပ်ငန်းသည် အဆင့်အတန်းမြင့်ကာ လှပစွာထုတ်လုပ်နိုင်ခြင်း။
- ဗိဿနိုးပျူအမျိုးသမီးတို့သည် ပုတီးလည်ဆွဲ၊ လက်ကောက်၊ နားတောင်း၊ ဆံထိုးများဖြင့် လှပစွာ တန်ဆာဆင်ယင်တတ်ခြင်း။
- သေသူကိုမီးသင်္ဂြိုဟ်ပြီး အရိုးနှင့် ပြာများကို အိုးဖြင့်ထည့်၍ မြှုပ်နှံသောဓလေ့ရှိခြင်း။

### လေ့ကျင့်ရန်မေးခွန်းများ

၁။ အေဒီ ၁ ရာစုမှ အေဒီ ၄ ရာစုအထိ ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံ၏ ယဉ်ကျေးမှုကို အကဲဖြတ်ပါ။

၂။ ဗိသုကာနိုးရှိ ပျူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆန်းစစ်ပါ။

## ၁.၁.၂။ သရေခေတ္တရာ


ပျူတို့၏မြို့တော်ဖြစ်သော သရေခေတ္တရာသည် အေဒီ ၃ ရာစုခန့်ကပင် တည်ရှိခဲ့သည်။ သရေခေတ္တရာသည် ပြည်မြို့၏အရှေ့တောင်ဘက် ငါးမိုင်အကွာ မှော်ဇာအနီး တည်ရှိသည်။ သရေခေတ္တရာသည် ဧရာဝတီမြစ်နှင့် နီးကပ်စွာတည်ရှိပြီး မြို့၏ပုံသဏ္ဌာန်မှာ စက်ဝိုင်းပုံမကျတကျ ဖြစ်သည်။ မြို့၏အကျယ်အဝန်းမှာ ဧရိယာ ၅.၅ စတုရန်းမိုင် ရှိသည်။ မြို့ကိုဝန်းရံထားသော မြို့ရိုးသည် ၈ မိုင် ၅ ဖာလုံ ရှည်လျားသည်။ မြို့၏အလယ်တွင် အုပ်ချုပ်သူဘုရင်နေထိုင်ရန် နန်းတော်ကုန်းရှိသည်။ မြို့ရိုးမှာ ခိုင်ခံ့သောအုတ်မြို့ရိုးဖြစ်ပြီး အချို့နေရာများတွင် မြို့ရိုးနှစ်ထပ်၊ သုံးထပ်ကာရံထားသည်။ မြို့၏အရှေ့မြောက်ဘက်တွင် ပင်လယ်ဟုခေါ်သော အင်းကြီးရှိသည်။ အခြားဘက်များတွင် ကျုံးဖြင့်ကာရံထားသည်။ မြို့၏အနောက်တောင်ပိုင်းမှာ အမြင့်ပိုင်းဖြစ်၍ ထိုအပိုင်းတွင် နန်းတော်၊ လူနေအိမ်ခြေနှင့် သာသနာရေးအဆောက်အအုံများ ရှိသည်။ အရှေ့မြောက်ဘက်အပိုင်းမှာ အနိမ့်ပိုင်းဖြစ်၍ လယ်ယာစိုက်ပျိုးရန် သီးသန့်ထားသည်။ မြို့တွင်း၌ သောက်ရေကန်များ၊ ရေတွင်း၊ ရေနုတ်မြောင်းများရှိပြီး ရေနှင့်စားနပ်ရိက္ခာအတွက် မြို့တွင်းမှာပင် ဖူလုံလျက်ရှိသည်။ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသကဲ့သို့ ကျွဲ၊ နွားတို့ကို မွေးမြူ၍ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်းကောင်း၊ အသားစားရန်အတွက်လည်းကောင်း မွေးမြူကြသည်။

ခေတ်ပြိုင်တရုတ်မှတ်တမ်းများအရ သရေခေတ္တရာသည် အင်ဒိုနီးရှား၊ ဂျာဗား၊ စုမတြားနှင့် ဘာလီကျွန်း၊ မလေးကျွန်းဆွယ်၊ အိန္ဒိယနိုင်ငံ မြောက်ပိုင်း၊ တောင်ပိုင်းတို့နှင့်လည်းကောင်း၊ ယူနန်နယ်မှတစ်ဆင့် တရုတ်ပြည်နှင့်လည်းကောင်း ဆက်သွယ်ခဲ့ကြသည်။ သရေခေတ္တရာမှ တရုတ်ပြည်သို့ အေဒီ ၈၀၀ နှင့် ၈၀၂ တို့တွင် ချစ်ကြည်ရေးသံအဖွဲ့များ စေလွှတ်ခဲ့သည်။

သရေခေတ္တရာတွင် ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဝါဒများ ထွန်းကားခဲ့သည်။ ဗြာဟ္မဏဝါဒဆိုင်ရာ ဗိသုနိုးနတ်ရုပ်များနှင့် အထိမ်းအမှတ်ပစ္စည်းများ တွေ့ရသည်။ ဗုဒ္ဓဘာသာတွင် ရှေးဦးစွာ မဟာယာနဗုဒ္ဓဘာသာရောက်ရှိလာပြီးနောက်ပိုင်းတွင် ထေရဝါဒဗုဒ္ဓဘာသာ ရောက်ရှိလာခဲ့သည်။ ဘုရားလောင်းရုပ်ကြွများနှင့် ယေဓမ္မာဟေတုပ္ပဝါ အစချီသော ဂါထာရေးထိုးထားသော မြေပုံဘုရားများ တွေ့ရှိရသည်။ သရေခေတ္တရာတွင် စေတီများ၊ ဂူဘုရားများအပြင် ဗုဒ္ဓရုပ်ကြွများကို အများအပြား တွေ့ရသည်။ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာစသည့်စေတီများ၊ အရှေ့ဈေးဂူ၊


DBE BOX - Copyright Protected

အနောက်ဈေးဂူ၊ ဘဲဘဲ၊ လေးမျက်နှာ၊ ရဟန္တာဂူစသည့် ဂူဘုရားများရှိသည်။ အဆိုပါ စေတီဂူဘုရားများသည် ပုဂံခေတ်ဘုရားများ၏ မူရင်းလက်ရာပုံစံများ ဖြစ်သည်။





DBE BOX - Copyright Protected

**ပုံ(၇) သရေခေတ္တရာမြို့ဟောင်းပြမြေပုံ**



**ပုံ(၈) ဘောဘောကြီးဘုရား**



**ပုံ(၉) ဘဲဘဲကြီးဘုရား**

သရေခေတ္တရာမြို့နေပျူတို့သည် စေတီနှင့် ဗုဒ္ဓဆင်းတုအကြီးအသေးမျိုးစုံကို အုတ်၊ ကျောက်၊ ငွေ၊ မြေ စသည်တို့ဖြင့် တည်ဆောက်ကိုးကွယ်ခဲ့ကြသည်။ ပိဋကတ်တော်မှ ကောက်နုတ်ချက်များကို ကျောက်ပေါ်တွင်လည်းကောင်း၊ အုတ်ခွက်များတွင်လည်းကောင်း၊ ရွှေပေလွှာပေါ်တွင်လည်းကောင်း ရေးထိုးထားကြသည်။ ဗုဒ္ဓသာသနာအလေ့အကျင့်များသာမက စာပေပိဋကတ်များပါ ပျူလူထုအတွင်း ပျံ့နှံ့နေပြီဖြစ်သည်။ မြို့ဝင်ပေါက်များတွင် အန္တရာယ်ကင်း ဂါထာများ ရေးထိုးထားသော ကျောက်တိုင်များရှိသည်။ ကျောက်ပြား၊ ကျောက်တိုင်များပေါ်တွင် ပျူစာ၊ ပါဠိစာနှင့် သက္ကတစာများကို ရေးထိုးထားသည်။ သရေခေတ္တရာပျူတို့သည် မူလက ကိုယ်ပိုင်စာပေအက္ခရာ မရှိပေ။ နောက်ပိုင်းတွင် အိန္ဒိယပြည်တောင်ပိုင်းရှိ မြို့ကြီးများနှင့် ဆက်သွယ်မိပြီး ပျူစာပေကို တီထွင်လာကြသည်။ ထို့ကြောင့် အေဒီ ၅ ရာစုခန့်တွင် ပျူစာပေ ပေါ်ပေါက်လာသည်။

သရေခေတ္တရာတွင် တူးဖော်တွေ့ရှိရသော ဗုဒ္ဓဆင်းတုတော်များ၊ ဗိဿနိုးရုပ်တုများ၊ ကျောက်ပလ္လင်များ၊ ကျောက်ခြသေ့်ရုပ်၊ နတ်ရုပ်၊ ကျောက်အရိုးအိုးများကို ကြည့်ခြင်းဖြင့် သရေခေတ္တရာပျူများသည် ပန်းတမော့ပညာ ကျွမ်းကျင်သူများဖြစ်ကြောင်း သိနိုင်သည်။ သံကိုလည်း နိုင်နင်းစွာ လုပ်ကိုင်နိုင်ပြီး သံချောင်း၊ သံချိတ်၊ ဓား၊ လှံများကို ပြုလုပ်ခဲ့ကြသည်။ ကြေးဖြင့် ဗုဒ္ဓဆင်းတုတော်များ၊ အလှုပြင်ရာတွင်သုံးသည့် ကြေးမုံ၊ ကြေးဖလား၊ ကြေးလင်ပန်း၊ ကြေးအရိုးအိုး၊ ကြေးခေါင်းလောင်းစသည့်ပစ္စည်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။ ထင်ရှားသော ကြေးသွန်းလက်ရာမှာ ကခုန်တီးမှုတ်နေသော ပျူကြေးရုပ်ငါးရုပ်ဖြစ်သည်။ ပန်းထိမ်လုပ်ငန်းတွင် ကျွမ်းကျင်သူများဖြစ်၍ ရွှေဆင်းတု၊ ရွှေခေါင်းလောင်း၊ ရွှေပုတီးလုံးနှင့် လက်စွပ်များကို လက်ရာမြောက်စွာပြုလုပ်နိုင်

ခဲ့ကြသည်။ ငွေဖြင့် ဆင်းတု၊ ထူပါငယ်၊ ကြာပန်း၊ ခြင်းလုံး၊ လင်ပန်းနှင့် ငွေကြုတ်အမျိုးမျိုးတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။



**ပုံ(၁၀) ကခုန်တီးမှုတ်နေသောပျူကြေးရုပ်ငါးရုပ်**




**ပုံ(၁၁) လက်ဝတ်ရတနာများနှင့် ရွှေပေလွှာ**

သရေခေတ္တရာပျူတို့သည် ကျောက်သွေးပညာ၌ ကျွမ်းကျင်ကြသည်။ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ မဟူရာ၊ သလင်း စသော ကျောက်များဖြင့် လက်ဝတ်ရတနာများပြုလုပ်သည်။ ကျောက်စိမ်းပုတီးများမှာ ချောမွေ့ညီညာ တောက်ပြောင်စွာ အရောင်တင်ထားသည်။ ကျောက်စိမ်းလက်စွပ်၊ မြလက်စွပ်၊ ပတ္တမြားလက်စွပ်များလည်း ပြုလုပ်ခဲ့ကြသည်။

မြေမီးဖုတ် အနုပညာတွင် ရွှံ့စေးကို ပုံစံသွင်းမီးဖုတ်ပြီး အုတ်ခွက်ဘုရားများပြုလုပ်ကြသည်။ ဘုရားဌာပနာတိုက် အတွင်းနံရံတွင် တန်ဆာဆင်ရန် ပန်းခက်၊ ပန်းနွယ်များ၊ ပန်းပွင့်နှင့် သစ်သီးများ၊ တိရစ္ဆာန်ပုံများ စသည့် မြေမီးဖုတ်ပစ္စည်းများကိုလည်း သဘာဝကျစွာပြုလုပ်နိုင်ကြသည်။ မြေအိုး၊ မြေခွက်များကိုလည်း ပုံစံအမျိုးမျိုးဖြင့် အဆင့်အတန်းမြင့်စွာ ပြုလုပ်ခဲ့ကြသည်။ သရေခေတ္တရာတွင် သဘင်ပညာလည်း ထွန်းကားခဲ့သည်။ အေဒီ ၈၀၀ နှင့် ၈၀၂ တွင် တရုတ်ပြည်သို့ သွားသော ပျူသံအဖွဲ့တွင် သဘင်ပညာသည်များပါဝင်ကြောင်း၊ သံစုံတူရိယာ ၂၂ မျိုးဖြင့် တီးမှုတ်ဖျော်ဖြေကြောင်း တရုတ်မှတ်တမ်းများတွင် ဖော်ပြထားသည်။

DRE BOX - Copyright Protected

သရေခေတ္တရာတွင် ကုန်သွယ်ရေးနှင့် ယုံကြည်ကိုးကွယ်မှုအတွက် အသုံးပြုသော ငွေဒင်္ဂါးများစွာ တွေ့ရှိရသည်။ သို့သော် ဒင်္ဂါးတွင် ဖော်ပြထားသော အမှတ်လက္ခဏာများသည် တစ်ပုံစံတည်း မဟုတ်ဘဲ ပုံစံလေးမျိုးဖြင့် တွေ့ရသည်။



ပုံ(၁၂) ရုပ်ကြွဆင်းတု

သရေခေတ္တရာပျူတို့သည် သေဆုံးသူ၏ ရုပ်အလောင်းကို မီးရှို့ပြာချပြီးနောက် ပြာကို အိုးအတွင်းထည့်ပြီး မြှုပ်နှံကြသည်။ မင်းမိဖုရားနှင့် ဆွေတော်မျိုးတော်တို့၏ အရိုးပြာများကိုလည်း ကျောက်အရိုးအိုးများတွင် ထည့်သွင်းမြှုပ်နှံလေ့ရှိသည်။ အိုး၏ပတ်လည်တွင် ကမ္ပည်းစာများ ရေးထိုးထားသည်။ သာမန်လူများကိုမူ မြေအိုးတွင် ထည့်သွင်းမြှုပ်နှံလေ့ရှိသည်။ အရိုးအိုးများအတွင်း ပြာများနှင့်အတူ သေသူ၏ အသုံးအဆောင်၊ လက်စွပ်၊ ပုတီးစေ့ စသောပစ္စည်းများကို ထည့်သွင်းမြှုပ်နှံလေ့ရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ယူနက်စကို (UNESCO) အဖွဲ့က ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။



ပုံ(၁၃) သရေခေတ္တရာဒင်္ဂါး

DBE BOX - Copyright Protected

**အဓိကအချက်များ**

- သရေခေတ္တရာမြို့၏ ပုံသဏ္ဌာန်မှာ စက်ဝိုင်းပုံ မကျတကျဖြစ်ခြင်း။
- မြို့၏အကျယ်အဝန်းမှာ ဧရိယာ ၅. ၅ စတုရန်းမိုင်ရှိခြင်း။
- ဗုဒ္ဓဘာသာနှင့် ပြာဟ္မဏဝါဒများထွန်းကားခဲ့ခြင်း။
- စေတီများ၊ ဂူဘုရားများအပြင် ဗုဒ္ဓရုပ်ကြွများကိုလည်း တူးဖော်တွေ့ရှိရခြင်း။
- ပိဋကတ်တော်မှ ကောက်နုတ်ချက်များကို ကျောက်၊ အုတ်ခွက်၊ ရွှေပေလွှာတို့ပေါ်တွင် ရေးထိုးကြခြင်း။
- ကျောက်ပြား၊ ကျောက်တိုင်များပေါ်တွင် ပျူစာ၊ ပါဠိစာနှင့် သက္ကတစာများကို တွေ့ရခြင်း။

- သရေခေတ္တရာပျူများသည် ပန်းတမော့လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်းတို့တွင် ကျွမ်းကျင်သူများဖြစ်ကြခြင်း။
- အေဒီ ၈၀၀ နှင့် ၈၀၂ တွင် တရုတ်ပြည်သို့သွားသော ပျူသံအဖွဲ့တွင် သဘင်ပညာသည်များ ပါဝင်ပြီး သံစုံတူရိယာ ၂၂ မျိုးဖြင့် တီးမှုတ်ဖျော်ဖြေကြောင်း တရုတ်မှတ်တမ်းများအရ သိရှိရခြင်း။
- ငွေဒင်္ဂါးများစွာတွေ့ရှိရပြီး ပုံစံလေးမျိုးရှိခြင်း။
- သေဆုံးသူ၏ရုပ်အလောင်းကို မီးရှို့ပြာချပြီးနောက် အိုးအတွင်းထည့်ပြီး မြှုပ်နှံလေ့ရှိခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ပျူမြို့တော် သရေခေတ္တရာ၏ယဉ်ကျေးမှုကို ဆန်းစစ်ပါ။

၂။ သရေခေတ္တရာတွင်တွေ့ရှိရသော ပျူတို့၏ အနုပညာလက်ရာများအကြောင်း ဆွေးနွေးပါ။

DBE BOX - Copyright Protected

### ၁.၁.၃။ ဟန်လင်း

ဟန်လင်းသည် အေဒီ ၄ ရာစုခန့်တွင် စတင်ပေါ်ပေါက်၍ ၉ ရာစုအထိ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံဖြစ်သည်။ ဟန်လင်းမြို့ဟောင်းသည် စစ်ကိုင်းတိုင်း ဒေသကြီး၊ ဝက်လက်မြို့အနီး၊ မူးမြစ်နှင့် ဧရာဝတီမြစ်နှစ်သွယ်ကြားတွင် တည်ရှိသည်။ ဟန်လင်း သည် မူးမြစ်၊ ဧရာဝတီမြစ်တို့နှင့် နီးကပ်စွာတည်ရှိနေသဖြင့် ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်ခဲ့သည်။ ထို့ပြင် အိန္ဒိယမြောက်ပိုင်းသို့သွားသော ကုန်းလမ်းခရီးနှင့် ဆက်သွယ်နေသဖြင့် အိန္ဒိယနှင့် ကုန်သွယ်မှုရှိသည်။

ဟန်လင်းမြို့သည် အလျားရှည်သော စတုဂံမကျတကျပုံဖြစ်၍ ဗိဿနိုးမြို့လောက် မကျယ် ဝန်းပေ။ မြို့၏အလယ်တွင် နန်းတော်ကုန်းရှိသည်။ မြို့ကိုကာရံထားသော အုတ်မြို့ရိုးရှိပြီး မြို့၏ အရှေ့တောင်ဘက်မြို့ရိုးတွင် နဂါးရုံကန်ကြီးရှိသည်။ မြို့၏တောင်ဘက်တွင် ဟန်လင်းအင်း ရှိသည်။ နဂါးရုံကန်ကိုအမှီပြု၍ မြေနိမ့်လွင်ပြင်ကြီးတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြသည်။



ပုံ(၁၄) ဟန်လင်းဒင်္ဂါး

ဟန်လင်းမှ အိုးကွဲအမျိုးမျိုး၊ သံထည်ပစ္စည်းများ၊ ကျောက်လက်နက်များ၊ ဒင်္ဂါးများနှင့် ရွှေထည်ပစ္စည်းများ၊ ပုတီးစေ့မျိုးစုံနှင့် မြေထည်ပစ္စည်းအမျိုးမျိုးကို တွေ့ရ သည်။ အရေးပါသောလုပ်ငန်းမှာ ပန်းပဲလုပ်ငန်းဖြစ်သည်။ ကာကွယ်ရေးအတွက်သုံးရန် သံထည်ပစ္စည်းများဖြစ်

သော ဓားရှည်၊ ဓားမြှောင်၊ မြားခေါင်း၊ ရဲတင်းနှင့် ပုဆိန်သွား၊ ခက်ရင်းခွ၊ အဝေးပစ်သံလုံး၊ သံပြောင့် စသည်များအပြင် လူမှုရေးအတွက်သုံးသော သံကြိုး၊ သံချိတ်၊ ညှပ်၊ စူးနှင့် ဆောက်တို့ကို ပြုလုပ်ကြသည်။ အဆောက်အအုံဆောက်လုပ်ရေးတွင်သုံးသော ရိုက်သံအမျိုးမျိုးနှင့် မြို့တံခါးကြီးများ ပိတ်ဖွင့်ရာတွင် လွယ်ကူစေရန်သုံးသော သံဆုံလည်ကြီးများကိုလည်း ထုတ်လုပ်ခဲ့သည်။ ပန်းထိမ်လုပ်ငန်းလည်း ရှိသည်။




**ပုံ(၁၅) မြေထည်ပစ္စည်းအမျိုးမျိုး**

DBE BOX - Copyright Protected

မြို့ရိုးတည်ဆောက်၍ မြို့တံခါးဖောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းများတွင်လည်းကောင်း၊ နန်းတော်တည်ဆောက်ရာတွင်လည်းကောင်း ကျွမ်းကျင်သူများဖြစ်ကြသည်။ အုတ်ကိုအရွယ်အစား အမျိုးမျိုး အသုံးပြုသော်လည်း အများအားဖြင့် အလျား ၁၈ လက်မ၊ အနံ ၉ လက်မနှင့် ဒု ၃ လက်မ အရွယ်အုတ်ကို အများဆုံးအသုံးပြုကြသည်။ ရေလုံလောက်စွာရရှိရေးအတွက် နဂါးရုံကန်ကို တစ်ဖက်ဆည်ကန်အဖြစ် အသုံးပြုခဲ့သည်။

အခြားပျူမြို့များကဲ့သို့ပင် အိုးလုပ်ငန်းလည်းရှိသည်။ ဟန်လင်းမြို့ဟောင်းမှာ အိုးခြမ်းကွဲများ၊ အိုးအကောင်းများ၊ အိုးအကွဲများ အများအပြားတွေ့ရပြီး လက်ရာအဆင့်အတန်းမနိမ့်ပေ။ ရေတည် အိုးကြီးများ၊ ချက်ပြုတ်အိုးများ၊ မြေအင်တုံ၊ မြေပန်းကန်များကို ပြုလုပ်ကြသည်။

ဟန်လင်းနေပျူတို့သည် အလှအပမြတ်နိုးသူများဖြစ်ကြသည်။ မဟူရာနီ၊ မဟူရာနက်၊ ဖန်၊ ပယင်း၊ သလင်း၊ ကျောက်အရိုးစသည်များဖြင့် ပြုလုပ်ထားသော ပုတီးစေ့များ၊ ရွှေပုတီးစေ့များ၊ လည်တွင်ချိတ်ဆွဲသည့် ရွှေပြားဝိုင်းကလေးများ၊ ရဲတင်းသွားပုံ၊ စတုဂံပုံ၊ လေးထောင့်ခေါင်းပွ ရွှေဆွဲသီးများကို ပြုလုပ်သုံးစွဲခဲ့ကြသည်။ ကျောက်ပုတီးစေ့များ၊ မြေပုတီးစေ့များ လည်ဆွဲပြုလုပ်ဝတ်ဆင်ခဲ့ကြသည်။

မြေထည်ပစ္စည်းများတွင် ကလေးကစားစရာ မြေထည်ရုပ်ဒိုးများနှင့် မြေနွားရုပ်များရှိသည်။ ဗိုင်းငင့်ရာတွင်သုံးသော ဗူးတားကိုတွေ့ရသဖြင့် ဟန်လင်းတွင် ရက်ကန်းပညာထွန်းကားနေပြီဖြစ်ကြောင်းသိရှိနိုင်သည်။ ငွေဖလား၊ ငွေဒင်္ဂါး၊ ကြေးမုံနှင့် ကြေးချူများလည်း ပြုလုပ်သုံးစွဲခဲ့ကြသည်။

လူတို့သေလွန်သောအခါ လူသေကို မီးရှို့၍ အရိုးနှင့်ပြာကို အိုးအတွင်းထည့်ကာ မြှုပ်နှံလေ့ရှိသည်။ တစ်ခါတစ်ရံ လူသေအလောင်းအတိုင်း မြှုပ်နှံကြသည်။ လူသေများ မြှုပ်နှံရာတွင် သုံးသောအရိုးအိုးများမှာ ပုံစံမျိုးစုံရှိသည်။



ပုံ(၁၆) ဟန်လင်းတွင်တွေ့ရှိရသော ကျောက်ချပ်

အသက်မွေးဝမ်းကျောင်းမှုတွင် ဟန်လင်းပျူတို့သည် လယ်ယာထွန်ယက်၍ စပါးစိုက်သူများ၊ ဗိသုကာများ၊ ပန်းရန်များ၊ ပန်းပဲဆရာများ၊ ပန်းတဉ်းဆရာများ၊ လက်သမားများ၊ ကျောက်ဆစ်ဆရာများ၊ ပုတီးလက်ကောက်လုပ်သူများ၊ ရွှေငွေပန်းထိမ်ဆရာများ၊ အိုးထိန်းသည်များ ဖြစ်ကြသည်။ သက္ကတဘာသာဖြင့် ရေးထိုးထားသော ကျောက်စာချပ်များ၊ ပျူဘာသာဖြင့် ရေးထိုးထားသော ကျောက်စာများကို တွေ့ရသဖြင့် ဟန်လင်းပျူတို့သည် စာပေတတ်ကျွမ်းသူများ ဖြစ်ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ယူနက်စကို (UNESCO) အဖွဲ့က ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

DREBOX - Copyright Protected

**အဓိကအချက်များ**

- ဟန်လင်းမြို့ဟောင်းသည် ခရစ်နှစ် ၄ ရာစုခန့်မှ ၉ ရာစုအထိ မြန်မာနိုင်ငံအလယ်ပိုင်းတွင် ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံဖြစ်ခြင်း။
- တောင်နှင့် မြောက် အလျားရှည်သော စတုဂံမကျတကျ မြို့ပုံဖြစ်ခြင်း။
- ဟန်လင်းပျူတို့သည် စပါးစိုက်ပျိုးသူများဖြစ်ကြခြင်း။
- အိုးကွဲအမျိုးမျိုး၊ သံထည်ပစ္စည်းများ၊ ကျောက်လက်နက်များ၊ ဒင်္ဂါးများနှင့် ရွှေထည်ပစ္စည်းများ၊ ပုတီးစေ့မျိုးစုံနှင့် မြေထည်ပစ္စည်းအမျိုးမျိုးကိုတွေ့ရခြင်း။
- အိုးလုပ်ငန်းလည်းရှိပြီး ရေတည်အိုးကြီးများ၊ ချက်ပြုတ်အိုးများ၊ မြေအင်တုံ၊ မြေပန်းကန်များကို ပြုလုပ်ခဲ့ကြခြင်း။


- ပန်းရန်လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ပန်းတဉ်းလုပ်ငန်း၊ ကျောက်ဆစ်လုပ်ငန်း၊ ပုတီးလက်ကောက်ပြုလုပ်သောလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်းတို့ဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြုခဲ့ကြခြင်း။
- လူသေကိုမီးရှို့၍ အရိုးနှင့်ပြာကို အိုးအတွင်း မြှုပ်နှံလေ့ရှိခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ဟန်လင်းပျူတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို သင်မည်သို့ထင်မြင်ပါသနည်း။ ရှင်းလင်းရေးသားပါ။

၂။ ဟန်လင်းပျူတို့၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် သရေခေတ္တရာပျူတို့၏ ယဉ်ကျေးမှုအဆင့်အတန်းတို့ကို နှိုင်းယှဉ်ဝေဖန်ပါ။

## ၁.၁.၄။ ပင်လယ်မြို့ဟောင်း (မိုင်းမော)



**ပုံ(၁၇) ပင်လယ်မြို့ဟောင်း**

ပင်လယ်မြို့ဟောင်း (မိုင်းမော)သည် ရှေးဟောင်းပျူမြို့ပြနိုင်ငံဖြစ်ပြီး ဗိဿနိုးမြို့နှင့် ခေတ်ပြိုင် မြို့ပြနိုင်ငံတစ်ခုဖြစ်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမှ အရှေ့တောင်ဘက် ၆ မိုင်ခန့်အကွာတွင် တည်ရှိသည်။ ထူးခြားသည်မှာ ပင်လယ်မြို့ဟောင်းသည် အခြားမြို့ဟောင်းများနှင့်မတူဘဲ မြို့ရိုးသုံးထပ် ကာရံထားသည်။ အပြင်ဘက် အကျဆုံးမြို့ရိုးသည် အဝိုင်းဖြစ်ပြီး အလယ်မြို့ရိုးမှာ လေးထောင့်ဖြစ်သည်။ အတွင်းဆုံးမြို့ရိုးမှာ အဝိုင်းဖြစ်သည်။



DBE BOX - Copyright Protected

ရန်သူများလာရောက်တိုက်ခိုက်ပါက ခုခံနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။ မြို့လယ်တွင် နန်းတော်ရာ ရှိသည်။ ပင်လယ်မြို့ဟောင်းသည် အရှေ့မှ အနောက်သို့ ၁. ၈ မိုင်ရှိပြီး တောင်မှမြောက်သို့ ၁. ၆ မိုင်ရှိသည်။ မြို့ရိုးပတ်လည်သည် ၅ မိုင် ရှည်လျားသည်။ မြို့တွင်း၌ပင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ကြသည်။



ပုံ(၁၈) ဖန်နားတောင်းများ၊ ဗုံရှည်ပုတီးစေ့များ

ပင်လယ်မြို့ဟောင်းတွင် ရွှေဆင်းတုများ၊ ငွေစေတီများ တွေ့ရသဖြင့် နေထိုင်ကြသူများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများ ဖြစ်ကြသည်။ ပင်လယ်မြို့ဟောင်းတွင် ဒင်္ဂါးများလည်း တွေ့ရသည်။ ဒင်္ဂါးများမှာ ပုံစံနှစ်မျိုးရှိသည်။ ဒင်္ဂါးများပေါ်တွင် ပြုလုပ်ထားသော အမှတ်လက္ခဏာများသည် ဗိသနိုး၊ သရေခေတ္တရာ၊ တန်လင်းတို့နှင့် တူညီနေသည်။ ထိုဒင်္ဂါးများကို မူလကယုံကြည်ကိုးကွယ်မှုအတွက် အသုံးပြုခဲ့သော်လည်း နောင်တွင်ငွေကြေးအဖြစ် သုံးစွဲကြသည်။



ပုံ(၁၉) မြင်းစီးယောက်ျားရုပ်ကြွအုတ်ချပ်

ပင်လယ်မြို့ဟောင်းတွင် ကျောက်နှင့် မြေကို ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုးဖြင့် ပုတီးစေ့များ ပြုလုပ်ကြသည်။ ဖန်နားတောင်းများ၊ ဗုံရှည်ပုတီးစေ့များ၊ ဗုံရှည်နားတောင်းများ၊ ကျောက်စိမ်း ဆင်ရုပ်ပုတီးစေ့များ၊ နွား၊ ဝက်၊ ကျားစသော တိရစ္ဆာန်ပုံပုတီးစေ့များ ရှိသည်။ ပင်လယ်မြို့ဟောင်းမှ အနုပညာလက်ရာမြောက်သည့် မြင်းစီးယောက်ျားရုပ်ကြွအုတ်ချပ်ကို တူးဖော်တွေ့ရှိရသည်။

အသုံးအဆောင်ပစ္စည်းများမှာ မြေပန်းကန်လုံး၊ မြေပန်းကန်စောက်နှင့် မြေအိုးခြမ်းကွဲများဖြစ်သည်။ မြေအိုးခြမ်းကွဲများကို အရေးအစင်း၊ ခွေးသွားစိတ်ဒီဇိုင်း၊ ကျူထရံကွက်ပုံ စသည်ဖြင့်ပုံစံအမျိုးမျိုး

DRE BOX - Copyright Protected

ပြုလုပ်ထားသည်။ အခြားသော ပျူမြို့များကဲ့သို့ပင် လူသေပါက မီးရှို့ပြီး အရိုးပြာကို အိုးတွင်ထည့်၍ မြှုပ်နှံသောဓလေ့ရှိသည်။ ပင်လယ်မြို့ အရှေ့ဘက် ၃ မိုင်အကွာ မြနဒီရွာတွင် တွေ့ရသော ပျူကျောက်စာအရ ပင်လယ်မြို့ဟောင်းနေ ပျူတို့သည် စာပေအရေးအသား တတ်မြောက်ပြီဖြစ်သည်။ ပင်လယ်မြို့ဟောင်းသည် အခြားပျူမြို့ဟောင်းများနှင့် ခေတ်ပြိုင်ထွန်းကားခဲ့သည်။

**အဓိကအချက်များ**

- ပင်လယ်မြို့ဟောင်းသည် မြို့ရိုးသုံးထပ်ကာရံထားခြင်း။
- အရှေ့မှ အနောက်သို့ ၁. ၈ မိုင်ရှိပြီး တောင်မှ မြောက်သို့ ၁. ၆ မိုင်ရှိခြင်း။
- လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများဖြစ်ကြခြင်း။
- ဒင်္ဂါးများ၊ အရောင်အမျိုးမျိုး၊ အရွယ်အမျိုးမျိုးရှိသော ပုတီးစေ့များ၊ အနုပညာလက်ရာမြောက်သည့် မြင်းစီးယောက်ျားရုပ်ကြွအုတ်ချပ်တို့ကို တွေ့ရှိရခြင်း။
- မြေပန်းကန်လုံး၊ မြေပန်းကန်စောက်၊ မြေအိုးခြမ်းကွဲများနှင့် မြေအရိုးအိုးတို့ကို တွေ့ရှိရခြင်း။
- လူသေကို မီးရှို့ပြီး အရိုးပြာကို အိုးတွင်ထည့်၍ မြှုပ်နှံသောဓလေ့ရှိခြင်း။
- စာပေအရေးအသားတတ်မြောက်ခြင်း။

DBE BOX , Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများ**


၁။ ပင်လယ်မြို့ဟောင်းတွင် ယဉ်ကျေးမှုအခိုင်အမာ ထွန်းကားခဲ့ကြောင်း သုံးသပ်ပါ။

၂။ မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံများ၏ မြို့တည်ဆောက်ပုံများကို ဆန်းစစ်ဝေဖန်ပါ။

### ၁.၁.၅။ ဝေသာလီ

အေဒီ ၄ ရာစု မှ ၉ ရာစု အတွင်း ထွန်းကားခဲ့သည့် ရခိုင်မြို့ပြနိုင်ငံ ဝေသာလီသည် ဓညဝတီမြို့ဟောင်း၏ တောင်ဘက် ၁၆ မိုင်ခန့်အကွာနှင့် မြောက်ဦးမြို့၏ မြောက်ဘက် ၅ မိုင်အကွာတွင်တည်ရှိသည်။ ဝေသာလီမြို့ဟောင်း၏ အနောက်ဘက်တွင် ကုလားတန်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော ရမ်းချောင်းရှိသည်။

မြို့၏အရှေ့ဘက်တွင် ကုလားတန်မြစ်နှင့် လေးမြို့မြစ်တို့ရှိပြီး ၎င်းမြစ်တို့အကြား တောင်တန်းများရှိသည်။ မြို့၏ပုံသဏ္ဌာန်မှာ ဘဲဥပုံဖြစ်ပြီး ၄. ၃၅ စတုရန်းမိုင် ကျယ်ဝန်းသည့် မြို့ရိုးကာရံထားသည်။ အေဒီ ၈ ရာစုတွင် ရေးထိုးခဲ့သော အာနန္ဒာစန္ဒြားမင်းကျောက်စာအရ ဝေသာလီတွင် မင်းဆက် ၂၂ ပါး စိုးစံခဲ့သည်။




**ပုံ(၂၀) ဝေသာလီမြို့ဟောင်းပြမြေပုံ**



**ပုံ(၂၁) အာနန္ဒာစန္ဒြားမင်း ကျောက်စာ**

အာနန္ဒာစန္ဒြားမင်းသည် ဗုဒ္ဓဘာသာကိုင်းရှိုင်းသည့် မင်းတစ်ပါးဖြစ်သည်။ မိမိပိုင်ဥစ္စာများနှင့် အလှူအတန်းပြုလုပ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ကျောင်း၊ လမ်း၊ စေတီ၊ ပုထိုးများ တည်ဆောက်ခြင်းတို့ ပြုလုပ်ခဲ့သည်။ သီရိလင်္ကာမှ ရဟန်းတော်များအား ပင့်ဖိတ်ခြင်း၊ သီရိလင်္ကာရှိ ရဟန်းတော်များအား ဆင်တစ်ကောင်နှင့် သင်္ကန်းများ ပေးပို့လှူဒါန်းခဲ့ခြင်းများ ပြုလုပ်ခဲ့သည်။ အာနန္ဒာစန္ဒြားမင်းသည် အခြားဘာသာများအား ချီးမြှောက်ပြီး နတ်ဘုရားကျောင်းများပြင်ဆင်ဆောက်လုပ်ခြင်း၊ ဗြာဟ္မဏပုဏ္ဏားများအား အိမ်များဆောက်လုပ်ပေးခြင်း၊ မြေယာနှင့် အစေအပါးများ ထောက်ပံ့ပေးခြင်းများဆောင်ရွက်ခဲ့သည်။

ဝေသာလီမြို့ဟောင်းမှ ကျောက်၊ ကြေးနီ၊ ကြေးဝါ၊ ရွှေ၊ ငွေတို့ဖြင့် ထုလုပ်ထားသော လက်ရာမြောက်သည့် ဗုဒ္ဓဆင်းတုတော်များ၊ စေတီငယ်များ၊ အရုပ်များ၊ ဆီမီးခွက်များကို တွေ့ရသည်။ ၎င်းအပြင် ဟိန္ဒူကိုးကွယ်မှုဆိုင်ရာ နတ်ရုပ်အကျိုးအပဲ့အချို့ကို တွေ့ရသော်လည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုပစ္စည်းများလောက် မများပေ။ ဝေသာလီပြည်သူများသည် ပန်း ၁၀ မျိုးအတတ်ပညာအားတတ်မြောက်ကြသည်။ အထူးသဖြင့် ကြေးသွန်းအတတ်ပညာနှင့် ကျောက်ဆစ်အတတ်ပညာတို့ကို နိုင်နင်းသည်။

DBE BOX - Copyright Protected



ပုံ(၂၂) ဝေသာလီဆီမီးခွက်



ပုံ(၂၃) ပုံတူကြေးစေတီငယ်

ဝေသာလီအနုပညာလက်ရာသည် အိန္ဒိယယဉ်ကျေးမှုကို အခြေခံ၍ဖြစ်ပေါ်လာခဲ့သည်။ လူရုပ်တုပုံတို့သည် အရိုးအဆစ်ရှည်ပြီး နွဲ့နောင်းသွယ်လျှဟန်ရှိသည်။ အဝတ်ပါးလျှားကျမှုကို သရုပ်ဖော်သည်။ ဝေသာလီမှတွေ့ရှိရသော ပုံတူကြေးစေတီငယ်များကိုထောက်ရှု၍ ဝေသာလီနေပြည်သူတို့သည် ဗိသုကာအဆောက်အအုံပညာ တတ်ကျွမ်းသူများဖြစ်ကြောင်း သိနိုင်သည်။ သက္ကတစာပေဖြင့် ရေးသားထားသော ကျောက်စာ၊ ခေါင်းလောင်းစာ၊ ကြေးနီပြားစာတို့သည် ဝေသာလီတွင် သက္ကတစာပေထွန်းကားခဲ့ကြောင်း ဖော်ပြသည်။

ဝေသာလီသည် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် အရေးပါသော ကုန်သွယ်စခန်းတစ်ခုဖြစ်ခဲ့သည်။ အရှေ့တိုင်းနိုင်ငံများနှင့် အိန္ဒိယပြည်တို့ ကူးသန်းရောင်းဝယ်မှုတွင် ဝေသာလီသည် ကြားစခန်းတစ်ခုဖြစ်ခဲ့သည်။ ဝေသာလီ၏ ကုန်ကူးသန်း ရောင်းဝယ်ရာတွင် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများခတ်နှိပ် အသုံးပြုခဲ့သည်။ ဒင်္ဂါးတွင် တစ်ကျပ်၊ ငါးမူး၊ တစ်မတ်၊ တစ်မူး၊ တစ်ပဲ ဟူ၍ အရွယ်အစား ငါးမျိုးကို သုံးစွဲခဲ့သည်။ ဝေသာလီဒင်္ဂါးများကို ရခိုင်ပြည်နယ်အနှံ့တွင် တွေ့ရှိရသည်။ အချို့ကို ဘင်္ဂလားနယ်တွင်လည်း တွေ့ရှိရသည်။ ဤတွေ့ရှိမှုကို လေ့လာပါက ဝေသာလီ၏ ကုန်ကူးသန်းရောင်းဝယ်မှု နယ်ပယ်ကျယ်ပြန့်ပုံကို ခန့်မှန်းနိုင်သည်။



ပုံ(၂၄) ဝေသာလီဒင်္ဂါး

DBE BOX - Copyright Protected

**အဓိကအချက်များ**

- ဝေသာလီသည် ရခိုင်ပြည်နယ်တွင် ထွန်းကားခဲ့သည့် ရှေးဟောင်းမြို့ပြနိုင်ငံဖြစ်ခြင်း။
- ဓညဝတီမြို့ဟောင်းနှင့် မြောက်ဦးမြို့အကြား တည်ရှိခြင်း။
- အာနန္ဒာစန္ဒြားမင်းကျောက်စာအရ ဝေသာလီသမိုင်းအား သိရှိနိုင်ခြင်း။
- ဗုဒ္ဓဘာသာထွန်းကားခြင်း၊ ဟိန္ဒူကိုးကွယ်မှု ယှဉ်တွဲလျက်ရှိခြင်း။
- ကြေးသွန်းအတတ်ပညာနှင့် ကျောက်ဆစ်အတတ်ပညာတို့ကို နိုင်နင်းခြင်း။
- သက္ကတစာပေထွန်းကားခြင်း။
- အရှေ့တိုင်းနိုင်ငံများနှင့် အိန္ဒိယပြည်တို့ ကူးသန်းရောင်းဝယ်မှုတွင် ဝေသာလီသည် ကြားစခန်းတစ်ခုဖြစ်ခြင်း။
- ကုန်ကူးသန်းရောင်းဝယ်ရာတွင် ဒင်္ဂါးများခတ်နှိပ်အသုံးပြုခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ရခိုင်ပြည်နယ်တွင် ထွန်းကားခဲ့သည့် ရှေးဟောင်းမြို့ပြနိုင်ငံတစ်ခုဖြစ်သော ဝေသာလီ၏ ကိုးကွယ်ယုံကြည်မှု၊ အနုပညာစာပေနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာတို့ကို ဆွေးနွေးပါ။

## ၁.၁.၆။ သုဝဏ္ဏဘူမိ

ခရစ်နှစ်အစောပိုင်းကာလတွင် စစ်တောင်းမြစ်၊ သံလွင်မြစ်နှစ်သွယ် စပ်ကြားဒေသနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရာမညဒေသဟုခေါ်သော မွန်မင်းနိုင်ငံတစ်ခုရှိခဲ့သည်။ ထင်ရှားသောမြို့ပြနိုင်ငံမှာ သုဝဏ္ဏဘူမိ သို့မဟုတ် ရွှေမြေဖြစ်သည်။

သုဝဏ္ဏဘူမိမြို့တော်သည် မွန်ပြည်နယ်၊ ကေလာသတောင်ခြေတွင် တည်ရှိသည်။ အရေးပါသော ကုန်သွယ်စခန်းတစ်ခုဖြစ်၍ အိန္ဒိယနိုင်ငံ၊ မဒရပ်စ်ကမ်းရိုးတန်း၊ မလေးကျွန်းဆွယ်တို့နှင့် ကုန်သွယ်ခဲ့ကြသည်။ သုဝဏ္ဏဘူမိမြို့ဟောင်းသည် မြို့ရိုးများ၊ ကျုံးများ နှင့် နန်းတော်ရာကုန်းများရှိပြီး မုတ္တမပင်လယ်ကွေ့ဒေသအတွင်း အရေးပါသော မင်းနေပြည်တော်မြို့ကြီးတစ်ခု ဖြစ်ခဲ့သည်။ အိန္ဒိယကုန်သည်များ လာရောက်အခြေစိုက်နေထိုင်ကြသဖြင့် သုဝဏ္ဏဘူမိတွင် ဗြာဟ္မဏဝါဒနှင့် ဗုဒ္ဓဘာသာ ထွန်းကားခဲ့သည်။

သုဝဏ္ဏဘူမိ မွန်တို့သည် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသူများ ဖြစ်ကြသည်။ အိန္ဒိယကုန်သည်များနှင့် ဆက်သွယ်မိသောအခါ အိန္ဒိယယဉ်ကျေးမှုကိုလည်း လက်ခံခဲ့ကြသည်။ သုဝဏ္ဏဘူမိသည် ပင်လယ်ရပ်ခြားကူးသန်းရောင်းဝယ်ရေးလည်း ဖွံ့ဖြိုးခဲ့သည်။

DBE BOX - Copyright Protected

သုဝဏ္ဏဘူမိတွင် ဂဝံကျောက်ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ စေတီ၊ ဆင်းတု၊ သိမ်၊ ပလ္လင်၊ တံတိုင်း၊ မြို့ရိုးစသည်တို့ကို ဂဝံကျောက်ဖြင့် ပြုလုပ်ခဲ့ကြသည်။ ထုလုပ်ရန်ခက်ခဲသော ဂဝံကျောက်ကို အနုပညာလက်ရာမြောက်စွာဖြင့် ရုပ်လုံးရုပ်ကြွများ၊ နံရံကပ်ပုံများ၊ တိရစ္ဆာန်ပုံများထုလုပ်ခဲ့သည်။ ထင်ရှားသည့်လက်ရာမှာ ဇုတ်သုတ်ကျေးရွာ၊ ကျိုက်ထီးဆောင်းစေတီ၏ အနောက်မြောက်ဘက်ရှိ ဆင်တပ်မြင်းတပ်ဟုခေါ်သော ဂဝံကျောက်စီမြို့တံတိုင်းကြီးဖြစ်သည်။ ၎င်းတံတိုင်းကြီးသည် ခြင်္သေ့နှင့် ဆင်ရုပ်များပါသော ရုပ်ကြွများကို ဂဝံကျောက်ပြားပေါ်တွင် ထွင်းထုပြီး မြို့တံတိုင်းတွင်ကပ်၍ စီထားသည်။ လက်ရှိတံတိုင်းအမြင့်မှာ ၈ ပေရှိသည်။ မူလက တစ်မိုင်ခန့်ရှည်လျားသည်ဟုဆိုသော်လည်း ယခုအခါ ပေ ၃၆၀ ခန့်သာ ကျန်ရှိတော့သည်။



DBE BOX - Copyright Protected

**ပုံ(၂၅) ဂဝံကျောက်စီမြို့တံတိုင်း**

သုဝဏ္ဏဘူမိမြို့ဟောင်း၏အထောက်အထားဖြစ်သော ရွှေစာရံစေတီတော်ကြီးကို နန်းတော်ကုန်းဟောင်းနှင့် တောင်ဘက်မြို့တံတိုင်းတို့အကြားတွင် တွေ့ရသည်။ ရွှေစာရံစေတီတော် ပရိဝုဏ်အတွင်းတွင် သိကြားဘုရားခေါ် မြသိန်းတန်စေတီ၊ ပိဋကတ်တိုက်စေတီများ တည်ရှိသည်။ သိကြားဘုရားတွင် မြေမီးဖုတ်ဇာတ်ကြီးဆယ်ဘွဲ့ သရုပ်ဖော်ရုပ်ကြွချပ်များ ကပ်စီထားသည်။ ဇာတ်ကြီးဆယ်ဘွဲ့သရုပ်ဖော်ပုံများ ထုဆစ်ထားသော သဲကျောက်ဆစ်တိုင်များကို ဘုရားကြီးတောင်ဘက် ကလျာဏီသိမ်ဟောင်းတွင် တွေ့ရပါသည်။ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ၊ မြေမီးဖုတ်ဗုဒ္ဓရုပ်တုများလည်း ရှိသည်။



ပုံ(၂၆) သဲကျောက်ဆစ်တိုင်များ



ပုံ(၂၇) ပိဋကတ်တိုက်စေတီ

**အဓိကအချက်များ**

- သုဝဏ္ဏဘူမိသည် မွန်ပြည်နယ်၊ ကေလာသတောင်ခြေတွင်ရှိခြင်း။
- အိန္ဒိယနိုင်ငံ၊ မဒရပ်စ်ကမ်းရိုးတန်း၊ မလေးကျွန်းဆွယ်တို့နှင့် ကုန်သွယ်ခဲ့ခြင်း။
- ဂဝံကျောက်ယဉ်ကျေးမှုထွန်းကားခဲ့ခြင်း။
- စေတီ၊ ဆင်းတု၊ ပလ္လင်၊ သိမ်၊ တံတိုင်း၊ မြို့ရိုး စသည်တို့ကို ဂဝံကျောက်ဖြင့်ပြုလုပ်ခဲ့ကြခြင်း။
- ထုလုပ်ရန်ခက်ခဲသော ဂဝံကျောက်ကို ရုပ်လုံးရုပ်ကြွဖော်ခြင်း၊ နံရံကပ်ပုံများ၊ တိရစ္ဆာန်ပုံများ ထုလုပ်ခြင်း။
- ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ၊ မြေမီးဖုတ်ဗုဒ္ဓရုပ်တုများကိုလည်း တွေ့ရခြင်း။

DBE BOX - Copyright Protected


**လေ့ကျင့်ရန်မေးခွန်းများ**

၁။ သုဝဏ္ဏဘူမိတွင် ထွန်းကားခဲ့သော မွန်ယဉ်ကျေးမှုကို ဆန်းစစ်ပါ။

၂။ သုဝဏ္ဏဘူမိတွင် တွေ့ရသော ဂဝံကျောက်လက်ရာများ၏ အဆင့်အတန်းကို အကဲဖြတ်ပါ။

၃။ အခန်း (၁) ရှေးဦးယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

**အခန်း (၁)**




DBE BOX - Copyright Protected

**အခန်း(၁)ပါ ပုံများ၏ ရင်းမြစ်များ**

**ပုံ(၁) ဗိဿနိုးမြို့ အဝင်မုခ်ဦး** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၂) ဗိဿနိုးမြို့ဟောင်းပြမြေပုံ** (Elizebath Moore,. *Early Landscapes of Burma*, Bangkok, River Books Press, 2017)

**ပုံ(၃) ဗိဿနိုးဒင်္ဂါး** (Dietrich Mahlo, *The Early Coins of Myanmar* (Burma), Mescengers from the Part (First Millenium AD), white lotus Press, 2012)

**ပုံ(၄)** **ဗိဿနိုးမြို့ရှိလူနေအုတ်တိုက်ကြီး** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၅)** **ဗိဿနိုးမြို့မှတူးဖော်တွေ့ရှိရသောအိုးများ** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၆)** **အရိုးအိုးများ** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၇)** **သရေခေတ္တရာမြို့ဟောင်းပြပုံ** (Elizebath Moore,. *Early Landscapes of Burma*, Bangkok, River Books Press, 2017)

**ပုံ(၈)** **ဘောဘောကြီးဘုရား** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၉)** **ဘဲဘဲကြီးဘုရား** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၁၀)** **ကနုန်တီးမှုတ်နေသောပျူကြေးရုပ်ငါးရုပ်** (https://disco.teak.fi/asia/wp-content/uploads/2017/10/bur01) **(၄-၁၁-၂၀၁၉)**

**ပုံ(၁၁)** **လက်ဝတ်ရတနာများနှင့်ရွှေပေလွှာ** (Elizebath Moore,. *Early Landscapes of Burma*, Bangkok, River Books Press, 2017)

**ပုံ(၁၂)** **ရုပ်ကြွဆင်းတု** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၁၃)** **သရေခေတ္တရာဒင်္ဂါး** (Dietrich Mahlo, *The Early Coins of Myanmar* (Burma), Mescengers from the Part (First Millenium AD), White Lotus Press, 2012)

**ပုံ(၁၄)** **ဟန်လင်းဒင်္ဂါး** (Dietrich Mahlo, *The Early Coins of Myanmar* (Burma), Mescengers from the Part (First Millenium AD), White Lotus Press, 2012)

**ပုံ(၁၅)** **မြေထည်ပစ္စည်းအမျိုးမျိုး** (Elizebath Moore,. *Early Landscapes of Burma*, Bangkok, River Books Press, 2017)

**ပုံ(၁၆)** **ဟန်လင်းတွင်တွေ့ရှိရသောကျောက်ချပ်** (ဒေါက်တာသန်းထွန်း၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၇)

**ပုံ(၁၇)** **ပင်လယ်မြို့ဟောင်း** (Myo Nyunt & Kyaw Myo Win , *Pinle (Maingmaw), Research at an Ancient Pyu City, Myanmar*, Archaeology Report Series No.6, Nalanda-Sriwiza Center, June, 2017 )

DRE BOX - Copyright Protected

**ပုံ(၁၈) ဖန်နားတောင်းများ၊ ဖုံရှည်ပုတီးစေ့များ** (Myo Nyunt & Kyaw Myo Win , *Pinle (Maingmaw), Research at an Ancient Pyu City, Myanmar*, Archaeology Report Series No.6, Nalanda-Sriwiza Center, June, 2017 )

**ပုံ(၁၉) မြင်းစီးယောက်ျားရုပ်ကြွအုတ်ချပ်** (Myo Nyunt & Kyaw Myo Win , *Pinle (Maingmaw), Research at an Ancient Pyu City, Myanmar*, Archaeology Report Series No.6, Nalanda-Sriwiza Center, June, 2017 )

**ပုံ(၂၀) ဝေသာလီမြို့ဟောင်းပြမြေပုံ** (Dr.Daw Thin Kyi, "Arakanese Capitals: A Preliminary Survey of Their Geographical Siting", JBRS, LIII )

**ပုံ(၂၁) အာနန္ဒာစန္ဒြားမင်းကျောက်စာ** (ဒေါက်တာဇော်လင်းအောင်၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၂၂) ဝေသာလီဆီမီးခွက်** (ဒေါက်တာဇော်လင်းအောင်၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၂၃) ပုံတူကြေးစေတီငယ်** (ဒေါက်တာဇော်လင်းအောင်၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၂၄) ဝေသာလီဒင်္ဂါး** (ဒေါက်တာဇော်လင်းအောင်၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၂၅) ဂဝံကျောက်စီမြို့တံတိုင်း** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၂၆) သဲကျောက်ဆစ်တိုင်များ** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၂၇) ပိဋကတ်တိုက်စေတီ** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

DBE BOX - Copyright Protected

**ကျမ်းကိုးစာရင်း**


၁။ တိုးလှ၊ ဒေါက်တာ၊ *မြေပေါ်မြေအောက်ကျောက်စာမှတ်တမ်းများကပြောသောရှေးဟောင်းမြန်မာနိုင်ငံသမိုင်း*၊ တတိယအကြိမ်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ မေလ ၂၀၁၉။

၂။ တိုက်စိုး၊ *ဗုဒ္ဓဘာသာအနုပညာနိဒါန်း*၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ Quaility Publishing House, ၂၀၀၂။

၃။ တိုက်စိုး၊ *ဝသုန္ဒရီနှင့် ရိုးရာအထိမ်းအမှတ်များ*၊ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၂၀၁၃။

၄။ ထိန်ဝင်း၊ "သုံးမြို့ဟောင်းသမိုင်း"၊ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ သမိုင်းဌာန၊ ၁၉၇၀။

၅။ ရွှေဇံ၊ ဦး၊ *ရခိုင်သမိုင်းအလင်းပြကျမ်း*၊ ရန်ကုန်၊ Migadawon Myanmar Temple၊ ၂၀၁၁။

၆။ ရွှေဇံ၊ ဦး၊ *ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှုမြေကြီးကသက်သေတည်သရွေ့*၊ ရန်ကုန်၊ ရဲကျော်သူပုံနှိပ်တိုက်၊ ၂၀၀၆။

၇။ သန်းထွန်း၊ ဒေါက်တာ၊ *မြန်မာ့ဗုဒ္ဓသာသနိကအနုပညာလက်ရာ*၊ ရန်ကုန်မြို့၊ ဖိုးဝအော့ဖ်ဆက် ၂၀၀၄။

၈။ သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၇။

၉။ သန်းထွန်း၊ ဒေါက်တာ၊ *အသစ်မြင်ဗမာ့သမိုင်း*၊ ရန်ကုန်၊ သီရိဆွေစာအုပ်တိုက်၊ ၂၀၀၇။

၁၀။ Gutman, Pamela. *Burma's Lost Kingdom's; Splendours of Arakan*, Bangkok, Orchid Press, 2001.

၁၁။ Mahlo, Dietrich, *The Early Coins of Myanmar* (Burma), Mescengers from the Part (First Millenium AD), white lotus Press, 2012

၁၂။ Moore, Elizebath. *Early Landscapes of Burma*, Bangkok, River Books Press, 2017.

၁၃။ Myo Nyunt & Kyaw Myo Win, *Pinle (Maingmaw)*, Research at an Ancient Pyu City, Myanmar, NSC AU Archaeological Report Series No.6, Nalanda–Sriwijaya Centre of ISEAS – Yusof Ishak Institute, Singapore, 2017.


DBE BOX - Copyright Protected

# အခန်း(၂)
# ပုဂံယဉ်ကျေးမှုအမွေအနှစ်

## နိဒါန်း

- ဤအခန်းတွင် ပုဂံခေတ်၏ နောက်ခံသမိုင်း၊ စီးပွားရေး၊ လူမှုရေးနှင့် ကိုးကွယ်ယုံကြည်မှု၊ ပုဂံခေတ်ယဉ်ကျေးမှုအမွေအနှစ်များနှင့် အနုပညာဗိသုကာလက်ရာများအကြောင်းကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

## ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ

- ပုဂံခေတ်အကြောင်းကို ဆဋ္ဌမတန်းသင်ခန်းစာ အခန်း (၃) ရှေးဟောင်းမြန်မာနိုင်ငံ ပေါ်ပေါက်လာခြင်း ခေါင်းစဉ်အောက်တွင် ပုဂံဧကရာဇ်နိုင်ငံပေါ်ပေါက်ခြင်း၊ ပုဂံဧကရာဇ် နိုင်ငံ အင်အားကြီးမားလာပုံနှင့် ပုဂံခေတ်တွင် ထွန်းကားခဲ့သော စာပေနှင့် အနုပညာဗိသုကာ လက်ရာများအကြောင်းတို့ကို သိရှိခဲ့ပြီးဖြစ်သည်။


## ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။

- ပုဂံအင်အားကြီးမားလာပုံကို ဆန်းစစ်တတ်လာမည်။
- ပုဂံခေတ်စီးပွားရေးနှင့် ပုဂံခေတ်လူမှုအဖွဲ့အစည်းအကြောင်းကို အကဲဖြတ်တတ်လာမည်။
- ပုဂံခေတ် ဗုဒ္ဓအနုပညာဗိသုကာနှင့် လက်ရာအဆင်တန်ဆာများအကြောင်းကို ဆန်းစစ် တတ်လာမည်။
- ဗုဒ္ဓအနုပညာဗိသုကာ ဝေါဟာရများကို သိရှိလာမည်။
- ပုဂံယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော စေတီနှင့် ဂူဘုရားတို့၏ အနုပညာဗိသုကာ လက်ရာ အဆင့်အတန်းကို အကဲဖြတ်လာနိုင်မည်။
- ဆဋ္ဌမတန်းတွင်သင်ယူခဲ့သော ပုဂံဧကရာဇ်နိုင်ငံ ပေါ်ပေါက်လာပုံသင်ခန်းစာနှင့် နှိုင်းယှဉ် ၍ ပုဂံခေတ်ကို ဆွေးနွေးနိုင်မည်ဖြစ်သည်။

DBE BOX - Copyright Protected

## ၂.၁။ နောက်ခံသမိုင်း

ပုဂံကို စတင်တည်ထောင်သူမှာ သမုဒ္ဒရာဇ်မင်းဖြစ်၍ အေဒီ ၁၀၇ တွင် ယုန်လွှတ်ကျွန်း အရပ်၌ တည်ထောင်သည်ဟု မှန်နန်းရာဇဝင်တွင် ဖော်ပြထားသည်။ သမုဒ္ဒရာဇ်မင်းသည် သရေခေတ္တရာမင်းဆက်မှ ဆင်းသက်လာသူဖြစ်ပြီး ရွာ ၁၉ ရွာကိုစုစည်း၍ ပုဂံကို တည်ထောင်ခဲ့သည်။ ပုဂံတွင် မင်းဆက်ပေါင်း ၅၅ ဆက်စိုးစံခဲ့သည်ဟု ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည်။




ပုံ(၁) ပုဂံမူလ ၁၉ ရွာ မြေပုံ

ပုဂံမင်းဆက် ၅၅ ဆက်မှ သောဉ္စိုလည်ကြောင်မင်းလက်ထက်တွင် ယခုလောကနန္ဒာအရပ်၌ သီရိပစ္စယာဟုခေါ် သောမြို့ကို တည်ထောင်သည်။ သိုက်တိုင်မင်းလက်ထက်တွင် ယခု ဖွားစောရွာဟု တွင်သော သမထီးအရပ်၌ တမ္ပဝတီဟုသောမြို့သစ်ကို တည်ထောင်ခဲ့သည်။ ပျဉ်ပြားမင်း (အေဒီ ၈၄၆-၈၇၈)သည် အေဒီ ၈၄၉ တွင် တမ္ပဝတီမြို့မှ ယခုပုဂံမြို့တည်ရာဒေသသို့ ပြောင်းရွှေ့၍ မြို့သစ်တည်ထောင်သည်။ မြို့တည်သောအခါ ကျုံးပတ်ရံလျက်ရှိသော အုတ်မြို့ရိုးကို ဆောက်၍ တည်သည်။ မြို့ရိုးတွင် တံခါး ၁၂ ခုထား၍ မြို့ရိုးအတွင်းတွင် နန်းတော်တည်ဆောက်ထားသည်ဟု ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည်။

ကျောက်စာအထောက်အထားများအရ ပုဂံခေတ်ကို အေဒီ ၁၀၄၄ မှ ၁၃၁၂ အထိဟု သတ်မှတ်ပြီး ပုဂံနိုင်ငံတော်၏အမည်ကို အရိမဒ္ဒနပူရပြည်ဟု ခေါ်ဆိုခဲ့သည်။ အရိမဒ္ဒနပူရမှာ ပါဠိအမည်ဖြစ်ပြီး ရန်အပေါင်းကို တိုက်ခိုက်နှိမ်နင်းသိမ်းသွင်းပြီး တည်ထောင်သောတိုင်းပြည်ဟု အဓိပ္ပာယ်ရသည်။ အေဒီ ၁၁၁၃ ခန့်တွင် ရေးထိုးခဲ့သော ရာဇကုမာရ်ကျောက်စာတွင် အရိမဒ္ဒနပူရဟူသောအမည်ကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ ဘာသာလေးမျိုးဖြင့် မှတ်တမ်းတင်ခဲ့သည်။ အေဒီ ၁၁၉၈

DBE BOX - Copyright Protected

တွင် တည်ထားသော ဓမ္မရာဇိကဘုရားကျောက်စာတွင် အရိမဒ္ဒနပူရမည်သော ပုဂံပြည်ဟု ရေးထိုးမှတ်တမ်းတင်ခဲ့သောကြောင့် နောင်အခါ ပုဂံဟုခေါ်ဝေါ်ရေးသားမှု တွင်ကျယ်လာသည်။

ကျောက်စာအထောက်အထားအရ ပုဂံပြည်ကို ထီးနန်းစိုးစံခဲ့သော မင်း ၁၄ ပါး ရှိသည်။ ထိုမင်း ၁၄ ပါး၏ ကျောက်စာပါအမည်နှင့် နန်းစံသက်မှာ အောက်ပါအတိုင်းဖြစ်သည်။

| | **မင်းအမည်** | **ခရစ်နှစ်(နန်းစံသက်)** |
|---|---|---|
| ၁ | အနိရုဒ္ဓ (အနော်ရထာ) | ၁၀၄၄-၁၀၇၇ |
| ၂ | မင်းလုလင် (စောလူး) | ၁၀၇၇-၁၀၈၄ |
| ၃ | ထိလိုင်မင် (ကျန်စစ်သား) | ၁၀၈၄-၁၁၁၃ |
| ၄ | ပထမစည်သူ (အလောင်းစည်သူ) | ၁၁၁၃-၁၁၆၀ |
| ၅ | ဤမ်တော်ရှင် (နရသူ ခေါ် ကုလားကျမင်း) | ၁၁၆၀-၁၁၆၅ |
| ၆ | ဒုတိယစည်သူ (နရပတိစည်သူ) | ၁၁၆၅-၁၂၁၁ |
| ၇ | နာတောင်မျာ (ထီးလိုမင်းလို) | ၁၂၁၁-၁၂၃၁ |
| ၈ | နရသိဃ်ဥဇ္ဇနာ | ၁၂၃၁-၁၂၃၅ |
| ၉ | ကွဆွာ (ကျစွာ) | ၁၂၃၅-၁၂၄၉ |
| ၁၀ | ဥစ္စနာ | ၁၂၄၉-၁၂၅၆ |
| ၁၁ | မင်းယန် | ၁၂၅၆ |
| ၁၂ | တရုတ်ပြိယ် (တရုတ်ပြေး ခေါ် နရသီဟပတေ့) | ၁၂၅၆-၁၂၈၇ |
| ၁၃ | ရွှေနန်းရှင် (ကျော်စွာ) | ၁၂၈၈-၁၂၉၇ |
| ၁၄ | မင်းလုလင် (စောနစ်) | ၁၂၉၇-၁၃၃၄ (၁၃၁၂ ပင်းယနိုင်ငံတော် ပေါ်ပေါက်လာပြီးနောက် စောနစ်သည် ပင်းယလက်အောက်ခံမြို့စားအဆင့်ဖြင့် ပုဂံကိုအုပ်ချုပ်ခဲ့ရသည်။) |

DBE BOX - Copyright Protected

အေဒီ ၉ ရာစုတွင် မူလမြန်မာတို့သည် မြေသြဇာကောင်းသော ကျောက်ဆည်ဒေသသို့ ဦးစွာဝင်ရောက်နေထိုင်ခဲ့ပြီး ထိုမှတစ်ဆင့် မင်းဘူးဒေသကို ဝင်ရောက်ခဲ့သည်။ ၁၁ ရာစုတွင် ခရိုန် (ခရိုင်)နှင့် တိုက်မှကျော်၍ နိုင်ငံဖြစ်အောင် တည်ဆောက်နိုင်ခဲ့သည်။ မူလစုစည်းရာဒေသကို ခရိုန်ဟုခေါ်ပြီး ယင်းမှကျော်လွန်၍ ချဲ့ထွင်ရာ ဒေသကို တိုက်ဟုခေါ်သည်။ အနော်ရထာသည် ပုဂံကို အုပ်ချုပ်ရေးဗဟိုဌာနအဖြစ်ပြုလုပ်ပြီး နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ခဲ့သည်။ ၎င်းမင်းလက်ထက်တွင် အုတ်ခွက်ဘုရားများ သွန်းလုပ်လှူဒါန်းခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်း စည်းရုံးသိမ်းပိုက်သောအရပ်၌ အနိရုဒ္ဓအမည်ပါသော အုတ်ခွက်ဘုရားများကို တွေ့ရသည်။ အနိရုဒ္ဓတံဆိပ်ခတ်နှိပ်ထားသော အုတ်ခွက်ဘုရားများကို မြောက်ဘက် ရွှေလီမြစ်ကမ်းရှိ ငအိုရွာ၊ တကောင်း၊ ပုဂံ၊ မိတ္ထီလာ၊ မင်းဘူး၊ ပြည် စသည်တို့၌တွေ့ရပြီး တောင်ဘက်တွင် တွံတေးနှင့်

တနင်္သာရီဒေသ မြိတ်မြို့တွင်လည်း တွေ့ရသည်။ အောက်မြန်မာနိုင်ငံကို သိမ်းသွင်းပြီးနောက် မွန်တို့နှင့် အဆက်အသွယ် ပိုမိုများပြားလာပြီး မွန်တို့ထံမှ ယဉ်ကျေးမှု အမြောက်အမြား ရရှိခဲ့သည်။ ထို့ပြင် ပထမဆုံးပင်လယ်ထွက်ပေါက်ရ၍ အိန္ဒိယ၊ သီဟိုဠ် စသောဒေသတို့နှင့် ဆက်ဆံခွင့်ရခဲ့သည်။



DBE BOX - Copyright Protected

**ပုံ(၂) သရပါတံခါး**

ကျန်စစ်သားမင်းလက်ထက်တွင် ဆည်မြောင်းကန်ချောင်းများ တူးဖော်ပေးခြင်း၊ ပိဋကတ်တော်များကို ကူးယူစေခြင်း၊ ဗုဒ္ဓဂယာသို့ တမန်စေလွှတ်ခြင်း၊ သံဃာများအား ကျောင်းအစရှိသည်များ ထောက်ပံ့ခြင်းတို့ကို လုပ်ဆောင်ပေးခဲ့သည်။ ဤမိတော်ရှင်ခေါ် နရသူလက်ထက်၌ သီဟိုဠ်နှင့် မသင့်မမြတ်ဖြစ်ကာ စစ်ဖြစ်ခဲ့ရသည်။ သီဟိုဠ်နှင့် စစ်ဖြစ်ပြီးနောက် နရပတိစည်သူလက်ထက်တွင် သလင်ကြေ ခေါ် ဆလဲန်အငူကို သိမ်းပိုက်နိုင်ပြီး ပုဂံနိုင်ငံတော်သည် အရှေ့အနောက် ကုန်သည် ရေကြောင်းလမ်းကို စိုးမိုးနိုင်ခဲ့သည်။ ကျစွာမင်းလက်ထက်တွင် နိုင်ငံတစ်ဝန်း စနစ်ကျသော အုပ်ချုပ်ရေးထူထောင်ရန် အမိန့်ပြန်တမ်းများ ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။ သာသနာကို မြေလှူမှုများလာသောကြောင့် သာသနာမြေတိုးလျက်ရှိရာ မင်း၏ဘဏ္ဍာလျော့နည်းရသည်သာမက ပုဂံနိုင်ငံတော်၏အင်အားလည်း တဖြည်းဖြည်း ကျဆင်းလာခဲ့ရသည်။

**အဓိကအချက်များ**

- ပုဂံမြို့ကို စတင်တည်ထောင်သူ သမုဒ္ဒရာဇ်မင်းသည် သရေခေတ္တရာမင်းဆက်မှ ဆင်းသက်လာသူဟု မှန်နန်းရာဇဝင်တွင် ဖော်ပြထားခြင်း။
- သမုဒ္ဒရာဇ်မင်းသည် ရွာပေါင်း ၁၉ ရွာကို စုစည်း၍ ပုဂံကို တည်ထောင်ခြင်း။
- ကျောက်စာအထောက်အထားအရ ပုဂံပြည်ကို ထီးနန်းစိုးစံခဲ့သော မင်း ၁၄ ပါး ရှိခြင်း။
- မူလမြန်မာတို့သည် အေဒီ ၉ ရာစုတွင် ကျောက်ဆည်ဒေသသို့ ဦးစွာဝင်ရောက် နေထိုင်ခဲ့ပြီး ထိုမှတစ်ဆင့် မင်းဘူးဒေသကို သိမ်းယူခဲ့ခြင်း။
- ပုဂံနိုင်ငံတော်၏အမည်ကို အရိမဒ္ဒနပူရပြည်ဟု ခေါ်ဆိုခဲ့ခြင်း။
- ၁၁ ရာစုတွင် မြန်မာတို့သည် ခရိုန်(ခရိုင်)နှင့် တိုက်မှကျော်၍ နိုင်ငံဖြစ်အောင် တည်ဆောက်ခဲ့ခြင်း။
- အနော်ရထာသည် ပုဂံကို အုပ်ချုပ်ရေးဗဟိုဌာနအဖြစ်ပြုလုပ်ပြီး နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ခဲ့ခြင်း။
- အောက်မြန်မာနိုင်ငံကို သိမ်းသွင်းပြီးနောက် မွန်တို့နှင့် အဆက်အသွယ် ပိုမိုများပြားလာပြီး မွန်တို့ထံမှ ယဉ်ကျေးမှုအမြောက်အမြားကို လက်ခံရရှိခြင်း။
- ပထမဆုံးပင်လယ်ထွက်ပေါက်ရ၍ အိန္ဒိယ၊ သီဟိုဠ် စသောဒေသတို့နှင့် ဆက်ဆံခွင့်ရခဲ့ခြင်း။
- သလင်ကြေ ခေါ် ဆလဲန်အငူကို သိမ်းပိုက်နိုင်ပြီး ပုဂံနိုင်ငံတော်သည် အရှေ့အနောက် ကုန်သည်ရေကြောင်းလမ်းကို စိုးမိုးနိုင်ခဲ့ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ပုဂံ အင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွန်းလာပုံကို ဆွေးနွေးပါ။

DBE BOX - Copyright Protected

## ၂.၂။ ပုဂံခေတ်စီးပွားရေး

ပုဂံခေတ်စီပွားရေးသည် ကျောက်ဆည် ၁၁ ခရိုင်ကို အခြေပြုသော စိုက်ပျိုးရေးဖြစ်သည်။ စိုက်ပျိုးရေးအတွက် မိုးရေလုံလောက်စွာ မရရှိသောကြောင့် စမုံမြစ်၊ ပန်းလောင်မြစ်၊ ဇော်ဂျီမြစ်၊ မြစ်ငယ်မြစ်တို့မှ ရေသွယ်၍ စိုက်ပျိုးရေး လုပ်ကိုင်ကြသည်။ မင်းဘူး ၆ ခရိုင်တွင်လည်း ဆန်စပါးကို ရေသွယ်၍ စိုက်ပျိုးလုပ်ကိုင်ကြသည်။

စပါးစိုက်ရန်အတွက် မုရင်းလယ်နှင့် သန်လယ်ဟူ၍ လယ်နှစ်မျိုးရှိသည်။ စပါးအမျိုးအစားကို ကောက်ကြီးစပါးနှင့် ကောက်လျင်စပါးဟူ၍ ခွဲခြားထားသည်။ စပါးစိုက်ပျိုးနည်းမှာ

မျိုးစေ့ကို ပျိုးခင်းတွင်ကြဲပြီးနောက် ပေါက်လာသောပျိုးပင်များကို လယ်ကွက်သို့ပြောင်းရွှေ့၍ စိုက်ပျိုးခြင်းဖြစ်သည်။ ဥယျာဉ်၊ ယာ၊ ကိုင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လုပ်ကိုင်ကြသည်။ လယ်ယာလုပ်ငန်းတွင် သုံးစွဲသောကိရိယာများမှာ ထယ်၊ ပုဆိန်၊ ပေါက်တူးနှင့် သစ်သားထွန်များဖြစ်သည်။ မြေယာအကျယ်အဝန်းကိုဖော်ပြရန် ပယ်ဟူသော အတိုင်းအတာကို အသုံးပြုသည်။

မိဖုရားဖွားစောရေးထိုးသော စောလှဝန်းကျောက်စာအရ နရသီဟပတေ့မင်းလက်ထက်၌ မြေယာများကို တိုင်းထွာရန်အတွက် ပယ်တိုင်းဟူသော မြေတိုင်းအရာရှိများနှင့် မြေယာ၏တန်ဖိုးကို ဆုံးဖြတ်ပေးသော မြေချိန်အရာရှိကိုလည်း ခန့်ထားသည်ဟုသိရသည်။ လဲလှယ်ရေးမဏ္ဍိုင်အတွက် ငွေကိုကျပ်နှင့် ချိန်တွယ်ပြီး ကြေးကို ပိဿာဖြင့် ချိန်တွယ်၍သုံးသည်။

ငွေသားကိုလဲလှယ်ရေးမဏ္ဍိုင်အဖြစ် အသုံးပြုသည့်အပြင် မြေကို ကျွန်၊ ဆင်၊ မြင်း၊ လှေတို့နှင့် လဲလှယ်ကြောင်း ကျောက်စာများ၌ တွေ့ရသည်။ ဆင်များကို သီဟိုဠ်နှင့် အိန္ဒိယသို့ တင်ပို့ရောင်းချခဲ့သည်။ မြောက်ပိုင်းနယ်စပ်များတွင် တရုတ်တို့နှင့် ကူးသန်းရောင်းဝယ်ရန် အုပ်ချုပ်ရေးအရာရှိများ ခန့်ထားခဲ့သည်။

DBE BOX Copyright Protected

**အဓိကအချက်များ**

- ပုဂံခေတ်စီးပွားရေးသည် ကျောက်ဆည် ၁၁ ခရိုင်ကို အခြေပြုသော စိုက်ပျိုးရေးဖြစ်ခြင်း။
- မင်းဘူး ၆ ခရိုင်တွင်လည်း ဆန်စပါးကို ရေသွယ်၍ စိုက်ပျိုးလုပ်ကိုင်ခြင်း။
- စပါးစိုက်ပျိုးနည်းမှာ ပျိုးပင်များကို လယ်ကွက်သို့ ပြောင်းရွှေ့၍ စိုက်ပျိုးခြင်း။
- မြေယာ၏ အကျယ်အဝန်းကိုတိုင်းရန် ပယ်ဟူသော အတိုင်းအတာကိုသုံးခြင်း။
- လဲလှယ်ရေးမဏ္ဍိုင်အတွက် ငွေကို ကျပ်နှင့် ချိန်တွယ်ပြီး ကြေးကို ပိဿာဖြင့် ချိန်တွယ်၍ သုံးခြင်း။
- တရုတ်တို့နှင့် ကူးသန်းရောင်းဝယ်ရန် မြောက်ပိုင်းနယ်စပ်များတွင် အုပ်ချုပ်ရေးအရာရှိများ ခန့်ထားခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ပုဂံခေတ် စီးပွားရေးအခြေအနေကို သုံးသပ်ပါ။

## ၂.၃။ ပုဂံခေတ်လူမှုရေး

ပုဂံခေတ်လူ့အဖွဲ့အစည်းတွင် အိန္ဒိယနိုင်ငံကဲ့သို့ ဇာတ်ခွဲခြားခြင်းမရှိသော်လည်း အုပ်ချုပ်သော မင်း၊ မင်းသားနှင့်တကွ စိုးသား၊ စစ်သား၊ ကလန်၊ သံပျင်၊ သံဖမ၊ သူကြီး၊ ကုံထံ နှင့် တိုင်းသူပြည်သား ဟူ၍ရှိသည်။ ကျောက်စာများတွင် တွေ့ရှိချက်အရ ပုဂံနိုင်ငံတွင် နေထိုင်ကြသူများမှာ ကဒူး၊ ချင်း၊ ကရင်၊ တရုတ်၊ ကုလား၊ တောင်သူ၊ ပျူ၊ မြန်မာ၊ မွန်၊ ရခိုင်၊ လဝ၊ သက် နှင့် ရှမ်း ဟူ၍ရှိသည်။ အမိ၊ အဖနှင့် သားသမီးတစ်စုပါသော အိမ်ထောင်သည် ပုဂံခေတ် လူ့အဖွဲ့အစည်းတွင် အရေးပါသော အဖွဲ့အစည်းဖြစ်သည်။

ပုဂံခေတ်လူ့အဖွဲ့အစည်းတွင် အမျိုးသမီးတို့၏ အဆင့်အတန်းသည် အရေးပါကြောင်းတွေ့ရသည်။ ပုဂံခေတ်အမျိုးသမီးတို့သည် လုပ်ငန်းဆောင်တာများကို အမျိုးသားများနှင့်တန်းတူ ဆောင်ရွက်နိုင်ပြီး တရားဥပဒေအရ စည်းစိမ်ဥစ္စာကိုဆက်ခံနိုင်သော အခွင့်အရေးများလည်းရှိသည်။

အိမ်ထောင်ဦးစီးတို့၏ နေ့စဉ်လုပ်ကိုင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လေ့လာခြင်းဖြင့် ပုဂံခေတ်လူမှုအဆင့်အတန်းကိုသိရှိနိုင်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင် သူများကို ငါးမျိုးခွဲခြားထားသည်။ ပထမအမျိုးအစားတွင် စိုက်ပျိုးရေးဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်သည်။ ဒုတိယအမျိုးအစားတွင် အစားအသောက်နှင့်ဆိုင်သော ထမင်းချက်၊ အမဲသည်၊ နို့သည် စသည်တို့ပါဝင်သည်။ တတိယအမျိုးအစားတွင် အဆောက်အအုံဆောက်လုပ်သူများ၊ ပန်းထိမ်လုပ်သူ၊ အိုးလုပ်သူနှင့် အဝတ်အထည်ရက်လုပ်သူတို့ပါဝင်သည့် လက်မှုပညာသည်တို့ဖြစ်သည်။ စတုတ္ထအမျိုးအစားတွင် သဘင်သည်တို့ ပါဝင်သည်။ ပဉ္စမအမျိုးအစားတွင် ခဝါသည်၊ ဆတ္တာသည်၊ လှေသမား၊ ဆီကြိတ်သူ၊ လက်သည်း၊ ခြေသည်းလှီးဖြတ်သူ စသည်တို့ပါဝင်သော အထွေထွေလက်မှုပညာသည် တို့ဖြစ်သည်။

ပုဂံခေတ်တွင် ကျွန်များကို လူမှုရေးနယ်ပယ်တွင် ပစ်ပယ်ခြင်း မရှိဘဲ လက်ခံကြသည်။ ကျွန်အမျိုးအစားမှာ စစ်တိုက်သောအခါ၌ ဖမ်းဆီးခဲ့သောသုံ့ပန်းကျွန်၊ ကြွေးဖြင့်သိမ်းသောကျွန်၊ မိရိုးဖလာပိုင်ဆိုင်သောကျွန်နှင့် ဘုရား၏ဝေယျာဝစ္စအတွက် လှူဒါန်းသောဘုရားကျွန်၊ ကျောင်းကျွန် ဟူ၍ဖြစ်သည်။

DRBOX - Copyright Protected

### အဓိကအချက်များ

- ပုဂံခေတ်လူမှုအဖွဲ့အစည်းတွင် အိန္ဒိယနိုင်ငံကဲ့သို့ ဇာတ်ခွဲခြားမှုမရှိခြင်း။
- ကဒူး၊ ချင်း၊ ကရင်၊ တရုတ်၊ ကုလား၊ တောင်သူ၊ ပျူ၊ မြန်မာ၊ မွန်၊ ရခိုင်၊ လဝ၊ သက်နှင့် ရှမ်း များနေထိုင်ကြခြင်း။
- မိသားစုသည် ပုဂံခေတ်လူ့အဖွဲ့အစည်းတွင် အရေးအပါဆုံးလူ့အဖွဲ့အစည်းဖြစ်ခြင်း။

- အမျိုးသမီးတို့၏ အဆင့်အတန်းသည် အရေးပါခြင်း။
- ကျွန်စနစ်ကို လူမှုဆက်ဆံရေးတွင် လက်ခံကြခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ပုဂံခေတ်လူမှုအဖွဲ့အစည်း၏ အဆင့်အတန်းကို ဝေဖန်ဆွေးနွေးပါ။

## ၂.၄။ ပုဂံခေတ်ကိုးကွယ်ယုံကြည်မှု

ပုဂံခေတ်အစောပိုင်းတွင် ထွန်းကားခဲ့သော ဗုဒ္ဓဘာသာသည် ထေရဝါဒစစ်စစ်ဟု မဆိုနိုင်ဘဲ မဟာယာနဗုဒ္ဓဘာသာနှင့် ဟိန္ဒူဝါဒအယူအဆများ ရောနှောပါဝင်နေသည်။ ၎င်းအပြင် နတ်၊ နဂါးကိုးကွယ်သည့်အလေ့နှင့် ဂဝံပတိကိုးကွယ်မှုများသည် ထေရဝါဒဗုဒ္ဓဘာသာနှင့် ယှဉ်တွဲ၍ ရှိခဲ့သည်။ ကျန်စစ်သားမင်းလက်ထက်တွင် ပိဋကတ်သုံးပုံကို စုဆောင်းခြင်း၊ ဗုဒ္ဓဂယာရှိ ပျက်စီးနေသော သာသနိကအဆောက်အအုံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ကျန်စစ်သားမင်းသည် ဗုဒ္ဓဘာသာကို အထူးချီးမြှင့်ပေးသကဲ့သို့ ဗိဿနိုးနတ်မင်းဆိုင်ရာ ပူဇော်ပသပွဲများကိုလည်း ပြုလုပ်ခွင့်ပေးခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားခဲ့သော်လည်း အခြားအယူဝါဒများကို နှိပ်ကွပ်ခြင်းမရှိဘဲ အထိုက်အလျောက် ခွင့်ပြုပေးခဲ့သည်။ ပုဂံခေတ်ပြည်သူတို့သည် ဗုဒ္ဓဝါဒကို ကောင်းစွာနားလည်ကြပြီး ယဉ်ကျေးမှုဓလေ့ထုံးစံများတွင် တိုင်းတစ်ပါးဟန်ကို ကိုယ်ပိုင်ဟန်ဖြစ်အောင် ဖန်တီးယူခဲ့ကြသည်။

နရပတိစည်သူမင်းလက်ထက်တွင် သီဟိုဠ်နှင့် အဆက်အသွယ်များလာပြီး သာသနာရေး ပြုပြင်ပြောင်းလဲမှုများကို မွန်ရဟန်းတော်ဆပ္ပဒမထေရ်၏ ကြိုးပမ်းမှုဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ နာတောင်မျာ (ထီးလိုမင်းလို)မင်းလက်ထက်တွင် ပေါင်းလောင်းရှင်မဟာကဿပကဲ့သို့ တောကျောင်းရဟန်းများလည်း ရှိခဲ့သည်။

**အဓိကအချက်များ**

- ပုဂံခေတ်အစောပိုင်းတွင် ထွန်းကားခဲ့သော ဗုဒ္ဓဘာသာသည် ထေရဝါဒစစ်စစ်ဟုမဆိုနိုင်ဘဲ မဟာယာနဗုဒ္ဓဘာသာနှင့် ဟိန္ဒူဝါဒအယူအဆများ ရောနှောပါဝင်နေခြင်း။
- နတ်၊ နဂါးကိုးကွယ်သည့်အလေ့နှင့် ဂဝံပတိကိုးကွယ်မှုများသည် ထေရဝါဒဗုဒ္ဓဘာသာနှင့် ယှဉ်တွဲ၍တည်ရှိခဲ့ခြင်း။

DBE BOX - Copyright Protected

- အခြားအယူဝါဒများကို အထိုက်အလျောက်ဆောင်ရွက်ခွင့်ပေးခဲ့ခြင်း။
- ယဉ်ကျေးမှုဓလေ့ထုံးစံများတွင် တိုင်းတစ်ပါးဟန်ကို ကိုယ်ပိုင်ဟန်ဖြစ်အောင် ဖန်တီးယူခဲ့ခြင်း။
- သီဟိုဠ်နှင့်အဆက်အသွယ်များလာပြီး သာသနာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်း။
- ပေါင်းလောင်ရှင်မဟာကဿပကဲ့သို့ တောကျောင်းရဟန်းများလည်း ရှိခြင်း။


**လေ့ကျင့်ရန်မေးခွန်း**

၁။ ပုဂံခေတ်ကိုးကွယ်ယုံကြည်မှုကို အကဲဖြတ်ပါ။

## ၂.၅။ ပုဂံခေတ်သာသနိကအဆောက်အအုံများ

DBE BOX - Copyright Protected

ပုဂံခေတ်တွင်တွေ့ရသော သာသနိကအဆောက်အအုံများမှာ စေတီ၊ ဂူဘုရား၊ ပိဋကတ်တိုက်၊ ဓမ္မသာခေါ် တရားနာသူများလာရောက်ရာနေရာ၊ သိမ်၊ အုတ်ဇရပ်၊ ရေတွင်း၊ ရေကန်တို့ဖြစ်သည်။ ပုဂံခေတ် သာသနိကအဆောက်အအုံများတွင် စေတီနှင့် ဂူဘုရားဟူ၍ နှစ်မျိုးရှိသည်။



ပုံ(၃) ပုဂံခေတ်စေတီ

ဂူဘုရားသည် အတွင်းပိုင်း၌ လှည့်ပတ်သွားလာ၍ရသော်လည်း စေတီမှာ အပြင်မှသာ လှည့်ပတ်ဖူးမြော်နိုင်သည်။ ပုဂံခေတ်တွင် စေတီ၊ ဂူဘုရားတို့၌ ထီးတင်သည့်ဓလေ့ မထွန်းကားသေးဘဲ ထိပ်ဆုံးတွင် ယခုခေတ် ငှက်ပျောဖူးဟုခေါ်သော အထွတ်ဖြင့်သာ အဆုံးသတ်ကြသည်။

ပုဂံခေတ်တွင် ဂူ၊ စေတီ၊ ဘုန်းကြီးကျောင်းတို့ကို တည်ဆောက်လျှင် အုတ်တံတိုင်းတစ်ထပ် သို့မဟုတ် နှစ်ထပ်သင့်သလို ကာရံလေ့ရှိသည်။ ပူပြင်းသော အရပ်ဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကို တားဆီးနိုင်ရန် ဆောက်လုပ်ခြင်းဖြစ်ပြီး တံတိုင်းမီးကာ ဟုခေါ်သည်။

ပုဂံဒေသတွင်ရှိသော ဂူဘုရားတို့ကို လူတို့က အုတ်၊ ကျောက်တို့ဖြင့် တည်ဆောက်ထားပြီး ဂူအမိုးပေါ်၌ ကွန်းထောင်နှင့် စေတီတည်ထား


သည်။ ဂူဘုရားများကို ပန္နက်ပုံစံအမျိုးမျိုးဖြင့် တည်ဆောက်ကြသည်။ ဂူဘုရားများ၏အလယ်တွင် လေးထောင့်မဏ္ဍိုင်အုတ်တိုင်ကြီးရှိသည်။ မဏ္ဍိုင်အုတ်တိုင်ကြီး၏ တစ်ဖက်စီတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူစီကို ဝင်ပေါက်လေးပေါက်အား မျက်နှာမူလျက်တည်ထားသည်။ ဝင်ပေါက်တစ်ပေါက်တည်းရှိသော တဝဂူရှိသကဲ့သို့ လေးမျက်နှာဂူ၊ ငါးမျက်နှာဂူတို့လည်းရှိသည်။ ပုဂံဒေသတွင် လေးမျက်နှာဂူကို အများဆုံးတွေ့ရသည်။

တဝဂူဘုရားများမှာ သေးငယ်သော အဆောက်အအုံများဖြစ်ပြီး စေတီကြီးများနှင့် ဂူဘုရားကြီးများ၊ ကျောင်းတိုက်ကြီးများ၏ ပရိဝုဏ်အနီးတွင် တည်ထားလေ့ရှိသည်။ လေးမျက်နှာဂူဘုရားမှာ ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ရည်စူး၍ တည်ထားခြင်းဖြစ်သည်။ ငါးမျက်နှာဂူဘုရားမှာမူ နောင်ပွင့်မည့် အရိမေတ္တေယျဘုရားကိုပါ ထည့်သွင်း ပူဇော်ထားခြင်းဖြစ်သည်။

တရားကျင့်သောသူများ တရားကျင့်ရန် ဥမင်များကိုလည်း တည်ဆောက်ခဲ့သည်။ ကျောက်စာတွင် "ဥမင်ဒ္ဒကိန်းဝပ်စံပယ်သော" ရဟန်းဟု ဖော်ပြပါရှိသဖြင့် ဥမင်များသည် ဝိပဿနာတရား ကျင့်ကြံအားထုတ်ရန် နေရာဟု ဆိုနိုင်သည်။ ကျွန်စစ်သားဥမင်၊ တရုတ်ပြေးဥမင်၊ နန္ဒမညာဥမင်၊ ကျောက်ဂူဥမင်၊ ငှက်ပစ်တောင်ဥမင်များသည် ပုဂံဒေသတွင် ထင်ရှားသောဥမင်များဖြစ်သည်။



ပုံ(၄) ပုဂံခေတ်ဂူဘုရား



ပုံ(၅) ဥမင်အတွင်းဘက်ပြပုံ

DBE BOX - Copyright Protected

ပုဂံခေတ်တွင် စာသင်တိုက်ကြီးများရှိသကဲ့သို့ တောကျောင်းကဲ့သို့သော ကျောင်းငယ်များလည်းရှိသည်။ ဆင်ဖြူရှင်ကျောင်းတိုက်၊ ဆုတောင်းပြည့်ကျောင်းတိုက်တို့သည် စာသင်တိုက်များဖြစ်ကြသည်။ ရှင်မဟာကဿပတောကျောင်း၊ အိုဆီတောကျောင်းတို့မှာ ပုဂံဒေသတွင်အရေးပါသောတောကျောင်းများဖြစ်သည်။



ပုံ(၆) ပုဂံခေတ်ရဟန်းကျောင်းတိုက်

ပုဂံခေတ်တွင် ဒါယကာတစ်ဦးတည်းက ကျောင်းတိုက်ဝင်းကြီးတစ်ခုလုံးကို တည်ဆောက်လှူဒါန်းသည်လည်းရှိသည်။ ၁၂၂၃ တွင် အမတ်ကြီးအနန္တသူ တည်ဆောက်ခဲ့သော အနန္တသူကျောင်း ခေါ် လေးမျက်နှာကျောင်းတိုက်ကြီးသည် ရဟန်းများတရားအားထုတ်သော ကမ္မဋ္ဌာန်းရိပ်သာကြီးဖြစ်သည်။ လေးမျက်နှာ ကျောင်းတိုက်ကို အနန္တသူ(အနန္တသူရ)က တံတိုင်းနှစ်ထပ်ကာရံပြီး တည်ဆောက်ခဲ့သည်။ ပထမတံတိုင်းအတွင်း၌ လေးမျက်နှာဂူဘုရား၊ တရားဟောဓမ္မသာ၊ ပိဋကတ်တိုက်၊ မဟာထေရ် သီတင်းသုံးရန်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ တံတိုင်းနှစ်ထပ်ကြားတွင် ရဟန်းများသီတင်းသုံးရန် ကျောင်း ၅၀ နီးပါးနှင့် ချက်ပြုတ်ရန် အုတ်ဇရပ်နှစ်ဆောင် ဆောက်လုပ်ခဲ့သည်။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- စေတီနှင့် ဂူဘုရားဟူ၍ ရှိခြင်း။
- ဂူဘုရားသည် အတွင်းပိုင်း၌ လှည့်ပတ်သွားလာ၍ရသော်လည်း စေတီမှာအပြင်မှသာ လှည့်ပတ်ဖူး မြော်နိုင်ခြင်း။
- စေတီဂူဘုရားတို့တွင် ထီးတင်သည့်ဓလေ့ မထွန်းကားသေးဘဲ အထွတ်ဖြင့်သာ အဆုံးသတ်ကြခြင်း။
- ဂူ၊ စေတီ၊ ဘုန်းကြီးကျောင်းတို့ကို တည်ဆောက်လျှင် အုတ်တံတိုင်း တစ်ထပ် သို့မဟုတ် နှစ်ထပ် သင့်သလို ကာရံလေ့ရှိခြင်း။
- ဂူဘုရားများ၏အလယ်တွင် လေးထောင့်မဏ္ဍိုင်အုတ်တိုင်ကြီးရှိခြင်း။
- ပုဂံဒေသတွင် လေးမျက်နှာဂူကို အများဆုံးတွေ့ရခြင်း။

- ငါးမျက်နှာဂူဘုရားတွင် နောင်ပွင့်မည့် အရိမေတ္တယျဘုရားကိုပါ ထည့်သွင်းပူဇော်ခြင်း။
- ဉမင်များသည် ဝိပဿနာတရားကျင့်ကြံအားထုတ်ရန်နေရာဟု ဆိုနိုင်ခြင်း။
- အနန္တသူကျောင်းခေါ် လေးမျက်နှာကျောင်းတိုက်ကြီးသည် ရဟန်းများတရားအားထုတ်သော ကမ္မဋ္ဌာန်းရိပ်သာကြီးဖြစ်ခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ပုဂံခေတ် သာသနိကအဆောက်အအုံအမျိုးအစားများကို ဖော်ပြရှင်းလင်းပါ။

၂။ ပုဂံခေတ်ဂူဘုရားများအကြောင်း မှတ်စုတိုရေးပါ။

၃။ အမတ်ကြီးအနန္တသူ တည်ဆောက်ခဲ့သော အနန္တသူကျောင်းတိုက်အကြောင်း မှတ်စုတိုရေးပါ။

## ၂.၆။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ

ပုဂံခေတ်တွင် ဗုဒ္ဓရုပ်ပွားဆင်းတုများကို ဂူဘုရားများအတွင်း၌ ထည့်သွင်းပူဇော်ရန် ထုလုပ်ခြင်းဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်ကို ပုဂံခေတ်က ‘ဘုရားဆင်းပု’ ဟုခေါ်ပြီး နောက်ပိုင်းတွင် ဆင်းတုဟု ပြောင်းလဲခေါ်ခဲ့သည်။

ဗုဒ္ဓဆင်းတုတော်များပြုလုပ်ရာတွင် ရုပ်တော်မူ၊ တင်ပျဉ်ခွေနှင့် လျောင်းတော်မူများ ပြုလုပ်ပူဇော်ကြသည်။ အများဆုံးမှာ တင်ပျဉ်ခွေ ဆင်းတုတော်များဖြစ်သည်။ ပုဂံခေတ်တွင် အလှူရှင်အချို့က မိမိတို့အရပ်နှင့်တိုင်း၍ ဗုဒ္ဓဆင်းတု ပြုလုပ်ပူဇော်ပြီး ထိုဆင်းတုကို ‘ရုပ်တိုင်းဘုရား’ဟု ခေါ်သည်။ အလှူရှင်၏ အရပ်နှင့်သာမက ကိုယ်အလေးချိန်နှင့်တူအောင် ပြုလုပ်ပူဇော်သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ‘ကိုယ်ရုပ်တိုင်းဘုရား’ဟုခေါ်သည်။



ပုံ(၇) ပုဂံရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူ


ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏မျက်နှာတော်သည် နှာခေါင်းချွန်ပြီး ပေါ်လွင်မှုရှိသည်။ နှုတ်ခမ်းတော်မှာ အနည်းငယ်ပြုံးသယောင်ရှိပြီး မျက်လုံးတော်မှာ သစ်စေ့သဏ္ဌာန်ရှိသည်။ ကိုယ်လုံးတော်မှာ ဖြိုးမောက်ပြီး ဘယ်ဘက် ပခုံးတော်ကို သင်္ကန်းအခွေအလိပ်များနှင့် ဖုံးထားသည်။



ပုံ(၈) ရပ်တော်မူဘုရား



ပုံ(၉) လျောင်းတော်မူဘုရား



ပုံ(၁၀) ပုဂံခေတ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏ သက်နှန်းတော်ပြပုံ

ဗုဒ္ဓဆင်းတုတော်များကို အုတ်၊ သဲကျောက်တို့ဖြင့်ထုလုပ်သည်။ သဲကျောက်ကို ပုဂံအရှေ့တောင်ဘက်တွင်ရှိသော တုရင်းတောင်နှင့် သက်စိုးတောင်မှ ရရှိသည်။ ဆိုသော် သဲကျောက်ဆင်းတုတော်များမှာ အရေအတွက်နည်းပါးပြီး အုတ်ဆင်းတုတော် အရေအတွက်မှာ ပိုမိုများပြားသည်။ သစ်သားဖြင့် ထုလုပ်သော ဗုဒ္ဓဆင်းတုတော်များလည်းရှိသည်။ စောမင်းလတ်ဘုရားတွင် ရွှေဖြင့်ထုလုပ်ထားသော ဗုဒ္ဓဆင်းတုတော်ကို တွေ့ရသည်။

ပုဂံခေတ်၌ ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ရာတွင် မုဒြာ (လက်တော်ထားဟန်) ဆယ်မျိုးခန့် တွေ့ရသည်။ အများဆုံး ထုလုပ်သော ဗုဒ္ဓရုပ်ပွားဆင်းတုများမှာ ဘူမိဖဿမုဒြာ (လက်မြေထိဟန်) ရုပ်ပွားဆင်းတု ဖြစ်သည်။

အာသန (ခြေတော်ထားဟန်)တွင်လည်း ၈ မျိုးတွေ့ရသည်။ ပုဂံခေတ်တွင် ဈာနသန (တရားထိုင်ဟန်)ကို အများဆုံးတွေ့ရသည်။ ဗုဒ္ဓရုပ်ပွားတော်များကို ကြာပလ္လင်၊ ခြသေ့်ပလ္လင်၊ စိန်ကျောက်စီပလ္လင်များနှင့် တွဲဖက်၍ ထုလုပ်ကြသည်။

**အဓိကအချက်များ**

- ရုပ်တော်မူ၊ တင်ပျဉ်ခွေနှင့် လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော်များ ထုလုပ်ပူဇော်ကြခြင်း။
- အများဆုံးမှာ တင်ပျဉ်ခွေဆင်းတုတော်များ ဖြစ်ခြင်း။
- ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ မျက်နှာတော်သည် နှာခေါင်းချွန်ပြီး ပေါ်လွင်မှုရှိခြင်း။
- နှုတ်ခမ်းတော်မှာ အနည်းငယ် ပြုံးသယောင်ရှိပြီး မျက်လုံးတော်မှာ သစ်စေ့သဏ္ဌာန်ရှိခြင်း။
- ကိုယ်လုံးတော်မှာ ဖြိုးမောက်ပြီး ဘယ်ဘက်ပခုံးတော်ကို သင်္ကန်းအခွေအလိပ်များနှင့် ဖုံးထားခြင်း။
- ဗုဒ္ဓဆင်းတုတော်များကို အုတ်၊ သဲကျောက်တို့ဖြင့် ထုလုပ်ခြင်း။
- မုဒြာ (လက်တော်ထားဟန်) ဆယ်မျိုးခန့်တွေ့ရခြင်း။
- ဘူမိဖဿမုဒြာ (လက်မြေထိဟန်) ရုပ်ပွားဆင်းတုတော်ကို အများဆုံးထုလုပ်ခြင်း။
- အာသန (ခြေဟန်) တွင်လည်း ၈ မျိုးတွေ့ရခြင်း။
- ဗျာနသန (တရားထိုင်ဟန်)ကို အများဆုံးတွေ့ရခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ပုဂံခေတ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ဟန်ကို အကဲဖြတ်ပါ။

## ၂.၇။ အနုပညာလက်ရာအဆင်တန်ဆာများ

ပုဂံခေတ်အဆောက်အအုံများကို ဗိသုကာလက်ရာအမျိုးမျိုးဖြင့် တည်ဆောက်ပြီး အနုပညာလက်ရာအဆင်တန်ဆာများ ထည့်သွင်းလေ့ရှိသည်။ စေတီ၊ ဂူ၊ ဘုရား တို့တွင်တွေ့ရသော အနုပညာလက်ရာအဆင်တန်ဆာများမှာ (၁) နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းလက်ရာများ (၂) စဉ့်သုတ်ရုပ်ကြွများ (၃) ကျောက်စာ၊ မင်စာများဖြစ်သည်။

### ၂.၇.၁။ နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းလက်ရာများ

နံရံဆေးရေးပန်းချီများကို ဂူဘုရားအတွင်းနံရံများတွင် ရေးထိုးထားသည်။ ပုဂံဂူဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီ အမျိုးအစားကို လေးမျိုးခွဲနိုင်သည်။

ပထမအမျိုးအစားမှာ ဘုရားလောင်း၏ ဘဝဖြစ်စဉ်ဇာတ်တော်များကို ရေးဆွဲခြင်းဖြစ်သည်။ ထိုဇာတ်တော်များသည် ဗုဒ္ဓဘာသာဝင်များအား လမ်းညွှန်ပေးသောရည်ရွယ်ချက်ဖြင့် ရေးဆွဲခြင်းဖြစ်သည်။

DBE BOX - Copyright Protected

ဒုတိယအမျိုးအစားမှာ ဗုဒ္ဓဝင် (ဗုဒ္ဓုပ္ပတ္တိ) ခေါ် မြတ်စွာဘုရားအကြောင်းကို ရေးဆွဲခြင်းဖြစ်သည်။ ဘုရားလောင်းဖွားမြင်ခန်း၊ တောထွက်ခန်း၊ ဘုရားပွင့်တော်မူခန်း၊ ပရိနိဗ္ဗာန်ပြုခန်းများကို နံရံတွင်ရေးဆွဲကြသည်။ ပုဂံဂူနံရံပေါ်မှ ဗုဒ္ဓဝင် (ဗုဒ္ဓုပ္ပတ္တိ) ဆေးရေးရောင်စုံအရုပ်များတွင် ပုဂံဝန်းကျင်မှ လူများ နေပုံ၊ စားပုံ၊ မြူးထူးပုံ၊ ဝိပဿနာပွားပုံများကို ပန်းချီဆရာက ထည့်သွင်းရေးဆွဲခြင်းဖြစ်သည့်အတွက် ပုဂံခေတ်လူမှုဘဝ သွင်ပြင်လက္ခဏာအဖြစ် မြင်နိုင်သည်။



**ပုံ(၁၁) နံရံဆေးရေးပန်းချီ**

DBE BOX - Copyright Protected

တတိယအမျိုးအစားမှာ ဗုဒ္ဓဘာသာဆိုင်ရာ အကြောင်းအရာတစ်ခုခုကို ရည်ညွှန်းဖော်ပြသော ပန်းချီများဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ဗောဓိသတ္တဘုရားလောင်း၊ ဗုဒ္ဓသာသနာ မြန်မာနိုင်ငံသို့ ရောက်ရှိလာပုံ၊ ကောသလမင်းအိပ်မက်တစ်ဆယ့်ခြောက်ချက် စသည်တို့ကို ရေးဆွဲသည့်အပြင် အလှူအတန်းပေးနေပုံမျိုးကိုလည်း ရေးဆွဲထားသည်။

စတုတ္ထအမျိုးအစားမှာ ပန်းအခွေအလိပ် ခြူးပန်းခြူးနွယ်များထဲတွင် တိရစ္ဆာန်များ၊ နတ်သိကြား၊ ဗြဟ္မာများက ဘုရားအား လာရောက်ပူဇော်ပုံကို ရေးဆွဲဖော်ပြကြသည်။ လှပတင့်တယ်အောင် ရေးဆွဲသည်ဆိုသော်လည်း ဗုဒ္ဓဘာသာဝင်တို့အတွက် သာသနာကို ပိုမိုသက်ဝင်ယုံကြည်လာစေရန် ဆွဲဆောင်နိုင်သောပန်းချီကားများ ဖြစ်သည်။

ပန်းချီရေးဆွဲရာတွင် အသုံးပြုသော ဆေးရောင်မျိုးစုံရှိပြီး သဘာဝအတိုင်းမြင်တွေ့ရသော အရောင်ကိုရအောင် ပန်းချီဆေးများကို ဖော်စပ်အသုံးပြုနိုင်သည်။ ရုပ်ပုံများ ကောက်ကြောင်းဆွဲရာတွင် အရောင်အနုအရင့်ကို ထည့်သွင်းရေးဆွဲသည်။ ပန်းချီရေးစုတ်တံမှာ အလွန်သေးငယ်သော ကောက်ကြောင်းကိုပင် ရေးဆွဲနိုင်သည်။



**ပုံ(၁၂) အင်္ဂတေပန်းလက်ရာ**

စေတီ၊ ဂူဘုရားတို့၏ မုခ်ဝအပြင်ဘက်နှင့် အပေါ်စသည့်နေရာများတွင် နတ်ရုပ်များ၊ ငှက်၊ ခြင်္သေ့ပုံများ၊ ပန်းခွေ၊ ပန်းလိပ်များ၊ တိုင်ဖုံးပန်းများ၊ အချွန်ပုံသုံးထောင့်ပန်းများ၊ ဘီလူးပန်းဆွဲများ၊ နတ်ရှိခိုးအထိုင်ပန်းဆွဲများ၊ ကိန္နရာပန်းဆွဲနှင့် ဂဠုန်ပန်းဆွဲများကို အင်္ဂတေပန်းလက်ရာများဖြင့် ပုံဖော်ထားသည်။ အဆောက်အအုံ၏ ပြတင်းပေါက်များနှင့် ဘုရားပလ္လင်တံကဲများတွင် အင်္ဂတေပန်းများကို ထည့်သွင်းထားသည်။

## ၂.၇.၂။ စဥ့်သုတ်ရုပ်ကြွများ

စေတီနှင့် ဂူဘုရားပတ်လည်တွင် စဥ့်သုတ်ရုပ်ကြွများ ထည့်သွင်းပူဇော်ကြသည်။ ထိုရုပ်ကြွများမှာ ဂေါတမဗုဒ္ဓ၏ ဘဝဖြစ်တော်စဉ်ဆိုင်ရာဇာတ်တော်များ စဥ့်သုတ်ရုပ်ကြွများဖြစ်ပြီး ၎င်းကို ၅၅၀ ဇာတ်ရုပ်ကြွများဟုခေါ်သည်။ ၅၅၀ ဇာတ်ရုပ်ကြွရှိသောစေတီများမှာ ဖက်လိပ်ဘုရား ၂ ဆူဖြစ်သည်။ ၅၅၀ ဇာတ်တော်ကို စေတီများတွင်ထည့်သွင်းရာ၌ ပစ္စယံအဆင့်ဆင့်တွင် ဇာတ်တစ်ခုလျှင် တစ်ချပ်နှုန်းဖော်ပြပြီး ဇာတ်ကြီးဆယ်ဘွဲ့ကို ရုပ်ကြွများဖြင့် ထည့်သွင်းထုလုပ်သည်။

DBE BOX - Copyright Protected



**ပုံ(၁၃) စဥ့်သုတ်ရုပ်ကြွ**

ဇာတ်ရုပ်ကြွများကို စဉ့်အစိမ်းရောင်သုတ်ထားပြီး ဇာတ်အမည်များကို ပါဠိ၊ မွန်၊ မြန်မာဘာသာတို့ဖြင့်ရေးထိုးကြသည်။

ဗုဒ္ဓဘဝဖြစ်တော်စဉ်ဇာတ်များအပြင် လူမှုရေးဆိုင်ရာ စဉ့်သုတ်ရုပ်ကြွများလည်းရှိသည်။ ဗုံတီးနေသူနှင့် ကနေသူပုံပါသော စဉ့်အစိမ်းရင့်ရောင်သုတ်ထားသည့် ရုပ်ကြွ၊ နတ်၊ ခြင်္သေ့၊ ငှက်၊ ကြာပန်းပုံများပါသော စဉ့်သုတ်ရုပ်ကြွများကို တွေ့ရသည်။ စဉ့်သုတ်အုတ်များဖြင့် တည်ထားသော စဉ့်ပုထိုးများကို ငကွဲနားတောင်းနှင့် အလိုပြည့်ဘုရားအနီးရှိစေတီတွင်တွေ့ရသည်။

## ၂.၈။ ကျောက်စာ၊မင်စာ

ပုဂံခေတ်ကျောက်စာများကို ပါဠိ၊ သက္ကတ၊ တမီးလ်၊ တရုတ်၊ ပျူ၊ မွန်၊ မြန်မာ ဘာသာတို့ဖြင့် ရေးထိုးထားသည်။ ကျောက်စာအများစုကို မြန်မာဘာသာဖြင့် ရေးထိုးထားသည်။ ၁၁၁၃ ခုနှစ်တွင် ရေးထိုးသော ရာဇကုမာရ်ကျောက်စာကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ ဘာသာလေးမျိုးဖြင့် ရေးထိုးခဲ့သည်။



ပုံ(၁၄) ကျောက်စာတိုင်

ကျောက်စာတိုင်များတွင် ကျောက်တုံး၊ ကျောက်ပြားပေါ် မူတည်၍ နှစ်မျက်နှာထိုး ကျောက်ချပ်နှင့် လေးမျက်နှာထိုး ကျောက်တိုင်ဟူ၍ရှိသည်။ ကျောက်စာအများစုမှာ တစ်မျက်နှာတည်းရေးထိုးသော ကျောက်စာများဖြစ်သည်။ ပုဂံခေတ်ကျောက်စာ ရေးထိုးရာတွင် လေးထောင့်အက္ခရာများဖြင့်ရေးထိုးသည်။ ပုဂံခေတ်ကျောက်စာများတွင် ဘုရားတည်၊ ကျောင်းဆောက်၊ မြေလှူ၊ ကျွန်လှူ မှတ်တမ်းများကို အဓိကထားရေးထိုးသည်။ အလှူရှင်များ၏ အမည်များတွင် မင်း၊ မိဖုရား၊ မင်းသား၊ မင်းသမီး၊ အမတ်၊ သေနာပတိ၊ သူဌေး၊ သူကြွယ်တို့၏အမည်များကိုတွေ့ရသည်။ အလှူဒါနပြုသည့်နေ့ကို ကျောက်စာတွင် သက္ကရာဇ်ရေးထိုးဖော်ပြခဲ့သည်။ သက္ကရာဇ်ရေးထိုးရာတွင် ခု၊ နှစ်၊ လ၊ ရက်၊ နေ့ အင်္ဂါငါးရပ် ပြည့်စုံအောင် ရေးထိုးလေ့ရှိသည်။ နှစ်အမည်များကို နက္ခတ်တာရာအမည်များဖြင့် ဖော်ပြလေ့ရှိသည်။

နံရံမင်စာရှိ ထင်ရှားသောဘုရားများမှာ ခေမာဝရစေတီ၊ ငါးမျက်နှာ၊ စူဠာမဏိ၊ တောင်ဂူနီ၊ မြောက်ဂူနီ၊ သမုတိဘုရား၊ ကုသဘုရား၊ ဓမ္မရာဇိကတို့ဖြစ်သည်။ မင်စာများကို အနက်ရောင်၊ အနီရောင်ဖြင့် ရေးသားသည်။ ဘုရားတည်မှတ်တမ်းများ၊ တရားစီရင်ရေးဆိုင်ရာမှတ်တမ်းများ၊ ဇာတာခွင်များကို ရေးသားလေ့ရှိသည်။

**အဓိကအချက်များ**

- ပုဂံဂူဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီ အမျိုးအစားကို လေးမျိုးခွဲနိုင်ခြင်း။
- သဘာဝအတိုင်းမြင်တွေ့ရသော အရောင်မျိုးစုံကိုရအောင် ပန်းချီဆေးများကို ဖော်စပ်အသုံး ပြုနိုင်ခြင်း။
- ရုပ်ပုံများကောက်ကြောင်းဆွဲရာတွင် အရောင်အနုအရင့် ထည့်သွင်းရေးဆွဲလေ့ရှိခြင်း။
- ပန်းချီရေးစုတ်တံမှာ သေးငယ်သည့် အရေးကြောင်းကိုပင် ရေးဆွဲနိုင်ခြင်း။
- နံရံမင်စာများတွင် ဘုရားတည်မှတ်တမ်းများ၊ တရားစီရင်ရေးဆိုင်ရာမှတ်တမ်းများ၊ ဇာတာ ခွင်များကို ရေးသားလေ့ရှိခြင်း။
- အဆောက်အအုံအပြင်ဘက်၊ အဆောက်အအုံ၏ပြတင်းပေါက်များနှင့် ဘုရားပလ္လင်တံကဲ များတွင် အင်္ဂတေပန်းများကို ထည့်သွင်းခြင်း။
- ကျောက်စာအများစုကို မြန်မာဘာသာဖြင့် ရေးထိုးခြင်း။
- ကျောက်စာရေးထိုးရာတွင် လေးထောင့်အက္ခရာများဖြင့် ရေးထိုးခဲ့ခြင်း။
- ဘုရားတည်၊ ကျောင်းဆောက်၊ မြေလှူ၊ ကျွန်လှူမှတ်တမ်းများကို အဓိကထားရေးထိုးခဲ့ခြင်း။
- ကျောက်စာတွင် သက္ကရာဇ်ရေးထိုးရာ၌ ခု၊ နှစ်၊ လ၊ ရက်၊ နေ့ အင်္ဂါငါးရပ်ပြည့်စုံအောင် ရေးထိုးလေ့ရှိခြင်း။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ပုဂံခေတ်အဆောက်အအုံများတွင်တွေ့ရသော အနုပညာလက်ရာအဆင်တန်ဆာအမျိုးမျိုး တို့အနက် အောက်ပါတို့အကြောင်းကို မှတ်စုတိုရေးပါ။
(က)အင်္ဂတေပန်းလက်ရာများ (ခ) စဉ့်သုတ်ရုပ်ကြွများ (ဂ) ကျောက်စာ၊ မင်စာ

၂။ ပုဂံခေတ်နံရံဆေးရေးပန်းချီအကြောင်း တင်ပြဆွေးနွေးပါ။

၃။ ပုဂံခေတ်အနုပညာအဆင်တန်ဆာလက်ရာတို့၏ အဆင့်အတန်းကို ဝေဖန်ဆန်းစစ်ပါ။

## ၂.၉။ ပုဂံခေတ်ဗိသုကာလက်ရာ

### ၂.၉.၁။ စေတီနှင့် ဂူပုံသဏ္ဌာန်အဆင့်ဆင့်ပြောင်းလဲလာပုံ

ပုဂံခေတ် အစောပိုင်းစေတီပုံသည် စေတီအလယ်ပိုင်းအား ထုလုံးရှည်ပုံသဏ္ဌာန်တည်ထား သောပုံဖြစ်သည်။ ၎င်းပုံစံကို သရေခေတ္တရာရှိ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ စသော

ဘုရားများတွင် တွေ့နိုင်သည်။ ပုဂံတွင်ရှိသော ဗူးဘုရား၊ ငကြွဲနားတောင်းနှင့် လောကနန္ဒာတို့သည် သရေခေတ္တရာပုံစံကို အသင့်အတင့်ပြင်ထားသောပုံစံဖြစ်ပြီး စေတီအလယ်ပိုင်းကို စင်းလုံးချော တည်ဆောက်ထားကာ အဖျားကော့ထားသော သဏ္ဌာန်ရှိသည်။

ပုဂံခေတ်နောက်ပိုင်းတွင် စေတီများကို ခေါင်းလောင်းပုံသဏ္ဌာန် တည်ဆောက်လာကြသည်။ ပုဂံရှိရွှေစည်းခုံစေတီသည် ခေါင်းလောင်းပုံစေတီတို့၏ မူရင်းပုံစံဖြစ်သည်။ ပုဂံခေတ်စေတီများတွင် အထက်ပိုင်း၌ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလန်၊ ငှက်ပျောဖူး ထည့်သွင်းထားသည်။ ဖောင်းရစ် အထက်တွင်ရှိသော ငှက်ပျောဖူးကို ပုဂံခေတ်က အထွတ်ဟုခေါ်သည်။



**ပုံ(၁၅) လောကနန္ဒာဘုရား**

DBE BOX - Copyright Protected

ဂူဟ ဟု ခေါ်သော သဘာဝဂူကိုအတုယူပြီး ဗုဒ္ဓဆင်းတုတော်ကိန်းဝပ်ရန် ဘုရားကျောင်း ဆောက်လုပ်ကြသည်။ ဂူအတွင်းရှိ ဂန္ဓကုဋီတိုက်သည် ဗုဒ္ဓကိုယ်စားတော်ကိန်းဝပ်ရာနေရာဖြစ်သည်။ ထိုသို့ ရုပ်ပွားတော် တည်ထားသောကျောင်းကို ကုလားကျောင်းဟုခေါ်သည်။ ၎င်းကျောင်းအပေါ်တွင် သိခရ (မျှော်စင်၊ ပြာသာဒ်၊ ကွန်းထောင်) တင်ထားသည်။

ပုဂံခေတ်ဦးဂူများသည် အတွင်းတွင် မှောင်၍ ပုဂံခေတ်နောက်ပိုင်း တည်ဆောက်သော ဂူများသည် အတွင်းတွင် အလင်းရောင်ပိုမိုရရှိသည်။ ထိုသို့ခြားနားချက်သည် ဗိသုကာတည်ဆောက်ပုံ ကွာခြားမှုကြောင့်ဖြစ်သည်။ ခေတ်ဦးကာလတွင် ဂူဘုရားများ တည်ဆောက်သောအခါ အလျားလိုက် မျဉ်းကို အသားပေးထားသောကြောင့် အဆောက်အအုံသည် မြေတွင်ဝပ်နေသကဲ့သို့ဖြစ်ပြီး အမှန် တကယ်အမြင့်ထက် နိမ့်သယောင်ထင်ရသည်။ ပြတင်းပေါက်ထည့်ထားမှုနည်းပြီး ပြတင်းပေါက်

ပုံမှာလည်း သေးငယ်သည်ကိုတွေ့ရသည်။ ပြတင်းပေါက်တစ်ပြင်လုံးကို ပန်းခက်များ၊ စက်ဝန်းများ ပြုလုပ်ထားရာ အလင်းရောင်နှင့် လေကောင်းလေသန့် အရနည်းသည်ကိုတွေ့ရသည်။ နောက်ပိုင်းကာလ တည်ဆောက်သောဂူများတွင် ဒေါင်လိုက်မျဉ်းကို အသားပေးတည်ဆောက်သောကြောင့် မူလအရှိထက် ပိုမြင့်သည်ဟု ထင်ရသည်။ ပြတင်းပေါက်အရေအတွက်များပြီး ပြတင်းအဝကျယ်သဖြင့် အလင်းရောင်နှင့် လေကို ကောင်းစွာရရှိသည်။ စံနမူနာပြစရာ အကောင်းဆုံး မှာ သဗ္ဗညုဘုရားဖြစ်ပြီး တက်ကြွဟန်ဟုဖော်ပြသည်။ ခေတ်ဦးနှင့် ခေတ်နှောင်းကြားကာလ စံနမူနာလက်ရာဖြစ်သောဘုရားမှာ အာနန္ဒာဘုရားဖြစ်ပြီး မလင်းမမှောင်ဟု ဆိုနိုင်သည်။

## ၂.၉.၂။ ရွှေစည်းခုံစေတီဗိသုကာလက်ရာ



**ပုံ(၁၆) ရွှေစည်းခုံစေတီ**

ရွှေစည်းခုံစေတီကို အနော်ရထာမင်းကြီးက စတင်တည်ထားခဲ့ပြီး ကျန်စစ်သားမင်းကြီးက ၁၁၀၂ ခုနှစ်တွင် တုရင်တောင်မှကျောက်များဖြင့်ငုံ၍ အပြီးသတ်တည်ဆောက်ခဲ့သည်။ အောက်ခြေမှ ကြာမှောက်ကြာလန်အထိ ကျောက်အုတ်များဖြင့် တည်ထားသည်။ ဗိသုကာလက်ရာများ အနေဖြင့် ပစ္စယာအဆင့်ဆင့်တွင် ငါးရာ့ငါးဆယ်ဇာတ်တော် အစိမ်းရောင်စဥ့်သုတ်ရုပ်ကြွများကို တွေ့ရသည်။ စေတီတော်၏ မျက်နှာလေးဖက်တွင် မတ်ရပ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူရှိသည်။ ကျန်စစ်သားမင်းကြီးအတ္ထုပ္ပတ္တိနှင့် မင်းကြီးလက်ထက် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုအခြေအနေများကို ရေးထိုးထားသော မွန်ကျောက်စာတိုင်ကြီး နှစ်တိုင်ရှိသည်။

ယခုတိုင်ကျန်ရှိနေသေးသော တံခါးရွက်ကြီးတစ်ခုတွင် လှုပ၍ လက်ရာမြောက်သော ပန်းတန်းများ၊ တူရိယာတီးမှုတ်သူများနှင့် ပန်တျာသည်ပုံများကို ထွင်းထုထားသည်။ အတွင်းတံတိုင်းနှင့် အပြင်တံတိုင်း မုခ်ဝဲယာ၌ ဒွာရပါလနတ်ရုပ်၊ ခြသေ့်ရုပ်တု၊ လက်ဆယ်ဖက်ပါနတ်ရုပ်နှင့် နဂါးရုပ်တုကြီးများရှိသည်။

## ၂.၉.၃။ အာနန္ဒာဂူဘုရားဗိသုကာလက်ရာ



DBEBOX - Copyright Protected

**ပုံ(၁၇) အာနန္ဒာဂူဘုရား**

အာနန္ဒာဂူဘုရားကို ၁၁၀၅ ခုနှစ်တွင် ထီးလှိုင်ရှင် (ခေါ်) ကျန်စစ်သားမင်းက တည်ထားခဲ့သည်။ အာနန္ဒာဂူဘုရားကြီး၏ဉာဏ်တော်မှာ အမြင့် ၁၆၈ ပေ၊ အကျယ် ၂၈၉ ပေရှိသည်။ တံတိုင်းအကျယ်တစ်ဖက်လျှင် ၅၅၀ ပေစီရှိသည်။ အာနန္ဒာဂူဘုရား၏ ပန္နက်ပုံမှာ ကြက်ခြေခတ်သဏ္ဌာန်ဖြစ်သည်။ အာနန္ဒာဂူဘုရားသည် ပုဂံခေတ်တွင်ဗိသုကာ လက်ရာအမြောက်ဆုံး ဂူဘုရားတစ်ဆူဖြစ်သည်။ အာနန္ဒာဂူဘုရားတွင် ကျောက်ဆစ်(ပန်းတမော့)လက်ရာ၊ အင်္ဂတေပန်း(ပန်းတော့) လက်ရာ၊ စဉ့်ကွင်းလက်ရာ၊ သစ်သားပန်းပုလက်ရာ၊ ပန်းပဲလက်ရာ စသော ဗိသုကာလက်ရာမျိုးစုံကို တွေ့နိုင်သည်။

အာနန္ဒာဂူဘုရားနှင့်ပတ်သက်၍ စေတီရံတစ်သောင်း၊ မုခ်ပေါင်းတစ်ထောင်၊ လမ်းသုံးမြောင်ဟူ၍ အဆိုတစ်ခုရှိသည်။ စေတီရံတစ်သောင်းကို အပြင်တံတိုင်း၊ ကွန်းထောင်နှင့် အတွင်းလိုဏ်မုခ်ကပ်များတွင် တည်ထားခြင်းဖြစ်သည်။ မုခ်ပေါင်းတစ်ထောင်မှာ စကြံပတ်လမ်းနံရံနှင့် အာရုံခံအတွင်းတွင် ထည့်သွင်းထားသည်။ ၎င်းမုခ်ကပ်များမှာ ပဲ့တင်သံမကြားရအောင် ဖန်တီးထားခြင်း

ဖြစ်သည်။ လမ်းသုံးမြောင်မှ အတွင်းပတ်လမ်းသည် ရဟန်းသံဃာများ ပူဇော်ရန်ဖြစ်ပြီး အလယ်ပတ်လမ်းမှာ မင်းညီမင်းသား လူတန်းစားတို့အတွက်ဖြစ်သည်။ အပြင်ပတ်လမ်းမှာ သာမန်လူပုဂ္ဂိုလ်များ လှည့်လည်ဖူးမြော်ရန်ဖြစ်သည်။

ဗိသုကာလက်ရာနှင့်ပတ်သက်၍ အတွင်းစင်္ကြံနှင့် အပြင်စင်္ကြံသို့ လေဝင်လေထွက်ကောင်းစေရန် စီမံပြုလုပ်ထားသည်။ မတ်ရပ်ဆင်းတုတော်ကြီးလေးဆူ၏ မျက်နှာတော်များဆီသို့ အထက်မုခ်ကပ်၊ အောက်မုခ်ကပ်များမှ အလင်းရောင်ပေးထားသည်။

အာနန္ဒာဘုရား၏ ပေါင်းကူးများတွင် သဲကျောက်များကို အုတ်များကြားတွင် ထည့်စီထားသည်။ ထို့အပြင် စင်္ကြံပတ်လမ်း မျက်နှာကြက်ထောင့်များ တောင့်တင်းစေရန် အတွင်းနှင့်အပြင်နံရံကို တွဲဆက်ပေးထားသည်။

ပုဂံတွင် အာနန္ဒာဂူဘုရားကြီးသည် စဉ့်လက်ရာအစုံဆုံးနှင့် အကောင်းဆုံးလက်ရာများရှိသော ဘုရားတစ်ဆူဖြစ်သည်။ အပေါ်ပစ္စယံအဆင့်ဆင့်တွင် ဇာတ်ကြီးဆယ်ဘွဲ့ကို အသေးစိတ်သရုပ်ဖော်ထားသည်။ အာနန္ဒာဘုရားရှိ ဗုဒ္ဓဝင်အခန်း ၈၀ ပါ ကျောက်ဆစ်လက်ရာများသည် လက်ရာအမြောက်ဆုံး ပန်းတမော့လက်ရာများဖြစ်သည်။ အာရုံခံနံရံများနှင့် မျက်နှာကြက်တို့၌ နံရံဆေးရေးပန်းချီများ ရေးဆွဲထားသည်။ ဗုဒ္ဓရုပ်ပွားတော်ပုံကြီးများနှင့် ရဟန္တာပုံများ၊ ကြာပွင့်ပုံများ၊ ဆေးရေးပန်းခက်ပုံများကို ရေးဆွဲထားခြင်းဖြစ်သည်။

အာရုံခံလေးဖက်အတွင်းရှိ မတ်ရပ်နတ်ရုပ်များ၊ ဒွါရပါလနတ်ရုပ်များ၊ ခြင်္သေ့ရုပ်များနှင့် စကြဝတေးနတ်မင်းပုံများသည် အင်္ဂတေပန်းတော့လက်ရာများ ဖြစ်သည်။ မတ်ရပ်ရုပ်ပွားတော်လေးဆူမှာ သစ်သားပန်းပု လက်ရာများဖြစ်ပြီး အနီးကပ်ဖူးမြော်လျှင် မျက်နှာတော် တည်ကြည်ပြီး အဝေးမှဖူးမြော်လျှင် မျက်နှာတော်မှာ ပြုံးနေဟန် ထုလုပ်ထားသည်။

DBE BOX - Copyright Protected



ပုံ(၁၈) အာနန္ဒာဂူဘုရားအတွင်းရှိ ခြင်္သေ့ရုပ်



ပုံ(၁၉) အာနန္ဒာဂူဘုရားအတွင်းရှိ မုခ်ကပ်များ



ပုံ(၂၀) အာနန္ဒာဂူဘုရားအတွင်းစင်္ကြံပတ်လမ်း

## ၂.၉.၄။ သဗ္ဗညုဂူဘုရားဖိသုကာလက်ရာ

သဗ္ဗညုဂူဘုရားကို အလောင်းစည်သူမင်းက ၁၁၄၄ ခုနှစ်တွင် တည်ထားခဲ့သည်။ ပုဂံတွင်ရှိသော ဘုရားများအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည်။ ဉာဏ်တော်အမြင့်မှာ ၂၀၁ ပေမြင့်သည်။ ပုဂံဒေသရှိ စေတီပုထိုးများနှင့် ပတ်သက်၍ "ထုမှာ ဓမ္မရံ၊ ဉာဏ်မှာ သဗ္ဗညု၊ အနုမှာ အာနန္ဒာ" ဟု စာချိုးဖြင့် မှတ်တမ်းတင်ကြသည်။

သဗ္ဗညုဂူဘုရားမှာ စကြံပတ်လမ်းလေးဆင့်၊ ဝတ်ပြုရန်စေတီ၊ ဝိဟာရ (စာသင်ကျောင်း)နှင့် ပိဋကတ်တိုက်တို့ ပါဝင်သော ပစ္စယံခုနစ်ဆင့်ရှိ ဂူဘုရားကြီးဖြစ်သည်။ ဂန္ဓကုဋီတိုက် အမိုးပေါင်းကူးမှာ သစ်သား၊ သံ မပါဝင်ဘဲ အုတ်ကိုသာအသုံးပြုပြီး တည်ဆောက်ထားသည်။ မျက်နှာကြက်နှင့် နံရံများတွင် ဗုဒ္ဓခြေတော်ရာပုံ နံရံဆေးရေးပန်းချီများ ရေးဆွဲထားသည်။



DBE Copyright Protected

ပုံ(၂၁) သဗ္ဗညုဂူဘုရားကြီး

## ၂.၉.၅။ ဓမ္မရံကြီးဂူဘုရားဖိသုကာလက်ရာ


ဓမ္မရံကြီးဂူဘုရားကို ၁၁၇၀ ပြည့်နှစ်တွင် နရသူမင်းက တည်ထားခဲ့သည်။ ပုဂံတွင် ထုထည်အကြီးမားဆုံးသော ဂူဘုရားကြီးဖြစ်သည်။ ပန္နက်ပုံမှာ အာနန္ဒာဘုရား၏ ပန္နက်ပုံကဲ့သို့ ကြက်ခြေခတ်သဏ္ဌာန်ဖြစ်သည်။ စကြံပတ်လမ်းနှစ်ထပ်နှင့် အာရုံခံလေးဖက်တို့ဖြင့် တည်ဆောက်ထားသည်။

ဓမ္မရံကြီးဂူဘုရား၏ ထူးခြားချက်မှာ သေသပ်သောအုတ်စီလက်ရာပင် ဖြစ်သည်။ ပေါင်းကူးများ၊ နံရံထောင့်များတွင် သဲကျောက်များကို ကျင်တွယ်ပုံမြှုပ်ထည့်ထားသည်။ ထောင့်လေးထောင့်တွင်လည်း နံရံနှစ်ခုကို တွဲစပ်နေစေရန် ပေါင်းကူးကြီးများကိုလည်း ပြုလုပ်ထားသည်။

ဂူဘုရား၏အတွင်းပိုင်း ပြတင်းတံကဲများ၊ မုခ်တံကဲကြီးများတွင် အင်္ဂတေပန်း၊ အင်္ဂတေရုပ်များထွင်းထုထားသည်။ အပေါ်ဆင့်တံကဲနှင့် အောက်ဆင့်တံကဲများကြားတွင် ကြာပွင့်ထည့်ထားသည့် သဏ္ဍာန်ပြုလုပ်ထားသော ကလသာအိုးပုံကြီးများ ရှိသည်။ ဓမ္မရံကြီးဂူဘုရား မြောက်အာရုံခံအတွင်း ၁၁၆၅ ခုနှစ်တွင် ရေးထိုးခဲ့သော အစောလတ်ကျောက်စာတွင် မြေ၊ ဥယျာဉ်နှင့် ကျွန်များကို ဓမ္မရံကြီးဘုရားအား လှူဒါန်းကြောင်း ရေးထိုးထားသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ယူနက်စကို (UNESCO) အဖွဲ့က ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့သည်။



**ပုံ(၂၂) စိမ်းညက်ညီမဘုရား**



**ပုံ(၂၃) ဓမ္မရံကြီးဂူဘုရားစင်္ကြံပတ်လမ်း**

**အဓိကအချက်များ**

- ပုဂံခေတ် အစောပိုင်းစေတီပုံသည် စေတီအလယ်ပိုင်းအား ထုလုံးရှည်ပုံတည်ထားခြင်း။
- ပုဂံခေတ်နောက်ပိုင်းတွင် စေတီများကို ခေါင်းလောင်းပုံသဏ္ဌာန် တည်ဆောက်လာကြခြင်း။
- ပုဂံရွှေစည်းခုံစေတီသည် ခေါင်းလောင်းပုံစေတီတို့၏ မူရင်းပုံစံဖြစ်ခြင်း။
- ပုဂံခေတ်ဦးဂူများသည် အတွင်းတွင်မှောင်၍ ပုဂံခေတ်နောက်ပိုင်း တည်ဆောက်သော ဂူများသည် အတွင်းတွင် အလင်းရောင်ပိုမိုရရှိခြင်း။
- ရွှေစည်းခုံဘုရား၏ ပစ္စယံအဆင့်ဆင့်တွင် ငါးရာ့ငါးဆယ်နိပါတ်တော် စဉ့်ကွင်းလက်ရာများကိုတွေ့ရခြင်း။
- အာနန္ဒာဂူဘုရား၏ မုခ်ကပ်များအတွင်းရှိ ဆင်းတုတော်များသို့ အထက်မုခ်ကပ်၊ အောက်မုခ်ကပ်များမှ အလင်းရောင်ပေးထားခြင်း။
- စကြာ်ပတ်လမ်း မျက်နှာကြက်ထောင့်များတောင့်တင်းစေရန် အတွင်းနှင့် အပြင်နံရံကို တွဲဆက်ပေးထားခြင်း။
- မတ်ရပ်ရုပ်ပွားတော် လေးဆူကို အနီးကပ်ဖူးမြော်လျှင် မျက်နှာတော်တည်ကြည်ပြီး အဝေးမှဖူးမြော်လျှင် မျက်နှာတော်မှာ ပြုံးနေဟန်ထုလုပ်ထားခြင်း။
- သဗ္ဗညုဂူဘုရားကြီးသည် ပုဂံတွင်တွေ့ရသောဘုရားများအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ခြင်း။
- သဗ္ဗညုဂူဘုရားကြီးမှာ စင်္ကြံပတ်လမ်း လေးဆင့်၊ ဝတ်ပြုရန်စေတီ၊ ဝိဟာရ (စာသင်ကျောင်း) နှင့် ပိဋကတ်တိုက်တို့ ပါဝင်သော ဂူဘုရားကြီးဖြစ်ခြင်း။
- ဂန္ဓကုဋီတိုက်အမိုးပေါင်းကူးမှာ အုတ်များကိုသာ အသုံးပြုထားခြင်း။
- ဓမ္မရံကြီးဂူဘုရား၏ ပေါင်းကူးများ၊ နံရံထောင့်များတွင် သဲကျောက်များကို ကျင်တွယ်ပုံမြှုပ်ထည့်ထားခြင်း။

DBE BOX - Copyright Protected

## ၂.၁၀။ ပုဂံပျက်သုဉ်းခြင်း

နရသီဟပတေ့မင်းလက်ထက်တွင် အင်အားကြီးမားလာသော မွန်ဂိုဘုရင်ကူဘလေခန်၏ သံတမန်အဖွဲ့ ပုဂံနေပြည်တော်သို့ နှစ်ကြိမ်တိုင်ရောက်ရှိလာခဲ့သည်။ မွန်ဂိုတို့၏ လိုလားချက်များကို နရသီဟပတေ့မင်းကလက်မခံ၍ မွန်ဂိုတပ်များက ၁၂၈၃ ခုနှစ်တွင် ပုဂံမင်းနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ မွန်ဂိုကျူးကျော်မှုကို ပြီးဆုံးရန် ရဟန်းဒိသာပါမောက်အား ပီကင်းအထိစေလွှတ်၍ မွန်ဂိုဧကရာဇ်နှင့် စစ်ပြေငြိမ်းစကားဆိုခဲ့သဖြင့် စစ်ရပ်နားခဲ့သည်။ မွန်ဂိုတို့ကျူးကျော်လာမှုကို တရုတ်မှတ်တမ်းများနှင့် မင်္ဂလာစေတီကျောက်စာတွင် ဖော်ပြထားသည်။

နရသီဟပတေ့မင်း နတ်ရွာစံပြီးနောက် ပြည်တွင်းဆူပူမှုများ ပေါ်ပေါက်လာသည်ကို အခွင့်ကောင်းယူပြီး မွန်ဂိုတပ်များက ပုဂံနေပြည်တော်အား သိမ်းပိုက်ခဲ့သည်။ ထို့နောက် နရသီဟပတေ့မင်း၏ သားတော်တစ်ပါးဖြစ်သော ဒလမြို့စားကျော်စွာအား ရွှေနန်းရှင်ဘွဲ့ဖြင့် ပုဂံမင်းအဖြစ် တင်မြှောက်သည်။ သို့သော် ဒလမြို့စားကျော်စွာသည် အမည်ခံမင်းမျှသာဖြစ်သည်။

ထိုအချိန်တွင် ရှမ်းညီနောင်သုံးဦးဖြစ်သော အသင်္ခယာ၊ ရာဇသင်္ကြံနှင့် သီဟသူတို့သည် မြင်စိုင်း၊ မက္ခရာနှင့်ပင်လယ်မြို့တို့တွင် အင်အားစုပြီး အကြီးအကဲပြုနေကြသည်။ ၎င်းတို့က ၁၂၉၇ ခုနှစ်တွင် ရွှေနန်းရှင်ကို နန်းချပြီး စောနစ်ကို ထီးနန်းတင်သည်။ မွန်ဂိုတို့ လာရောက်တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ ကျောက်ဆည်နှင့် ပုဂံအားပြိုင်မှုကြောင့်လည်းကောင်း ၁၃၀၀ ခုနှစ်နောက်ပိုင်းတွင် ပုဂံနိုင်ငံ၏တန်ခိုးသြဇာသည် တဖြည်းဖြည်း ကျဆင်းလာပြီဖြစ်သည်။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- မွန်ဂိုဘုရင်ကူဘလေခန်၏ သံတမန်အဖွဲ့ ပုဂံနေပြည်တော်သို့ နှစ်ကြိမ်တိုင်ရောက်ရှိလာခြင်း။
- မွန်ဂိုကျူးကျော်မှုကို ပြီးဆုံးရန် ရှင်ဒိသာပါမောက်အား ပီကင်းအထိစေလွှတ်၍ မွန်ဂိုဧကရာဇ်နှင့် စစ်ပြေငြိမ်းစကားဆိုခဲ့ခြင်း။
- ပြည်တွင်းဆူပူမှုများ ပေါ်ပေါက်လာသည်ကို အခွင့်ကောင်းယူပြီး မွန်ဂိုတပ်များက ပုဂံနေပြည်တော်အား သိမ်းပိုက်ခဲ့ခြင်း။
- ရှမ်းညီနောင်သုံးဦးဖြစ်သော အသင်္ခယာ၊ ရာဇသင်္ကြံနှင့် သီဟသူတို့သည် မြင်စိုင်း၊ မက္ခရာနှင့် ပင်လယ်မြို့တို့တွင် အင်အားစုပြီး အကြီးအကဲပြုခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ပုဂံခေတ်စေတီပုံသဏ္ဌာန်အဆင့်ဆင့်ပြောင်းလဲခြင်းအပေါ် အကဲဖြတ်ပါ။

၂။ ပုဂံဂူဘုရားများ ဆောက်လုပ်သောပုံသဏ္ဌာန်ကို ဆွေးနွေးပါ။

၃။ ရွှေစည်းခုံစေတီ၏ အနုပညာလက်ရာအဆင့်အတန်းကို ဝေဖန်ဆွေးနွေးပါ။

၄။ အာနန္ဒာဂူဘုရားနှင့်ပတ်သက်၍ စေတီရုံတစ်သောင်း၊ မုခ်ပေါင်းတစ်ထောင်၊ လမ်းသုံးမြောင် ဟူသောအဆိုကို သင်မည်သို့နားလည်သနည်း။


၅။ အာနန္ဒာဘုရားသည် ပုဂံတွင် ဗိသုကာလက်ရာအမြောက်ဆုံး ဂူဘုရားတစ်ဆူ ဖြစ်သည်ဟု ဆိုသောအဆိုကို ဆွေးနွေးပါ။

၆။ ပုဂံတွင် ဉာဏ်တော်အမြင့်မားဆုံးဂူဘုရားကြီး၏ အနုပညာဗိသုကာလက်ရာများကို ဝေဖန်ပါ။

၇။ ဓမ္မရံကြီးဂူဘုရား၏ ဗိသုကာလက်ရာအဆင့်အတန်းကို တင်ပြပါ။

၈။ အခန်း (၂) ပုဂံယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

အခန်း (၂)




DBE BOX - Copyright Protected

**အခန်း(၂)ပါပုံများ၏ ရင်းမြစ်များ**

**ပုံ(၁)** **ပုဂံမူလ ၁၉ ရွာ မြေပုံ** (ဦးဝင်းမောင် -တမ္ပဝတီ-ပုဂံ ၁၉ ရွာ ကွင်းဆင်းလေ့လာချက်စာတမ်း။)

**ပုံ(၂)** **သရပါတံခါး** (ဒေါက်တာနန်းလှိုင်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၃)** **ပုဂံခေတ်စေတီ** (https://media-cdn.tripadvisor.com/media/photo-s/Of/1c/ba/38/sapada-paya) **(၂၂-၁၀-၂၀၁၉)**

**ပုံ(၄)** **ပုဂံခေတ် ဂူဘုရား** (https://www.google.com/search?safe=strict&client=firefox-b-d&biw=) **(၅-၃-၂၀၁၉)**

**ပုံ(၅)** **ဥမင်အတွင်းဘက်ပြပုံ** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်)

**ပုံ(၆)** **ပုဂံခေတ်ရဟန်းကျောင်းတိုက်** (https://www.google.com/search?safe=strict&client=firefox-b-d&biw=) **(၅-၃-၂၀၁၉)**

**ပုံ(၇)** **ပုဂံရှိဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူ** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန် နိုင်ငံခြားဘာသာသင် တက္ကသိုလ်)

**ပုံ(၈)** **ရုပ်တော်မူဘုရား** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင် တက္ကသိုလ်)

**ပုံ(၉)** **လျောင်းတော်မူဘုရား** (ဦးကိုကိုတိုးလွင်သော်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၁၀)** **ပုဂံခေတ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်၏သက်န်းတော်ပြပုံ** (http://www.electrummagazine.com/2014/09/the-historic-temples-of-bagan-in-burma-myanmar/ ) **(၅-၃-၂၀၁၉)**

**ပုံ(၁၁)** **နံရံဆေးရေးပန်းချီ** (ဦးကိုကိုတိုးလွင်သော်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၁၂)** **အင်္ဂတေပန်းလက်ရာ** (ဦးကိုကိုတိုးလွင်သော်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၁၃)** **စဥ့်သုတ်ရုပ်ကြွ** (ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ(ဌာနမှူး)သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၁၄)** **ကျောက်စာတိုင်** (ဦးကိုကိုတိုးလွင်သော်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၁၅)** **လောကနန္ဒာဘုရား** (ဒေါက်တာမိုမိုသန့်၊ ပါမောက္ခ(ဌာနမှူး)သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၁၆)** **ရွှေစည်းခုံစေတီ** (https://www.google.com/search?q=) **(၇-၃-၂၀၁၉)**

**ပုံ(၁၇)** **အာနန္ဒာဂူဘုရား** (ဒေါက်တာခင်သီတာ၊ ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာသင် တက္ကသိုလ်)

**ပုံ(၁၈)** **အာနန္ဒာဂူဘုရားအတွင်းရှိခြင်္သေ့ရုပ်** (https://www.google.com search? q=ananda +pagoda&safe) **(၇-၃-၂၀၁၉)**

**ပုံ(၁၉)** **အာနန္ဒာဂူဘုရားအတွင်းရှိ မှန်ကပ်များ** (https://www.google.com/search?q=inside+painting+in+Ananda+temple&safe=strict&client=firefox-b-d&source=lnms&tbm) **(၇-၃-၂၀၁၉)**

**ပုံ(၂၀)** **အာနန္ဒာဂူဘုရားအတွင်းစင်္ကြံပတ်လမ်း** (https://www.google.com/search?q=inside+painting+in+Ananda+temple&safe=strict&client=firefox-b-d&source=lnms&tbm) **(၇-၃-၂၀၁၉)**

**ပုံ(၂၁)** **သဗ္ဗညုဂူဘုရားကြီး** (https://www.google.com/search?q =thatbyinnyu +pagoda + in+bagan&safe=) **(၇-၃-၂၀၁၉)**

UBE BOX - Copyright Protected

ပုံ(၂၂) **စိမ်းညက်ညီမဘုရား** (https://wonderbagan.com/myinkaba/Seinnyet Nyima of bagan) (၇-၁၀-၂၀၁၉)

ပုံ(၂၃) **ဓမ္မရံကြီးဂူဘုရားစင်္ကြံပတ်လမ်း** (http://buffalotrip.com/old-bagan/sights/dhammayangyi-temple- pahto.html) (၇-၃-၂၀၁၉)

**ကျမ်းကိုးစာရင်း**


၁။ ကျော်သက်၊ ဒေါက်တာ၊ *ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း*၊ ဒုတိယအကြိမ်၊ ရန်ကုန်မြို့၊ ဝင်းတိုးအောင် ပုံနှိပ်တိုက်၊ ၂၀၁၅။

၂။ တိုးလှ၊ ဒေါက်တာ၊ *မြေပေါ်မြေအောက်ကျောက်စာမှတ်တမ်းများကပြောသော ရှေးဟောင်းမြန်မာနိုင်ငံသမိုင်း*၊ တတိယအကြိမ်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ မေလ ၂၀၁၉။

၃။ တိုက်စိုး၊ *ဗုဒ္ဓဘာသာအနုပညာနိဒါန်း*၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ Quaility Publishing House, ၂၀၀၂။

၄။ *ပုဂံဘုရားပုထိုးများ*၊ ပထမတွဲ၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ၁၉၉၆။

၅။ *ပုဂံဘုရားပုထိုးများ*၊ ဒုတိယတွဲ၊ ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ၁၉၉၆။

၆။ ဘရှင်၊ ဦး၊ *"ပုဂံခေတ် ဗိသုကာနှင့် အနုပညာများ ပေါ်ပေါက် တိုးတက်ပြောင်းလဲလာပုံ"၊ ပြည်ထောင်စုမြန်မာနိုင်ငံစာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်*၊ အတွဲ ၂ အမှတ် ၂ မေ ၁၉၆၉။

၇။ မောင်မောင်ဦး(ဘီအေ)သမိုင်း(ရန်ကုန်တက္ကသိုလ်)၊ *မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ပုဂံစေတီပုထိုးများ*၊ ရန်ကုန်မြို့၊ မြပုံနှိပ်တိုက်၊ ၂၀၀၄။

၈။ ဝင်းမောင်၊ ဦး၊ (တမ္ပဝတီ) *ပုဂံ ၁၉ ရွာ ကွင်းဆင်းလေ့လာချက်စာတမ်း*။

၉။ သန်းထွန်း၊ ဒေါက်တာ(MA. BL.PhD. D.Lit (London)၊ *မြန်မာ့ဗုဒ္ဓသာသနိကအနုပညာလက်ရာ*၊ ရန်ကုန်မြို့၊ ဖိုးဝအော့ဖ်ဆက်၊ ၂၀၀၄။

၁၀။ သန်းထွန်း၊ ဒေါက်တာ၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၇။

၁၁။ သန်းထွန်း၊ ဒေါက်တာ(MA. BL.PhD. D.Lit (London)၊ *အသစ်မြင်ဗမာ့သမိုင်း*၊ ရန်ကုန်၊ သီရိဆွေစာအုပ်တိုက်၊၂၀၀၇။

၁၂။ သန်းထွန်း၊ ဒေါက်တာ(MA. BL.PhD. D.Lit (London)၊ *ဖုကုအိုကသွားမှတ်တမ်း*၊ ရန်ကုန်မြို့၊ ဖိုးဝအော့ဖ်ဆက်၊ ၂၀၀၁။

၁၃။ သန်းထွန်း၊ ဒေါက်တာ (MA. BL. PhD. D.Lit (London)၊ *ပုဂံခေတ်နိုင်ငံရေး*၊ ရန်ကုန်မြို့၊ ဖိုးဝအော့ဖ်ဆက်၊ ၂၀၀၅။

၁၄။ Hudson, Bob, *The Origins of Bagan*. Australia, University of Sydney, 2004.


DBL BOX Copyright Protected

# အခန်း(၃)
# အလယ်ခေတ်ယဉ်ကျေးမှုအမွေအနှစ်

**နိဒါန်း**

- ဤသင်ခန်းစာတွင် မြန်မာနိုင်ငံအလယ်ခေတ်ဖြစ်သော မြောက်ဦးခေတ်နှင့် ညောင်ရမ်းခေတ်၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဗိသုကာအနုပညာလက်ရာများအကြောင်းကို သင်ယူနိုင်မည် ဖြစ်သည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

- ညောင်ရမ်းခေတ် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်၍ သတ္တမတန်းတွင် သင်ယူလေ့လာပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။**

- မြောက်ဦးခေတ် ရခိုင်ပဒေသရာဇ်မင်းများလက်ထက် နောက်ခံသမိုင်းကို သိရှိလာမည်။
- မြောက်ဦးခေတ်၏ဗိသုကာအနုပညာလက်ရာအဆင့်အတန်းများကို ဆွေးနွေးနိုင်မည်ဖြစ်သည်။
- ညောင်ရမ်းခေတ် နောက်ခံသမိုင်းနှင့် ကောင်းမှုတော်စေတီ (ရာဇမဏိစူဠာ)၊ ဖိုးဝင်းတောင်နှင့် တိလောကဂုရုဂူရှိ ဗိသုကာအနုပညာလက်ရာ အဆင့်အတန်းများကို အကဲဖြတ်လာနိုင်မည်။
- သင်ကြားပြီးခဲ့သော ရှေးဦးယဉ်ကျေးမှုအမွေအနှစ်၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်နှင့် အလယ်ခေတ်ယဉ်ကျေးမှုအမွေအနှစ်များကို နှိုင်းယှဉ်လေ့လာနိုင်မည်ဖြစ်သည်။

DBE BOX - Copyright Protected

## ၃.၁။ မြောက်ဦး

### ၃.၁.၁။ နောက်ခံသမိုင်း

ရခိုင်တွင် မြောက်ဦးကို မင်းစောမွန် (၁၄၃၀-၁၄၃၃)က ၁၄၃၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ဘစောဖြူမင်းလက်ထက်တွင် တဖြည်းဖြည်း အင်အားကောင်းလာရာ မင်းဘင် (၁၅၃၁-၁၅၅၃) လက်ထက်တွင် ဘင်္ဂလားနယ် ၁၂ မြို့မှ အခွန်ဆက်သလာသည်ထိ အင်အားကြီးမားခဲ့သည်။

မြောက်ဦးတွင် မင်းရာဇာကြီး (၁၅၉၃-၁၆၁၂) စိုးစံချိန်တွင် ဟံသာဝတီ၌ ဘုရင့်နောင်၏သားတော် နန္ဒဘုရင် ထီးနန်းစိုးစံနေသည်။ နန္ဒဘုရင်၏ တန်ခိုးအာဏာ ကျဆင်းစပြုလာချိန်တွင်

ပဒေသရာဇ်အချင်းချင်း အားပြိုင်ခဲ့ကြသည်။ တောင်ငူမင်းက ဟံသာဝတီကို တိုက်ခိုက်ရာတွင် ရခိုင်မင်းကို အကူအညီတောင်းသဖြင့် မင်းရာဇာကြီး ဟံသာဝတီသို့ ချီတက်တိုက်ခိုက်သည်။ ပေါ်တူဂီကြေးစားစစ်ဗိုလ် ဒီဗရစ်တိုသည် မင်းရာဇာကြီး တပ်တွင် အမှုထမ်းခဲ့သည်။ မင်းရာဇာကြီး ရခိုင်သို့ ပြန်သွားသည့်အခါ ဒီဗရစ်တိုကို သန်လျင်တွင် အစောင့်အကြပ်အဖြစ် ထားရှိခဲ့သည်။

မင်းရာဇာကြီးလက်ထက်တွင် မြောက်ဦးသည် ဘင်္ဂလားမှ မုတ္တမပင်လယ်ကမ်းရိုးတန်း အထိ သြဇာအာဏာပျံ့နှံ့ခဲ့သည်။ မြောက်ဦးမင်းတို့ တန်ခိုးသြဇာကြီးမားလာချိန်တွင် ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့် စတင်ဆက်ဆံခဲ့သည်။ ပေါ်တူဂီတို့သည် ကုန်သည်များအဖြစ်လည်းကောင်း၊ ကြေးစားစစ်သည်များအဖြစ်လည်းကောင်း ရောက်ရှိလာကြသည်။ မင်းဘင်နှင့် မင်းရာဇာကြီးတို့ လက်ထက်တွင် ပေါ်တူဂီကြေးစားစစ်သည်များကို အသုံးချခဲ့ကြသည်။ နောက်ပိုင်းတွင် စစ်ပွဲများရပ်နားနေချိန်တွင် ပေါ်တူဂီကြေးစားစစ်သည်တို့သည် ဓားပြတိုက် လုယက်လာသဖြင့် မင်းရာဇာကြီးသည် နှိမ်နင်းခဲ့သည်။ ၎င်း၏သားတော် မင်းခမောင်းလက်ထက်တွင် ဘင်္ဂလားအရှေ့ပိုင်းအထိ သြဇာပျံ့နှံ့ခဲ့သည်။ မင်းခမောင်းကို ဆက်ခံသောမင်းများ လက်ထက်တွင် တန်ခိုးသြဇာကျဆင်းခဲ့သည်။ ထီးနန်းဆက်ခံရေး ပြဿနာ ရှုပ်ထွေးလာခဲ့၍ ရခိုင်ဒေသရှိ မြို့စားအချို့က ဗဒုံမင်း (၁၇၈၂-၁၈၁၉)ထံ အကူအညီတောင်းခဲ့သည်။ ထို့ကြောင့် ၁၇၈၄ ခုနှစ်တွင် ဗဒုံမင်း၏သားတော် အိမ်ရှေ့မင်း၏တပ်များ ရခိုင်သို့ ချီတက်တိုက်ခိုက်ခဲ့သည်။

မြောက်ဦးသည် စိုက်ပျိုးရေးထွန်းကားခဲ့သည့်အပြင် ၁၈ ရာစုထိ မြန်မာနိုင်ငံ၏ အရေးပါသော ဆိပ်ကမ်းမြို့ဖြစ်ခဲ့သည်။ အိန္ဒိယ၊ ပါရှား၊ ဒတ်ချ်၊ ပေါ်တူဂီတို့နှင့် ကုန်သွယ်ရောင်းဝယ်ခဲ့ကြသည်။ ဒင်္ဂါးများလည်း သွန်းလုပ်ခဲ့သည်။ စီးပွားရေးကောင်းမွန်၍ နိုင်ငံသားတို့ ကြွယ်ဝချမ်းသာခဲ့ကြသည်။

မြောက်ဦးတွင် ဗုဒ္ဓသာသနာတော်ထွန်းကားခဲ့သည့်အတွက် စိုးစံခဲ့သော မင်းများနှင့် မင်းမှုထမ်းများ၊ ပြည်သူများက စေတီပုထိုး ကျောင်းကန်များစွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ရှစ်သောင်းပုထိုးတော်ကြီး၊ ကိုးသောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်ပုထိုးတော်ကြီး၊ အံတော်သိမ်ပုထိုးတော်ကြီးများတွင် မြောက်ဦး၏ ဗိသုကာအနုပညာလက်ရာအဆင့်အတန်း မြင့်မားမှုကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

**အဓိကအချက်များ**

- ၁၄၃၀ ပြည့်နှစ်တွင် မြောက်ဦးကို ဘုရင်မင်းစောမွန်က တည်ထောင်ခဲ့ခြင်း။
- မင်းရာဇာကြီးလက်ထက်တွင် မြောက်ဦးသည် ဘင်္ဂလားမှ မုတ္တမပင်လယ်ကမ်းရိုးတန်းအထိ သြဇာအာဏာပျံ့နှံ့ခဲ့ခြင်း။

DBE BOX - Copyright Protected

- စိုက်ပျိုးရေးထွန်းကား၍ အရေးပါသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ခြင်း။
- မြောက်ဦးတွင် မင်းနှင့် ပြည်သူများက စေတီပုထိုး ဘုရားကျောင်းကန် များစွာဆောက်လုပ်လှူဒါန်းခဲ့ခြင်း။
- ဒင်္ဂါးများသွန်းလုပ်ခဲ့ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မြောက်ဦး၏ နောက်ခံသမိုင်း အခြေအနေများကို အကဲဖြတ်ပါ။

## ၃.၁.၂။ ရှစ်သောင်းပုထိုးတော်ကြီး


DBE BOX - Protected



**ပုံ(၁) ရန်အောင်ဇေယျ (ခေါ်) ရှစ်သောင်းပုထိုးတော်ကြီး**

ရှစ်သောင်းပုထိုးတော်ကြီးကို ဘုရင်မင်းဘင်က ၁၅၃၅ ခုနှစ်မှ ၁၅၃၆ ခုနှစ်အတွင်း တည်ထားခဲ့သည်။ ရုပ်တု ရှစ်သောင်းလေးထောင်ကို ထည့်သွင်းလှူဒါန်းထားသဖြင့် ရှစ်သောင်းပုထိုးတော်ကြီးဟူ၍လည်းကောင်း၊ ရန်အားလုံးကို အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့သည့်အတွက် ရန်အောင်ဇေယျပုထိုးတော်ကြီးဟူ၍လည်းကောင်းခေါ်တွင်ခဲ့သည်။ ပုထိုးတော်ကြီး အလယ်ဗဟိုတွင် ခန်းမကြီးတစ်ခုရှိပြီး စင်္ကြံသုံးခုဖြင့်ပတ်ထားသည်။ ထိုစင်္ကြံလမ်းများတွင် ဗုဒ္ဓဆင်းတုတော်များ၊ နတ်ဒေဝါရုပ်တုများ၊ ၅၅၀ နိပါတ်တော်များနှင့် တိရစ္ဆာန်ရုပ်များ တွေ့ရသည်။ ထို့ပြင် ရခိုင်ယဉ်ကျေးမှုကို ဖော်ညွှန်းထားသော ရခိုင်တူရိယာတီးမှုတ်နေဟန်၊ စည်တော်တီးဟန်၊ ဆီမီးခွက် ကဟန်များနှင့် ကျင်ကိုင်ဟန်၊ သိုင်းကစားနေဟန်များ ထွင်းထုထားသည့် ရုပ်ကြွများလည်း ရှိသည်။ လိုဏ်ပတ်လမ်း၏ ပေါင်းမိုးများကို သပ်စီပေါင်းကူးစနစ်ဖြင့် ဆောက်လုပ်ထားပြီး အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်စေရန် အပေါက်ငယ်များ ဖောက်လုပ်ထားသည်။

ပုထိုးတော်ကြီးကို အောက်ခံလိုဏ်ပေါ်တွင် ပင်မစေတီကြီးတစ်ဆူ၊ အရံစေတီ ၂၆ ဆူဖြင့် တည်ဆောက်ထားသည်။ စေတီပုံသဏ္ဌာန်မှာ ခေါင်းလောင်းမှောက်ပုံသဏ္ဌာန်ဖြစ်သည်။ ပုထိုးတော်ကြီးကို ကျောက်ညိုကျောက်တုံးကြီးများဖြင့် ဝက်ပါသဖွယ် လိုဏ်ဂူ ၅ ထပ်ဖြင့် တည်ဆောက်ထားသည်။ ပုထိုးတော်ကြီး၏ အနောက်ဘက်တွင် မြောက်ဦးခေတ်ဘုရင်တို့ တရားနာယူသော အဆောင်တစ်ခုနှင့် ဥပုသ်တော်ဆောင်ရှိသည်။ ပုထိုးတော်ကြီး၏ တောင်၊ မြောက်နှင့် အနောက်ဘက် အုတ်တံတိုင်းများပေါ်တွင် အရံစေတီငယ် ၃၆ ဆူရှိသည်။ စေတီရံ တစ်ဆူနှင့်တစ်ဆူ အကြားတွင် ကျောက်ပြားတစ်ချပ်စီ စိုက်ထူထားပြီး ကျောက်ပြား မျက်နှာပြင်များတွင် နိပါတ်တော်လာဇာတ်ကွက်အချို့ကို ရုပ်လုံးရုပ်ကြွများဖြင့် ထွင်းထုထားသည်။ ရှစ်သောင်းပုထိုးတော်ကြီးတွင် မြောက်ဦးခေတ်ရခိုင်တို့၏ ထင်ရှားသော ကျောက်ဆစ်လက်ရာများကို တွေ့ရသည်။



**ပုံ(၂) ရှစ်သောင်းပုထိုးတော်ကြီးလိုဏ်အတွင်းရှိဘုရားများနှင့်ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများ**

ရှစ်သောင်းပုထိုးတော်ကြီးတွင် အေဒီ ၈ ရာစုခန့်က ဝေသာလီဘုရင် အာနန္ဒစန္ဒြားမင်းကြီး ရေးထိုးခဲ့သော ကျောက်စာတိုင်ရှိသည်။ ယင်းကျောက်စာတိုင်တွင် စန္ဒြားမင်းဆက်များ၏ အုပ်ချုပ်ပုံ၊ အလှူပြုပုံများကို သက္ကတဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်။

BE Book Copy Protected

**အဓိကအချက်များ**

- ရှစ်သောင်းပုထိုးတော်ကြီးကို ဘုရင်မင်းဘင်က ၁၅၃၅ ခုနှစ်မှ ၁၅၃၆ ခုနှစ်အတွင်း တည်ထားခဲ့ခြင်း။
- ရုပ်တု ရှစ်သောင်းလေးထောင်ကို ထည့်သွင်းလှူဒါန်းထားသဖြင့် ရှစ်သောင်းပုထိုးတော်ကြီးဟု ခေါ်ခြင်း။
- ပုထိုးတော်ကြီး၏အတွင်းရှိ စင်္ကြံလမ်းများတွင် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော ရုပ်တုများအပြင် ရခိုင်ယဉ်ကျေးမှုကို ဖော်ညွှန်းထားသော ရုပ်တုများလည်း တွေ့ရှိရခြင်း။
- ပုထိုးတော်ကြီး၏ အုတ်တံတိုင်းပေါ်ရှိ စေတီငယ်များအကြားရှိ ကျောက်ပြားများပေါ်တွင် နိပါတ်တော်လာဇာတ်ကွက်အချို့ကို ရုပ်လုံးရုပ်ကြွများ ထွင်းထုထားခြင်း။
- အာနန္ဒစန္ဒြားမင်းကြီး ရေးထိုးခဲ့သော ကျောက်စာတိုင်ရှိခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ရှစ်သောင်းပုထိုးတော်ကြီးတွင်တွေ့ရှိရသော ဗိသုကာအနုပညာအဆင့်အတန်းကို အကဲဖြတ်ပါ။

## ၃.၁.၃။ ကိုးသောင်းပုထိုးတော်ကြီး

ကိုးသောင်းပုထိုးတော်ကြီးကို ဘုရင်မင်းဘင်၏သားတော် မင်းတိက္ခာက ၁၅၅၃ ခုနှစ်တွင် တည်ထားခဲ့သည်။ ဗုဒ္ဓဆင်းတုတော် ကိုးသောင်းကို ထုလုပ်ပူဇော်ထားသဖြင့် ကိုးသောင်းပုထိုးတော်ကြီးဟု ခေါ်သည်။

ကိုးသောင်းပုထိုးတော်ကြီးသည် ထုထည်ကြီးမားပြီး သပ်စီပေါင်းမိုးကျောက်လိုဏ်ပတ်များဖြင့် တည်ဆောက်ထားသည်။ လိုဏ်ပါရှိသော ပုထိုးတော်ကြီးများတွင် အကြီးဆုံးပုထိုးတော်ကြီးဖြစ်သည်။ ပုထိုးတော်ကြီး၏ အရှေ့ဘက်တွင် ရင်ပြင်တော်ပေါ်သို့ တက်ရောက်သည့် ကျောက်လှေကား ရှိသည်။ ကျန်အနားသုံးဖက်ကို ကျောက်တုံးများဖြင့် အဆင့်ဆင့်တည်ဆောက်ထားသည်။ ပုထိုးတော်ကြီးတွင် ပစ္စယံ ငါးဆင့်၊ လိုဏ်ပတ်လမ်း နှစ်ထပ်ရှိပြီး ထိုအပေါ်၌ စေတီတော်ကြီး တစ်ဆူတည်ရှိသည်။ အလယ်ရင်ပြင်တွင် စေတီတော်ကြီးတစ်ဆူ တည်ထားပြီး လိုဏ်ပတ်လမ်း၌ ပေါင်းမိုးများရှိသည်။

DBE BOX - Copyright Protected



**ပုံ(၃) ကိုးသောင်းပုထိုးတော်ကြီး**

စေတီတော်အောက်ခြေ ရင်ပြင်ပတ်လည်တွင် စဥ့်ရောင်စုံပန်းကွက်လက်ရာများ တွေ့ရှိရသည်။ အပေါ်လိုဏ်ပတ်လမ်း နံရံများ၌ ဗုဒ္ဓဆင်းတုတော်ရုပ်ကြွများ တွေ့ရှိသည်။ အပေါ်ရင်ပြင်သို့ တက်လမ်းတွင် ဒွါရပါလနှင့် ဘီလူးရုပ်ကြွများကို နံရံ၌ ထွင်းထုထားသည်။ အောက်လိုဏ်ပတ်လမ်း နံရံများတွင် ဗုဒ္ဓဆင်းတုတော်ရုပ်ကြွများရှိသည်။ လိုဏ်ပတ်လမ်းအောက်ခြေတွင် ကြာမှောက်ကြာလန်များဖြင့် ထုဆစ်ထားသော ကျောက်ဆစ်ပလ္လင်များပေါ်တွင် ဗုဒ္ဓဆင်းတုတော်ကြီးများ ထုဆစ်ထားသည်။

ပုထိုးတော်ကြီးသည် အမြင့်ပေ ၃၀ ခန့်ရှိသည်။ ကိုးသောင်းပုထိုးတော်ကြီးကို အချိန်တိုအတွင်း တည်ဆောက်ခဲ့သည့်အတွက် အောက်ခြေမခိုင်မာ၍ တာရှည်မခံဘဲ ပြိုကျပျက်စီးခဲ့ရသည်။

**အဓိကအချက်များ**

- ကိုးသောင်းပုထိုးတော်ကြီးကို ဘုရင်မင်းဘင်၏ သားတော် မင်းတိက္ခာက ၁၅၅၃ ခုနှစ်တွင် တည်ထားခဲ့ခြင်း။
- လိုဏ်ပါရှိသော ပုထိုးတော်ကြီးများတွင် အကြီးဆုံးပုထိုးတော်ကြီးဖြစ်ခြင်း။
- ဗုဒ္ဓဆင်းတုတော်ကိုးသောင်းကို ထုလုပ်ပူဇော်ထားသဖြင့် ကိုးသောင်းပုထိုးတော်ကြီးဟု ခေါ်ခြင်း။
- အချိန်တိုအတွင်း တည်ဆောက်ခဲ့သောကြောင့် တာရှည်မခံဘဲ ပြိုကျပျက်စီးခဲ့ခြင်း။

DBE BOX- Copyright Pro

**လေ့ကျင့်ရန်မေးခွန်း**


၁။ ကိုးသောင်းပုထိုးတော်ကြီး၏ ဗိသုကာလက်ရာအဆင့်အတန်းကို ဆန်းစစ်ဝေဖန်ပါ။

## ၃.၁.၄။ ထုက္ကန်သိမ်ပုထိုးတော်ကြီး

ထုက္ကန်သိမ်ပုထိုးတော်ကြီးကို ဘုရင်မင်းဖလောင်းက ၁၅၇၁ ခုနှစ်တွင် တည်ထားခဲ့သည်။ ထုက္ကန်သိမ်ပုထိုးတော်ကြီးသည် ထုထည်ကြီးမားပြီး လိုဏ်ပတ်လမ်း နှစ်ထပ်ပါရှိသည်။ လိုဏ်ပတ်လမ်းများ၏အပေါ်တွင် ပင်မစေတီကြီးတစ်ဆူနှင့် ထောင့်လေးထောင့်တွင် စေတီငယ် လေးဆူရှိသည်။ ပုထိုးတော်ကြီးနှင့်တစ်ဆက်တည်း အနောက်ဘက်တွင် အမိုးခုံးဖြင့် တည်ဆောက်ထားသော ဘုရင့်ဥပုသ်ဆောင်ရှိသည်။ ပုထိုးတော်ကြီးကို ကျောက်ပြားခင်း၊ ကျောက်ပြားမိုးသည့် သပ်စီပေါင်းခုံး စနစ်ဖြင့် တည်ဆောက်ထားသည်။

ပုထိုးတော်ကြီး၏လိုဏ်ပတ်လမ်းမှာ အဝတွင်ကျဉ်း၍ အတွင်းဘက်တွင် ကျယ်ဝန်းသည်။ လိုဏ်ပတ်လမ်း၏နံရံတွင် အလင်းပေါက်များရှိသည်။ လိုဏ်ပတ်လမ်း လက်ဝဲ လက်ယာနံရံ တစ်လျှောက်ရှိ မုခ်ကပ်များတွင် ဆင်းတုတော်များ ထုလုပ်ထားသည်။ ဆင်းတုတော်များ၏ လက်ဝဲ လက်ယာတွင် ဘုရင်မင်းမှူထမ်းများ၊ ရာထူးအဆင့်လိုက် ဇနီးမောင်နှံတို့၏ရုပ်ကြွများကို ထုဆစ်ထားသည်။ မြောက်ဦးခေတ်၏ ဆင်ယင်ထုံးဖွဲ့မှုများကို ထိုရုပ်ကြွများတွင် တွေ့နိုင်သည်။

DBE BOX - Copyright Protected



**ပုံ(၄) ထုက္ကန်သိမ်ပုထိုးတော်ကြီး**

လိုဏ်ပတ်လမ်းအလယ်တွင် ခန်းမကြီးတစ်ခုရှိပြီး စေတီတော်ကြီး၏အောက်တွင် ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူရှိသည်။ အရှေ့ဘက်လှေကား လက်ဝဲဘက်တွင် ရခိုင်ဗျာလ်ရုပ်၊ နတ်ရုပ်များ ထုဆစ်ထားသော ကျောက်တုံးရှည်ကြီးတစ်တုံးရှိသည်။

**အဓိကအချက်များ**

- ထုက္ကန်သိမ်ပုထိုးတော်ကြီးကို ဘုရင်မင်းဖလောင်းက ၁၅၇၁ ခုနှစ်တွင် တည်ထားခဲ့ခြင်း။
- ပုထိုးတော်ကြီး၏ လိုဏ်ပတ်လမ်းအတွင်းတွင် မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှုကို ပုံဖော်ထားသည့် ရုပ်ကြွများ တွေ့ရှိနိုင်ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ထုက္ကန်သိမ်ပုထိုးတော်ကြီး၏ ဗိသုကာအနုပညာလက်ရာများအကြောင်းကို ဆွေးနွေးပါ။

DBE BOX - Copyright Protected

## ၃.၁.၅။ အံတော်သိမ်ပုထိုးတော်ကြီး



**ပုံ(၅) အံတော်သိမ်ပုထိုးတော်ကြီး**

မင်းသဇာတက ၁၅၂၁ ခုနှစ်တွင် သိမ်တော်ကို တည်ဆောက်ခဲ့သည်။ ၁၅၉၆ ခုနှစ်တွင် မင်းရာဇာကြီးက ထိုသိမ်နေရာ၌ သီဟိုဠ်မှ ပင့်ဆောင်လာသော အံတော်ကို ဌာပနာ၍ ပုထိုးတော်ကြီး တည်ဆောက် ခဲ့သဖြင့် အံတော်သိမ်ပုထိုးတော်ကြီးဟု ခေါ်တွင်သည်။

အံတော်သိမ်ပုထိုးတော်ကြီးကို သဲကျောက်ဖြင့် တည်ဆောက်ထားပြီး အလယ်တွင် လိုဏ်ပတ်လမ်းနှစ်ထပ်ပါရှိသည်။ အလယ်မဏ္ဍိုင်ပါရှိသော ဂန္ဓကုဋီတိုက်ကို ပေါင်းကူးများဖြင့် တည်ဆောက်ထားသည်။ လိုဏ်ပတ်လမ်းများကို သပ်စီပေါင်းခုံးများဖြင့် အလေးဝန်ခံနိုင်ရန် တည်ဆောက်ထားသည်။ ဂန္ဓကုဋီတိုက်နှင့် လိုဏ်ပတ်လမ်းများတွင် အလင်းပေါက်များ ပါရှိသည်။ အလယ်မဏ္ဍိုင်ပတ်လည်တွင် ကျောက်ဆစ်ပန်းလက်ရာ ပလ္လင်ရှစ်ခန်းနှင့် ဗုဒ္ဓဆင်းတုတော် ရှစ်ဆူ တွေ့ရသည်။ လိုဏ်ပတ်လမ်းများရှိ မုခ်ကပ်များတွင် ဗုဒ္ဓဆင်းတုတော်များ ရှိသည်။ ပုထိုးတော်ကြီး၏ အရှေ့ဘက်နံရံများတွင် မတ်ရပ်ဆင်းတုတော် ခြောက်ဆူရှိသည်။

**အဓိကအချက်များ**

- အံတော်သိမ်ပုထိုးတော်ကြီးကို မင်းသဇာတက ၁၅၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်း။
- မင်းရာဇာကြီးက သိမ်နေရာ၌ သီဟိုဠ်မှ ပင့်ဆောင်လာသော အံတော်ကို ဌာပနာ၍ အံတော်သိမ်ပုထိုးတော်ကြီးကို တည်ထားခဲ့ခြင်း။
- အလယ်မဏ္ဍိုင်ပါရှိသော ဂန္ဓကုဋီတိုက်ကို ပေါင်းကူးများဖြင့် တည်ဆောက်ထားခြင်း။
- လိုဏ်ပတ်လမ်းများကို သပ်စီပေါင်းခုံးများဖြင့် အလေးဝန်ခံနိုင်ရန် တည်ဆောက်ထားခြင်း။
- ဂန္ဓကုဋီတိုက်နှင့် လိုဏ်ပတ်လမ်းများတွင် အလင်းပေါက်များပါရှိခြင်း။

DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်း**

၁။ အံတော်သိမ်ပုထိုးတော်ကြီး၏ ဗိသုကာလက်ရာအဆင့်မြင့်မားပုံကို ဆွေးနွေးပါ။

## ၃.၂။ ညောင်ရမ်းခေတ်

### ၃.၂.၁။ နောက်ခံသမိုင်း

ဘုရင့်နောင်ကျော်ထင်နော်ရထာ (၁၅၅၁-၁၅၈၁) တည်ထောင်ခဲ့သော ဟံသာဝတီဧကရာဇ် နိုင်ငံသည် ၎င်းကိုဆက်ခံသော သားတော်နန္ဒဘုရင်လက်ထက်တွင် ပြိုကွဲခဲ့သည်။ ထိုအခြေအနေ တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာ၏သားတော် ညောင်ရမ်းမြို့စား မင်းရဲရန္တမိတ်သည်

ညောင်ရမ်းမြို့ကို အခိုင်အမာပြုပြီး ညောင်ရမ်းနှင့် အင်းဝမြို့အကြားရှိ ရွာများကို သိမ်းသွင်းပြီး အင်းဝမြို့ဟောင်းနေရာတွင် မြို့သစ်ကို ပြန်လည်တည်ဆောက်ခဲ့သည်။ ညောင်ရမ်းမင်းသည် မိုးကောင်း၊ မိုးမိတ်၊ သိန္နီ ကို ချီတက်သိမ်းယူခဲ့သည်။ သိန္နီကို သိမ်းယူပြီး နေပြည်တော်သို့ အပြန်လမ်းခရီးတွင် ညောင်ရမ်းမင်း နတ်ရွာစံသဖြင့် သားတော်မဟာဓမ္မရာဇာ (အနောက်ဘက်လွန်မင်း) ထီးနန်းတက်ခဲ့သည်။

အနောက်ဘက်လွန်မင်းလက်ထက်တွင် နိုင်ငံတော်သည် မြောက်ဘက်တွင် ဗန်းမော်၊ တောင်ဘက်တွင် ထားဝယ်၊ အရှေ့ဘက်တွင် ပင်းယ၊ အနောက်ဘက်တွင် ရခိုင်ရိုးမအထိ ကျယ်ဝန်းခဲ့သည်။ အနောက်ဘက်လွန်မင်းကို ညီတော် သတိုးဓမ္မရာဇာ (သာလွန်မင်း) (၁၆၂၉-၁၆၄၈) က ဆက်ခံခဲ့သည်။ သာလွန်မင်းလက်ထက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ အခွန်တော်စစ်တမ်းကောက်ယူခြင်း၊ လူဦးရေစာရင်းကောက်ယူခြင်း၊ အုပ်ချုပ်ရေးကို စနစ်တကျ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

သာလွန်မင်းနောက်ပိုင်း ဆက်ခံသောမင်းများလက်ထက်တွင် နိုင်ငံတော်သည် တဖြည်းဖြည်း အင်အားဆုတ်ယုတ်လာခဲ့သည်။ မဟာဓမ္မရာဇာဓိပတိမင်းလက်ထက်တွင် မဏိပူရ ကသည်းတို့၏ ထိပါးကျူးကျော်မှု၊ မတ္တရာအုတ်ဖိုသားတို့၏ ပုန်ကန်မှု၊ ဟံသာဝတီသားတို့ ထိုးစစ်ဆင်မှုများကို ကြုံတွေ့ခဲ့ရသည်။ ၂၁ မတ်လ ၁၇၅၁ ခုနှစ်တွင် မင်း၊ မိဖုရား၊ သားတော်၊ သမီးတော် နောက်လိုက်နောက်ပါများအား ဟံသာဝတီသို့ ခေါ်ဆောင်သွားခြင်းဖြင့် ညောင်ရမ်းခေတ် ပျက်သုဉ်းခဲ့သည်။

**အဓိကအချက်များ**

- ဟံသာဝတီဇေရာဇ်နိုင်ငံတော် ပြိုကွဲပြီးနောက် ညောင်ရမ်းမြို့စား မင်းရဲရန္တမိတ်က ညောင်ရမ်းမင်းဆက်ကို တည်ထောင်ခဲ့ခြင်း။
- ညောင်ရမ်းမင်း၊ အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့လက်ထက်တွင် နိုင်ငံအင်အားကောင်းစေရန် ဆောင်ရွက်ခဲ့ခြင်း။
- အခွန်တော်စစ်တမ်းကောက်ယူခြင်း၊ လူဦးရေစာရင်းကောက်ယူခြင်း၊ အုပ်ချုပ်ရေးကို စနစ်တကျ ပြုပြင်ဆောင်ရွက်ခြင်း။
- မဟာဓမ္မရာဇာဓိပတိမင်းလက်ထက်တွင် ညောင်ရမ်းခေတ်ပျက်သုဉ်းခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ ညောင်ရမ်းမင်းများ၏ နိုင်ငံအင်အားတောင့်တင်းလာစေရန်ကြိုးပမ်းမှုများကို ဆန်းစစ်ပါ။

DBE BOX - Copyright Protected

## ၃.၂.၂။ ကောင်းမှုတော်စေတီ



ပုံ(၆) ကောင်းမှုတော်စေတီ

ကောင်းမှုတော်စေတီသည် စစ်ကိုင်းမြို့မြောက်ဘက် ၆ မိုင်အကွာတွင် တည်ရှိသည်။ စေတီကြီး၏ ဘွဲ့အမည်မှာ ရာဇမဏိစူဠာဖြစ်သည်။ ကောင်းမှုတော်စေတီကို ညောင်ရမ်းမင်းဆက်၏ တတိယမြောက်မင်း သာလွန်မင်းက တည်ထားခဲ့ပြီး သားတော် ပင်းတလဲမင်း (၁၆၄၈-၁၆၆၆) က ထီးတော်တင်လှူခဲ့သည်။ ပင်းတလဲမင်းသည် စေတီရံ လေးဆူ၊ ကျောင်းနှင့် တန်ဆောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကောင်းမှုတော်စေတီ၏ အရှေ့မြောက်ထောင့်တွင် ရာဇမဏိစူဠာကျောက်စာရှိသည်။ ထိုကျောက်စာတွင် သာလွန်မင်း၏ကောင်းမှုတော်များ၊ ပင်းတလဲမင်းလက်ထက်တွင် စေတီတော်ကို မြေ၊ ကျွန်နှင့် ထန်းပင်များ လှူဒါန်းခြင်း၊ စေတီ၏ပရိဝုဏ်သတ်မှတ်ခြင်းအကြောင်း ရေးထိုးထားသည်။ ထို့ပြင် ကျောက်စာတွင် မင်းကောင်းမင်းမြတ်တို့၌ ရှိသင့်သော အရည်အသွေးနှင့် ကိုယ်ကျင့်တရား၊ ညောင်ရမ်းခေတ် နိုင်ငံတော် အကျယ်အဝန်းကို မှတ်တမ်းတင်ထားသည်။ ကောင်းမှုတော်စေတီကြီးနှင့် သက်ဆိုင်သော အကြောင်းအရာများအပြင် ညောင်ရမ်းခေတ်၏ အုပ်ချုပ်ရေးနှင့် လူမှုရေးအခြေအနေများကိုပါ မှတ်တမ်းတင် ရေးထိုးထားသည်။

စေတီတော်ကြီးကို ပစ္စယံသုံးဆင့်ဖြင့် သပိတ်မှောက်ပုံစံ တည်ဆောက်ထားပြီး ဓာတ်တော်၊ မွေတော်တို့ကို ထည့်သွင်းထားသည်။ စေတီ၏ ဉာဏ်တော်မှာ ၁၅၁ ပေ၊ လုံးပတ် ၇၅၃ ပေ ရှိပြီး၊ အုတ်ချပ်ပေါင်း ၁၀ ၁၂၆ ၅၅၂ ဖြင့် စေတီအား တည်ထားခဲ့သည်။ ကျောက်မီးတိုင် ၈၁၂ တိုင်ဖြင့် စေတီတော်ကြီးကို ဝန်းရံထားသည်။ စေတီ၏စင်္ကြံလမ်းများတွင် နတ်ဒေဝါရုပ်များ ထုလုပ်ထားရှိသည်။

စေတီ၏နံရံ၌ ဇာတ်နိပါတ်တော်များ၊ ဗုဒ္ဓဝင်နှင့် ၃၁ ဘုံတို့ကို ပန်းချီရေးဆွဲထားသည်။ ထိုပန်းချီကားများအောက်တွင် မြန်မာ၊ မွန်၊ ရှမ်းအက္ခရာတို့ဖြင့် ဇာတ်ကွက်များအကြောင်း ရှင်းပြထားသည်။

**အဓိကအချက်များ**

- ကောင်းမှုတော်စေတီကို သာလွန်မင်းလက်ထက်တွင် တည်ထားခဲ့ခြင်း။
- ရာဇမဏိစူဠာကျောက်စာတွင် ကောင်းမှုတော်စေတီနှင့် သက်ဆိုင်သော အကြောင်းအရာများ ရေးထိုးထားခြင်း။
- စေတီ၏ နံရံ၌ ဇာတ်နိပါတ်တော်များ၊ ဗုဒ္ဓဝင်နှင့် ၃၁ ဘုံတို့ကို ရေးဆွဲထားခြင်း။
- ပန်းချီကားများအောက်တွင် မြန်မာ၊ မွန်၊ ရှမ်းအက္ခရာတို့ဖြင့် ဇာတ်ကွက်များအကြောင်း ရှင်းပြထားခြင်း။


DBE BOX - Copyright Protected

**လေ့ကျင့်ရန်မေးခွန်း**

၁။ ရာဇမဏိစူဠာကျောက်စာတွင် ရေးထိုးဖော်ပြထားသည့် သာလွန်မင်းနှင့် ပင်းတလဲမင်းတို့၏ ကောင်းမှုတော်များအကြောင်း ဆွေးနွေးပါ။

## ၃.၂.၃။ ဖိုးဝင်းတောင်

ဖိုးဝင်းတောင်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့မှ ၇ မိုင်အကွာတွင် တည်ရှိသည်။ ဖိုးဝင်းတောင်ကို ဖိုလ်ဝင်တောင်၊ ရွှေဘာတောင်၊ ဖိုးဝန်းတောင်ဟုလည်း ခေါ်ဆိုကြသည်။ ဖိုးဝင်းတောင်တွင် ဂူဘုရားစေတီများစွာ တွေ့ရသည်။ ဖိုးဝင်းတောင်ရှိ ဂူဘုရားများတွင် ညောင်ရမ်းခေတ် နှောင်းပိုင်း၊ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် အထောက်အထားများကို တွေ့ရသည်။



**ပုံ(၇) ဖိုးဝင်းတောင်**

ဖိုးဝင်းတောင်ရှိ ဂူဘုရားများတွင် သဘာဝဂူ၊ အနည်းငယ် ပြုပြင်ထားသောဂူ၊ လူတို့ ဖန်တီးတီထွင်ထုထားသောဂူဟူ၍ သုံးမျိုးတွေ့ရှိရသည်။ ဖိုးဝင်းတောင်ဒေသ၏ အထူးခြားဆုံး ယဉ်ကျေးမှုလက်ရာမှာ ကျောက်တုံးကြီးများကို ထွင်းထု၍ ဂူဘုရားများ တည်ဆောက်နိုင်ခြင်းဖြစ်သည်။

ဖိုးဝင်းတောင်ရှိ ဂူများကို ကျောက်များဖြင့် ဆောက်လုပ်ထားသကဲ့သို့ အုတ်များဖြင့်လည်း တည် ဆောက်ထားသော အဆောက်အအုံများကို တွေ့ရသည်။ ဂူအတွင်းတွင် စင်္ကြံလမ်းများနှင့် စုပေါင်း တရားထိုင်သည့် ခန်းမများရှိသည်။ ယင်းဂူများမှာ ကျောက်တုံးကြီးများကို ထွင်းထုဆောက်လုပ်ထားခြင်းဖြစ်သည်။ ဂူများမှာ အမြင့် ၁၀ ပေ မှ ၁၆ ပေ အထိရှိပြီး ၁၃ ပေ မှ ၂၀ ပေ အထိ ကျယ်ဝန်းသည်။ ဂူအတွင်းတွင် ကျောက်တိုင်များရှိပြီး ကျောက်တိုင်များတွင် ဗုဒ္ဓဆင်းတုတော်များ ထွင်းထုထားသည်။


DBE BOX - Copyright Protected



**ပုံ(၈) ဂူအတွင်းရှိကျောက်တုံးကြီးများကို ထွင်းထုထားသော ဆင်းတုတော်များ**



**ပုံ(၉) ဂူအတွင်းရှိ ဆင်းတုတော်လေးဆူနှင့် နံရံဆေးရေးပန်းချီများ**



**ပုံ(၁၀) ဂူအတွင်းရှိ ဆင်းတုတော်များနှင့် နံရံဆေးရေးပန်းချီများ**


ဖိုးဝင်းတောင်ရှိ လိုဏ်ဂူနံရံများကို ပြေပြစ်အောင်ပြုလုပ်ပြီး ပန်းချီများ ရေးဆွဲထားသည်။ ဗုဒ္ဓဝင်နှင့် ငါးရာ့ငါးဆယ် နိပါတ်တော်များကို အများဆုံး ရေးဆွဲလေ့ရှိသည်။ အစောဆုံး တွေ့ရှိရသော နံရံဆေးရေးပန်းချီကို ညောင်ရမ်းခေတ်နှောင်းပိုင်း တနင်္ဂနွေမင်းလက်ထက်က ရေးဆွဲခဲ့သည်။ သိဒ္ဓတ္ထမင်းသား၏ ဘဝဖြစ်စဉ်၊ အတွင်းအောင်ခြင်းရှစ်ပါး၊ အပြင်အောင်ခြင်းရှစ်ပါးနှင့် မြတ်စွာဘုရားအား လူ၊ နတ်၊ ပြဟ္မာတို့ ပူဇော်ကန်တော့နေဟန်များ ရေးဆွဲထားသည်။

ပန်းချီရုပ်ပုံများကို ရေးဆွဲရာ၌ အောက်ခံမျဉ်းများကို ဦးစွာရေးဆွဲပြီး ကောက်ကြောင်းဖြင့် ပုံဖော်ကာ ဆေးဖြည့်ရေးဆွဲခြင်းဖြစ်သည်။ ဆေးရောင်ကို နီညိုရောင်၊ အဖြူရောင်၊ အဝါရင့်ရောင်နှင့် အစိမ်းရောင်တို့ကို အသုံးပြုသည်။ နောက်ပိုင်းတွင် အပြာရင့်ရောင်နှင့် အစိမ်းရင့်ရောင်တို့ကို ထည့်သွင်းအသုံးပြုလာကြသည်။ ညောင်ရမ်းခေတ်နှောင်းပိုင်း ပန်းချီလက်ရာများတွင် လူသားတို့၏ နေထိုင်မှုဓလေ့ကို ရေးဆွဲထားသောပုံများ၊ ခေတ်ကိုထင်ဟပ်ရေးဆွဲထားသော ပုံများတွေ့ရသည်။ ညောင်ရမ်းခေတ်တွင် နိုင်ငံခြားဆက်ဆံရေးရှိနေပြီဖြစ်သည့်အတွက် နိုင်ငံခြားသားများ၏ပုံကိုပါ ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရသည်။

ဖိုးဝင်းတောင်တွင် ဗုဒ္ဓဆင်းတုတော်များကို ဂူနှင့်တစ်ဆက်တည်း ထွင်းထုလေ့ရှိသည့်အပြင် စကျင်ကျောက်၊ သစ်တို့ဖြင့်လည်း ထွင်းထုလေ့ရှိသည်။ ဗုဒ္ဓဆင်းတုတော်များကို ရပ်တော်မူဟန်၊ လျောင်းတော်မူဟန်၊ တင်ပျဉ်ခွေထိုင်တော်မူဟန်နှင့် ပရိနိဗ္ဗာန်စံဟန်များကို ထုလုပ်ကြသည်။ ဖိုးဝင်းတောင်ရှိ အချို့သောဆင်းတုတော်များတွင် ရက်စွဲများ အတိအကျရေးထိုးခဲ့ရာ ခေတ်အလိုက် ဆင်းတုတော်များ၏ဟန်ကို ခွဲခြားသိနိုင်သည်။ မင်းဝတ်တန်ဆာ ဝတ်ဆင်ထားသော ဗုဒ္ဓဆင်းတုတော်များကိုလည်း ထုလုပ်ကြသည်။ နွားသိုးတောင်ရှိ ရွှေသာလျောင်းဂူအတွင်း တွေ့ရှိရ

DBE BOX - Copyright Protected

သည့် မင်းဝတ်တန်ဆာ ဆင်ယင်ထားသော ဗုဒ္ဓဆင်းတုတော်နှစ်ဆူသည် ညောင်ရမ်းခေတ်နှောင်းပိုင်း ၁၇၅၀ ပြည့်နှစ်ခန့်မှ လက်ရာများဖြစ်သည်။ ဖိုးဝင်းတောင်တွင် ဗုဒ္ဓဆင်းတုတော်ပေါင်း ၄၄၆၄၄ ဆူ ရှိသည်ဟု အဆိုရှိခဲ့သော်လည်း ယခုအခါ ၃၆၃၈ ဆူသာ တွေ့ရှိရသည်။



**ပုံ(၁၁) ဂူအတွင်းရှိဗုဒ္ဓဆင်းတုတော်များ၏ တင်ပျဉ်ခွေထိုင်တော်မူဟန် နှင့် ပရိနိဗ္ဗာန်စံဟန်**

ဂူဘုရားများ၏ အဝင်ဝအထက်ဘက်တွင် အစောင့်နတ်ရုပ်များ ထွင်းထုထားသည်။ ခြင်္သေ့၊ ဆင်၊ ကျား၊ နဂါး၊ ကျွဲနှင့် မြင်းရုပ်များကိုလည်း ထုလုပ်လေ့ရှိသည်။ ဂူများအတွင်းရှိ စကြံလမ်းများ၏ နံရံများ၊ အမိုးများတွင်လည်း နတ်ရုပ်များ၊ ဂြိုဟ်နက္ခတ်တာရာပုံများ၊ ကိန္နရီကိန္နရာရုပ်များ၊ တိရစ္ဆာန်ရုပ်များ၊ ငှက်ရုပ်များနှင့် ကနုတ်ပန်းများ ထုလုပ်ထားသည်။ ဖိုးဝင်းတောင်တွင် နံရံမင်စာများအပြင် ညောင်ရမ်းခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်အစောပိုင်းတွင် ရေးထိုးထားသော ကျောက်စာသုံးချပ်ကို တွေ့ရသည်။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- ဖိုးဝင်းတောင်ရှိ ဂူဘုရားများတွင် ညောင်ရမ်းခေတ်နှောင်းပိုင်း၊ ကုန်းဘောင်ခေတ်နှင့် ကိုလိုနီခေတ် အထောက်အထားများကို တွေ့ရခြင်း။
- ဖိုးဝင်းတောင်ဒေသ၏ အထူးခြားဆုံး ယဉ်ကျေးမှုလက်ရာမှာ ကျောက်တုံးကြီးများကို ထွင်းထု၍ ဂူဘုရားများ တည်ဆောက်နိုင်ခြင်း။
- လိုဏ်ဂူနံရံများတွင် ဗုဒ္ဓဝင်နှင့် ၅၅၀ နိပါတ်တော်များကို အများဆုံး ရေးဆွဲထားခြင်း။
- ထိုခေတ်၏ လူနေမှုဓလေ့နှင့် ခေတ်ကိုထင်ဟပ်ရေးဆွဲထားသော ပုံများကိုလည်းတွေ့ရခြင်း။
- ဗုဒ္ဓဆင်းတုတော်များကို ဂူနှင့်တစ်ဆက်တည်း ထွင်းထုလေ့ရှိခြင်း။

### လေ့ကျင့်ရန်မေးခွန်းများ

၁။ ဖိုးဝင်းတောင်ရှိ ဂူဘုရားများ တည်ဆောက်မှုတွင် တွေ့ရှိရသည့် ထူးခြားချက်များကို ဆွေးနွေးတင်ပြပါ။

၂။ ဖိုးဝင်းတောင်ရှိ ဗိသုကာအနုပညာလက်ရာများမှ ဖော်ပြနေသော ညောင်ရမ်းခေတ် နှောင်းပိုင်း၏ ယဉ်ကျေးမှု အနုပညာလက်ရာ အဆင့်အတန်းကို ဆန်းစစ်ပါ။

## ၃.၂.၄။ တိလောကဂုရုဂူ

တိလောကဂုရုဂူသည် စစ်ကိုင်းတောင်ရိုးတွင်တည်ရှိပြီး ညောင်ရမ်းမင်းဆက်၏ ဆဌမမြောက်မင်းဖြစ်သော နရာဝရမင်း (၁၆၇၂-၁၆၇၃) က လှူဒါန်းခဲ့သည်။ ဂူနံရံများတွင် နံရံဆေးရေးပန်းချီများ ရေးဆွဲထားသည်။

တိလောကဂုရုဂူ၏ ဂူပေါက်များကို အနောက်ဘက်သို့ မျက်နှာပြု၍ ဆောက်လုပ်ထားသည်။ အတွင်းဂူမှာ ကျောက်သားကို ထွင်းလုပ်ထားသည့် ကျောက်ဂူဉမင်ဖြစ်သည်။ ဂူမှာ နှစ်ဆင့်ဂူဖြစ်သည်။ အပေါ်သို့တက်သည့် လှေကား၏အကြွင်းအကျန်များကို မြောက်ဘက်စင်္ကြံတွင် တွေ့ရှိရသည်။

လိုဏ်ဂူအဝင်အထွက် ပေါင်းကူးများပေါ်တွင် ခြေတော်ရာတစ်ဆူနှင့် ဆင်စွယ်ဝန်းယှက်ခေါ် စက်ဝိုင်းထပ်များရေးဆွဲထားသည်။ ညောင်ရမ်းခေတ်၏ ဆန်းသစ်သည့်လက်ရာအဖြစ် မုခ်ဝ၏ တည့်တည့်နေရာများတွင် လှပသည့် ကုမုဒြာကြာပွင့်သဏ္ဌာန်များ ရေးဆွဲထားသည်။ ကြာပန်းနှင့် ဆင်စွယ်ဝန်းယှက်များ၏အောက်ဘက်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပုံများကို ရေးဆွဲထားသည်။ ဘုရားတစ်ဆူလျှင် ဗောဓိပင်တစ်ပင်ကျစီဖြင့် သရုပ်ဖော်ထားပြီး ရဟန္တာများလက်ဝဲလက်ယာ ခြံရံလျက်ရေးဆွဲထားသည်။ သက်န်းရောင်ရေးဆွဲရာတွင် ဟင်္သပဒါးအနီရောင်ကို အသုံးပြုသည်။ နှစ်ကျိပ်ရှစ်ဆူဘုရားများ၏ ဗျာဒိတ်ခံအခန်းများ၊ တောထွက်ခန်းများ၊ ဗုဒ္ဓဝင်ခန်းများကို ရေးဆွဲထားသည်။





**ပုံ(၁၂) တိလောကဂုရုဂူ**

ယင်းပန်းချီများအောက်တွင် ဇာတ်အကြောင်းအရာ ကောက်နုတ်ချက်များကို ရေးထိုးထားသည်။ အောက်ဆုံးတွင် ငရဲခန်းများ၊ ဥမ္မာဒန္တီ၊ ဘလ္လာတိယနှင့် မဟာဇနက္ကဇာတ်တော်များကို ရေးဆွဲထားသည်။ ဇာတ်တော်တစ်ခုလျှင် ပန်းချီ ၃ ပုံ မှ ၄ ပုံ အထိ ရေးဆွဲထားသည်။



ပုံ(၁၃) ဂူနံရံများအတွင်းရေးဆွဲထားသော နှစ်ကျိပ်ရှစ်ဆူဘုရားများ



ပုံ(၁၄) တိလောကဂုရုဂူအတွင်းရှိ နံရံပန်းချီလက်ရာများ



ပုံ(၁၅) တိလောကဂုရုဂူအတွင်းရှိ နံရံဆေးရေးပန်းချီလက်ရာများ

DBE Book Copyright Protected

ပန်းများ၊ ကြာဖူးကြာခိုင်များ ရေးဆွဲရာတွင် ကနုတ်ချက်များဖြင့် ပုံမဖော်ဘဲ သဘာဝနှင့် ပို၍နီးစပ်အောင် ရေးဆွဲကြသည်။ သစ်ပင်များကိုရေးဆွဲရာတွင် ယိမ်းနွဲ့သည့်ပုံသဏ္ဍာန်ပေါ်စေသည့် အကွေးအညွှတ်များဖြင့် ရေးဆွဲကြသည်။ ဆင်၊ ခြင်္သေ့နှင့် ကျေးငှက်မျိုးစုံကိုလည်း ရေးဆွဲထားသည်။ ဂူအတွင်းရှိ ပန်းချီကားများကို လက်ရာစိပ်စိပ်ဖြင့် အမိုးမျက်နှာကြက်မှ အောက်ကြမ်းခင်းရောက်သည်ထိ ကွက်လပ်မကျန်စေဘဲ သေသပ်စွာရေးဆွဲထားသည်။

**အဓိကအချက်များ**

- တိလောကဂုရုဂူတွင် နံရံဆေးရေးပန်းချီများ ရေးဆွဲထားခြင်း။
- နှစ်ကျိပ်ရှစ်ဆူဘုရားများ၏ ဗျာဒိတ်ခံအခန်းများ၊ တောထွက်ခန်းများ၊ ပုဒ္ဓဝင်ခန်းများကို ရေးဆွဲထားခြင်း။
- ပန်းချီများအောက်တွင် ဇာတ်အကြောင်းအရာကောက်နုတ်ချက်များကို ရေးထိုးထားခြင်း။
- ပန်းများ၊ ကြာဖူးကြာခိုင်များ ရေးဆွဲရာတွင် ကနုတ်ချက်များဖြင့် ပုံမဖော်ဘဲ သဘာဝနှင့် ပို၍နီးစပ်အောင် ရေးဆွဲကြခြင်း။
- အမိုးမျက်နှာကြက်မှ အောက်ကြမ်းခင်းရောက်သည်ထိ ကွက်လပ်မကျန်စေဘဲ သေသပ်စွာ ရေးဆွဲထားခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ တိလောကဂုရုဂူတွင် တွေ့ရှိရသည့် ပန်းချီရေးဟန်များကို အကဲဖြတ်ပါ။

DBE BOX - Copyright Protected

၂။ အခန်း (၃) အလယ်ခေတ်ယဉ်ကျေးမှုအမွေအနှစ် သင်ခန်းစာတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။

**အခန်း (၃)**




**အခန်း(၃)ပါပုံများ၏ ရင်းမြစ်များ**

**ပုံ(၁)** **ရန်အောင်ဇေယျ (ခေါ်) ရှစ်သောင်းပုထိုးတော်ကြီး**

(ဒေါက်တာဇော်လင်းအောင်၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

(ဒေါက်တာပြည့်ဖြိုးကျော်၊ ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန၊ မန္တလေးတက္ကသိုလ်)

**ပုံ(၂)** **ရှစ်သောင်းပုထိုးတော်ကြီး လိုဏ်အတွင်းရှိ ဘုရားများနှင့် ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများ**

(https://yangonlife.com.mm/sites/yangonlife.com.mm/files/article_images/Mrauk%20Oo.jpg) (၄–၁၁–၂၀၁၉)

(https://travelintense.com/wp-content/uploads/temple-inside-mrauk-u) (၄–၁၁–၂၀၁၉)

(https://encrypted-tbn0.gstatic.com/images?q=tbn:ANd9GcQT0Dtx0wh63ynsPDri8w) (၄–၁၁–၂၀၁၉)

(https://c8.alamy.com/comp/E0AGP3/stone-carving-of-wrestlers-at-shitthaung-temple) (၄–၁၁–၂၀၁၉)

DBE BOX - Copyright Protected

**ပုံ(၃)** **ကိုးသောင်းပုထိုးတော်ကြီး** (ဒေါက်တာဇော်လင်းအောင်၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၄)** **ထုက္ကန်သိမ်ပုထိုးတော်ကြီး** (ဒေါက်တာပြည့်ဖြိုးကျော်၊ ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန၊ မန္တလေးတက္ကသိုလ်)

**ပုံ(၅)** **အံတော်သိမ်ပုထိုးတော်ကြီး** (ဒေါက်တာဇော်လင်းအောင်၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ(၆)** **ကောင်းမှုတော်စေတီ** (https://www.google.com/search?tbm =isch&sa=1&ei=o0VQXePIK7KH8QP7nLKYCQ&q) **(၁၈–၇–၂၀၁၉)**

**ပုံ(၇)** **ဖိုးဝင်းတောင်** (Christopher Munier & Myint Aung.*Burmese Buddhist Murals Vol.l.Epigraphic Corpus of the Powin Taung Caves,* Bangkok, White Lotus Co.Ltd., 2007.)

**ပုံ(၈)** **ဂူအတွင်းရှိကျောက်တုံးကြီးများကိုထွင်းထုထားသော ဆင်းတုတော်များ** (https://www.thutazone.net) **(၂၂–၇–၂၀၁၉)**

**ပုံ(၉)** **ဂူအတွင်းရှိ ဆင်းတုတော်လေးဆူနှင့် နံရံဆေးရေးပန်းချီများ** (https://www.thutazone.net) **(၂၄–၇–၂၀၁၉)**

**ပုံ(၁၀)** **ဂူအတွင်းရှိ ဆင်းတုတော်များနှင့် နံရံဆေးရေးပန်းချီများ** (http://escapetravelmagazine.blogspot.com) **(၂၆–၇–၂၀၁၉)**

**ပုံ(၁၁)** **ဂူအတွင်းရှိဗုဒ္ဓဆင်းတုတော်များ၏ တင်ပျဉ်ခွေထိုင်တော်မူဟန် နှင့် ပရိနိဗ္ဗာန်စံဟန်** (https://www.facebook.com/Escapetravelmagazine/photos/pcb.1620694138026128/1620693504692858/ ?type=3&theater) **(၂၆–၇–၂၀၁၉)**

**ပုံ(၁၂)** **တိလောကဂုရုဂူ** (https://www.facebook.com/Escapetravelmagazine/photos/pcb.1620694138026128/1620693504692858/ ?type=3&theater) **(၂၆–၇–၂၀၁၉)**

**ပုံ(၁၃)** **ဂူနံရံများအတွင်းရေးဆွဲထားသော နှစ်ကျိပ်ရှစ်ဆူဘုရားများ** (*Welcome to Sagaing Hills*, Austin, Theravada Dhamma Society of America, 2009.)

**ပုံ(၁၄)** **တိလောကဂုရုဂူအတွင်းရှိ နံရံဆေးရေးပန်းချီလက်ရာများ** (*Welcome to Sagaing Hills*, Austin, Theravada Dhamma Society of America, 2009.)

**ပုံ(၁၅)** **တိလောကဂုရုဂူအတွင်းရှိ နံရံဆေးရေးပန်းချီလက်ရာများ** (*Welcome to Sagaing Hills*, Austin, Theravada Dhamma Society of America, 2009.)

DBE BOX - Copyright Protected

**ကျမ်းကိုးစာရင်း**

၁။ ကျော်၊ ဦး၊ *ဖိုဝန်တောင်သမိုင်းမှတ်တမ်းများ*၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ ရန်ကုန်၊ စက်တင်ဘာ၊ ၁၉၈၂။

၂။ ပန်းချီတင်လှထွန်း၊ *မြန်မာပန်းချီရေစီးကြောင်း*၊ ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၄။

၃။ မြင့်သိန်း၊ ဒေါက်တာ၊ *မြောက်ဦးခေတ်ကိုးသောင်းဘုရားပြန်လည်တူးဖော်မှု*၊ မြန်မာ့သမိုင်းသုတေသနစာစောင်၊ အမှတ်-၁၂၊ ဒီဇင်ဘာ၊ ၂၀၁၃။

၄။ *မြောက်ဦးဒေသရှေးဟောင်းအဆောက်အအုံများမှတ်တမ်း*၊ နေပြည်တော်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အောက်တိုဘာ၊ ၂၀၁၅။

၅။ ရွှေကိုင်းသား၊ *သမိုင်းထဲက စစ်ကိုင်း*၊ ရန်ကုန်၊ ရာပြည့်စာပေ၊ စက်တင်ဘာ၊ ၂၀၁၈။

၆။ သိန်းထွန်းအောင် (ရှေးဟောင်းသုတေသန)၊ *ရှစ်သောင်းပုထိုးတော်ကြီးအကြောင်း သိကောင်းစရာများ*၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ မေလ၊ ၂၀၀၉။

၇။ သိန်းလှိုင်၊ ဦး၊ *ညောင်ရမ်းခေတ်*၊ နေပြည်တော်၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ဒီဇင်ဘာ၊ ၂၀၁၈။

၈။ အေးချမ်း၊ ဒေါက်တာ(ရက္ခဝံသရက္ခိတ)၊ *ရခိုင်သမိုင်းမိတ်ဆက်*၊ ရန်ကုန်၊ နေမင်းရာဇာစာပေ၊ ၂၀၁၇။

၉။ Chew , Anne-May Dr. "*The Man Made caves of Powin Taung in Central Myanmar Architecture*, Sculpture and Murals", Yangon. SEAMEO Regional Centre for History and Tradition, 2005.

၁၀။ Munier, Christopher & Myint Aung.*Burmese Buddhist Murals Vol.l.Epigraphic Corpus of the Powin Taung Caves,* Bangkok, White Lotus Co.Ltd., 2007.

၁၁။ *Welcome to Sagaing Hills*, Austin, Theravada Dhamma Society of America, 2009.

DBE BOX - Copyright Protected

# အခန်း(၄)

## မန္တလေးယဉ်ကျေးမှုအမွေအနှစ်

**နိဒါန်း**

- ဤအခန်းတွင် မင်းတုန်းမင်း တည်ထောင်ခဲ့သော ရတနာပုံမန္တလေး၏ နောက်ခံသမိုင်းနှင့် ရတနာပုံနန်းမြို့တော်၊ မြနန်းစံကျော်ရွှေနန်းတော်၊ ဘုန်းတော်ကြီးကျောင်းများ၏ ဗိသုကာ အနုပညာလက်ရာများကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

**ဤအခန်းခေါင်းစဉ်နှင့်ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

- အလယ်ခေတ်ယဉ်ကျေးမှု ခေါင်းစဉ်အောက်တွင် မြောက်ဦးခေတ်နှင့် ညောင်ရမ်းခေတ်တို့၏ ဗိသုကာအနုပညာလက်ရာများ၊ ယဉ်ကျေးမှုအမွေအနှစ်များအကြောင်းကို လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။

**ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။**

- မင်းတုန်းမင်းရတနာပုံမန္တလေးမြို့တော် တည်ထောင်သည့် အကြောင်းရင်းကို ဆန်းစစ်တတ်လာမည်။
- ရတနာပုံမန္တလေး၏ ဗိသုကာအနုပညာလက်ရာများကို အလယ်ခေတ်ဗိသုကာ အနုပညာလက်ရာများနှင့် နှိုင်းယှဉ်လေ့လာနိုင်မည်။
- ရတနာပုံမန္တလေး ဘုန်းတော်ကြီးကျောင်းများ၏ ဗိသုကာအနုပညာလက်ရာများ၏ အဆင့်အတန်းကို အကဲဖြတ်နိုင်မည်။
- ဗုဒ္ဓဆင်းတုများ၏ ပုံသဏ္ဌာန်အနေအထား တိုးတက်လာမှုကို ဆွေးနွေးနိုင်မည်။

DBE BOX - Copyright Protected

## ၄.၁။ နောက်ခံသမိုင်း

မင်းတုန်းမင်းသည် ၁၈၅၃ ခုနှစ်တွင် အမရပူရထီးနန်းကိုရရှိခဲ့သည်။ မင်းတုန်းမင်း နန်းတက်စဉ်အချိန်က အောက်မြန်မာနိုင်ငံသည် နယ်ချဲ့အင်္ဂလိပ်တို့ လက်အောက်သို့ ကျရောက်နေသော အချိန်ဖြစ်ရာ မင်းတုန်းမင်းအနေဖြင့် အမရပူရထက် လုံခြုံမှုပိုမိုရရှိနိုင်မည့် မန္တလေးသို့ မြို့သစ်တည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့သည် လုံခြုံရေးအရ ဧရာဝတီမြစ်ကမ်းဘေးမှ နှစ်မိုင်အကွာတွင် တည်ရှိနေခြင်းနှင့် အတိတ်၊ နိမိတ်၊ တဘောင်၊ ဗေဒင်ကိန်းခန်းစသည့် တွက်ချက်မှု များသည် မြို့သစ်ပြောင်းရွှေ့ရေးအတွက် များစွာအထောက်အကူ ဖြစ်ခဲ့သည်။ မင်းတုန်းမင်းသည် ၁၆ ရက် ဇူလိုင်လ ၁၈၅၈ ခုနှစ်တွင် အမရပူရမှ ရတနာပုံမန္တလေးနေပြည်တော်သို့ ပြောင်းရွှေ့ခဲ့သည်။

ရတနာပုံနေပြည်တော်သစ်တွင် မင်းတုန်းမင်း နှင့် သီပေါမင်းတို့ စိုးစံခဲ့ပြီး ၎င်းတို့အုပ်စိုးသည့်ခေတ်ကို ရတနာပုံခေတ် (၁၈၅၃-၁၈၈၅) ဟုခေါ်ခဲ့သည်။



**ပုံ(၁) မင်းတုန်းမင်း**



**ပုံ(၂) သီပေါမင်း**

DBE BOX - Copyright Protected

မင်းတုန်းမင်း၏ မင်းနေပြည်တော်သစ် ရတနာပုံမန္တလေးသည် ပထဝီအနေအထားအရ ပြန့်ပြူးညီညာသော မြေပြင်တွင်ရှိပြီး မန္တလေးတောင်ခြေတွင် တည်ထားသည်။ ကန်များ၊ ချောင်းများ၊ မြစ်များတို့ဖြင့် ဝန်းရံလျက်ရှိသည်။ အရှေ့မြောက်ဘက်တွင် နန္ဒာကန်နှင့် မောင်းမကန်၊ အရှေ့နှင့် အရှေ့တောင်ဘက်တွင် အောင်ပင်လယ်ကန်နှင့် ဇောင်းကလောကန်၊ တောင်ဘက်တွင် တောင်သမန်အင်းနှင့် မြစ်ငယ်မြစ်၊ အနောက်တောင်ဘက်တွင် တက်သေးအင်း၊ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ မြောက်ဘက်တွင် မတ္တရာမြစ်တို့က ဝန်းရံထားသည်။ အနောက်ဘက်တွင် မတ္တရာနယ်နှင့်ဆက်သွယ်ထားသော ရွှေတချောင်းမြောင်းလည်းရှိသည်။ ရွှေတချောင်းမြောင်းမှာ လှေများသွားလာနိုင်သော မြောင်းတော်ဖြစ်၍ ဗဒုံမင်း (၁၇၈၂-၁၈၁၉) က ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ နောင်တွင် မင်းတုန်းမင်းက မန္တလေးမြို့ အရှေ့ဘက်တွင် တောင်မြောက်တန်းလျက်ရှိသော ရတနာနဒီမြောင်းကို ဖောက်ခဲ့သဖြင့် ရွှေတချောင်းမြောင်းနှင့်အပြိုင် ဖြစ်လာခဲ့သည်။ ထိုသို့သော ပတ်ဝန်းကျင် အခင်းအကျင်းတို့ဖြင့် ရတနာပုံနေပြည်တော်ကြီးကို မင်းတုန်းမင်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။

မန္တလေးမြို့ပုံသဏ္ဌာန်သည် စတုရန်းပုံသဏ္ဌာန်ဖြစ်သည်။ မြို့သစ်တည်သည့်အခါတွင် နန်းမြို့တော်အပါအဝင် သတ္တဌာနခုနစ်ဌာနကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့သည်။ မြို့တော်၊ ကျုံးတော်၊ မဟာလောကမာရဇိန်စေတီတော်၊ မဟာအတုလဝေယန်ကျောင်းတော်၊ သုဓမ္မာဇရပ်၊ ပဋ္ဌာန်းဟော မဟာရွှေသိမ်တော်ကြီးနှင့် ပိဋကတ်တိုက်တို့ဖြစ်သည်။ မန္တလေးဟု အသိများသော ရတနာပုံ နေပြည်တော်ကြီးသည် မြန်မာတို့၏ နောက်ဆုံးမင်းနေပြည်တော်ကြီးဖြစ်ခဲ့ပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများစွာ ကျန်ရှိခဲ့သည်။

**အဓိကအချက်များ**

- ♦ မင်းတုန်းမင်း အမရပူရမှ မန္တလေးရတနာပုံနေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ခြင်း။
- ♦ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ အုပ်စိုးသည့်ခေတ် (၁၈၅၃-၁၈၈၅)ကို ရတနာပုံခေတ်ဟု ခေါ်ဆိုခြင်း။
- ♦ ရတနာပုံ မင်းနေပြည်တော်သစ်သည် ညီညာသောမြေပြန့်တွင် တည်ရှိပြီး တောင်များ၊ ကန်များ၊ ချောင်းများ၊ မြစ်များတို့ဖြင့် ဝန်းရံထားခြင်း။
- ♦ မင်းတုန်းမင်းသည် ရတနာနဒီမြောင်းကို ဖောက်လုပ်ခဲ့ခြင်း။
- ♦ မန္တလေးမြို့ပုံသဏ္ဌာန်သည် စတုရန်းပုံသဏ္ဌာန်ဖြစ်ခြင်း။
- ♦ မန္တလေးမြို့နန်းသစ်တည်သည့်အခါတွင် မြို့တော်အပါအဝင် သတ္တဌာနခုနစ်ဌာနကို တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်း။

**လေ့ကျင့်ရန်မေးခွန်း**

၁။ မန္တလေးရတနာပုံမြို့တော်၏ ပထဝီအနေအထားမှာ မည်သို့ရှိသနည်း။

DBE BOX - Copyright Protected

## ၄.၂။ မန္တလေးရတနာပုံနန်းမြို့တော်နှင့် မြနန်းစံကျော်ရွှေနန်းတော်

မင်းတုန်းမင်းတည်ဆောက်ခဲ့သည့် ရတနာပုံနန်းမြို့တော်သည် မန္တလေးတောင်ခြေ၏ အနောက်တောင်ဘက်တွင်တည်ရှိသည်။ ရတနာပုံနန်းမြို့တော်ကို လေးကျွန်းအောင်မြေဟု မှည့်ခေါ်ခဲ့သည်။ နန်းမြို့တော်ကို အုတ်မြို့ရိုးဖြင့် ကာရံထားသည်။ အုတ်မြို့ရိုးသည် တစ်ဖက်လျှင် တာ ၆၀၀ (၁.၃ မိုင်)ရှိ၍ မြို့ရိုးလေးဘက်ပေါင်းသော် တာ ၂၄၀၀ (၅.၂ မိုင်)ရှိသည်။ မြို့ရိုးတစ်ဖက်လျှင် တံခါးသုံးပေါက်ထားသဖြင့် စုစုပေါင်း တံခါး ၁၂ ပေါက်ရှိသည်။ တံခါးများကို အမည်ပေးထားပြီး မြို့ရိုးတံခါး အဝင်ပေါက်များအနီးတွင် ထိုတံခါးအမည်တို့ကို စိုက်ထူထားသည်။

အုတ်မြို့ရိုးကြီးကို ရတနာနဒီမြောင်းမှ ရေသွယ်ယူထားသောကျုံးဖြင့် ဝန်းရံထားသည်။ ကျုံးတော်သည် ၂၂၅ ပေ ကျယ်၍ ၁၁ ပေခန့် နက်သည်။ မင်းတုန်းမင်း မြို့သိမ်းမင်္ဂလာဆင်ယင်သောအခါ ကျုံးတော်၌ ရေသဘင်ပွဲပြုလုပ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ ကျုံးသည် နန်းတော်ကို အကာအကွယ်သဘောသက်ရောက်ရုံသာမက မြို့သူ၊ မြို့သားများ သောက်ရေ၊ သုံးရေအတွက်လည်း လွန်စွာအကျိုးပြုသည်။ ကျုံးအမျိုးအစားတွင် ရေကျုံး၊ နွံကျုံးနှင့် အခြောက်ကျုံးဟူ၍ရှိရာ မန္တလေးကျုံးသည် ရေကျုံးအမျိုးအစားဖြစ်သည်။ မြို့တော်ကို အကွက်ချ၍တည်ထားပြီး စတုရန်းပြကွက်ပေါင်း ၁၄၄ ကွက်ရှိသည်။ မြို့အလယ်ဗဟို ၁၆ ကွက်မှာ နန်းတော်အတွက် ချန်လှပ်၍ ကျန်ပြကွက်များတွင် အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မှူးမတ်များ၊ သူဌေးသူကြွယ်အမှုထမ်းများ နေထိုင်ကြသည်။



**ပုံ(၃) ရတနာပုံနန်းမြို့တော်**

မြို့ရိုးအတွင်းတွင် သစ်တပ်ရှိသည်။ သစ်တပ်မြို့ရိုးအတွင်း အရှေ့အနောက်ရှည်လျားသော အုတ်ခုံပေါ်တွင် မြနန်းစံကျော်ရွှေနန်းတော်ကို တည်ဆောက်ထားသည်။ နန်းတော်အုတ်ခုံမှာ ၁၀ ပေ၊ ၉ လက်မ မြင့်ပြီး အရှေ့အနောက်အလျား ၁၀၀၄ ပေ ရှိပြီး အနံအကျယ်ဆုံးနေရာမှာ ၅၇၄ ပေရှိသည်။ ထိုအုတ်ခုံပေါ်တွင် ပလ္လင်ရှစ်ခန်းထားရှိရာ အဆောင်တော်များ၊ မင်းဇေကရာဇ်နှင့်



DBE BOX - Copyright Protected

မိဖုရားကြီး၊ သားတော်၊ သမီးတော်များ စံရာအဆောင်တော်များရှိသည်။ နန်းတော်၏ အဓိက အဆောင်ကြီးဖြစ်သည့် ဘုံ ၇ ဆင့်ပါသော မြေနန်းပြာသာဒ်ဆောင်မှာ အခမ်းနားဆုံးဖြစ်ပြီး ၂၀၇ ပေ အမြင့်ရှိသည်။ မြေနန်းဟုခေါ်သည်မှာ အမြင့်မြတ်ဆုံးမြေများထည့်၍ တည်ဆောက်ထားသော ကြောင့်ဖြစ်သည်။ မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသမှမြေ၊ ရွှေတိဂုံဘုရားမြေ၊ နိုင်ငံတော် အရပ်ရှစ်မျက်နှာမှမြေများပါရှိသဖြင့် မြေနန်းဟုခေါ်ခြင်းဖြစ်သည်။ မြေနန်းဆောင်ကို ရွှေပိန်းချထားသည်။ မြနန်းစံကျော်နန်းတော်တွင် ပလ္လင်တော်ထားရာ အဆောင်များဖြစ်သော မြေနန်းဆောင်၊ ဇေတဝန်ဆောင်၊ ပေါင်းတော်ဆောင်၊ မှန်နန်းတော်ဆောင်၊ ပြဲတိုက်တော်၊ မြောက်စမုတ်၊ တောင်စမုတ်၊ အနောက်ပွဲတက်ဆောင်စသည့် ပလ္လင်ရှစ်ခန်းထားရှိရာ အဆောင်တော်များကို တည်ဆောက်ခဲ့သည်။ မြနန်းစံကျော်နန်းတော်တွင် အရှေ့ပိုင်းမင်းခန်းတော် ၃၂ ဆောင်၊ မိဖုရားဆောင် ၇၈ ဆောင်၊ အနောက်ပိုင်းမင်းခန်းတော် ၄ ဆောင် စုစုပေါင်း ၁၁၄ ဆောင်ရှိသည်။ နန်းတော်ဆောင်များသည် ဒုတိယကမ္ဘာစစ်ကာလတွင် မီးလောင်ပျက်စီးခဲ့ရာ ၁၉၉၆ ခုနှစ်တွင် ရှေးမူမပျက် ပြန်လည်တည်ဆောက်ခဲ့သည်။

DBE BOX - Copyright Protected

**အဓိကအချက်များ**

- မင်းတုန်းမင်းသည် ရတနာပုံနန်းမြို့တော်ကို မန္တလေးတောင်ခြေ၏ အနောက်တောင်ဘက်တွင် တည်ဆောက်ခဲ့ခြင်း။
- လေးကျွန်းအောင်မြေဟုလည်းခေါ်တွင်ပြီး အုတ်မြို့ရိုးဖြင့်ကာရံထားခြင်း။
- ရတနာနဒီမြောင်းမှ ရေသွယ်ယူထားသော ကျုံးဖြင့်လည်း ဝန်းရံထားခြင်း။
- အကွက်ချ၍တည်ထားပြီး စတုရန်းပြကွက်ပေါင်း ၁၄၄ ကွက်ရှိခြင်း။
- ပြကွက် ၁၆ ကွက်တွင် မြနန်းစံကျော်ရွှေနန်းတော် တည်ဆောက်ခြင်း။
- အရှေ့အနောက် ရှည်လျားသော အုတ်ခုံပေါ်တွင်တည်ဆောက်ထားခြင်း။
- ပလ္လင်ရှစ်ခန်းထားရှိရာ အဆောင်တော်များ၊ မင်းဧကရာဇ်နှင့် မိဖုရားကြီး၊ သားတော်၊ သမီးတော်များ စံရာအဆောင်တော်များ ဆောက်လုပ်ထားခြင်း။
- အမြင့်မြတ်ဆုံးမြေများထည့်၍ တည်ဆောက်ထားသော မြေနန်းပြာသာဒ်ဆောင်ရှိခြင်း။
- နန်းတော်၏အဓိကအဆောင်သည် ဘုံ ၇ ဆင့်ပါသော မြေနန်းပြာသာဒ်ဆောင်ဖြစ်ခြင်း။
- မြနန်းစံကျော်နန်းတော်တွင် စုစုပေါင်း ၁၁၄ ဆောင်ရှိခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ရတနာပုံနန်းမြို့တော်၏ အခင်းအကျင်းကို အကဲဖြတ်ပါ။

၂။ ရတနာပုံနန်းမြို့အတွင်း မြနန်းစံကျော် ရွှေနန်းတော်ကို မည်ကဲ့သို့ တည်ဆောက်ထားသနည်း။

## ၄.၃။ မန္တလေးရွှေကြိုးသတ်နယ်မြေ

ရတနာပုံနန်းမြို့တော်အပြင်ဘက် အရပ်လေးမျက်နှာတွင် လူနေရပ်များထားရှိပြီး ရွှေကြိုးသတ်နယ်မြေအဖြစ် သတ်မှတ်ပေးခဲ့သည်။ ရွှေကြိုးသတ်နယ်မြေဟူသည် စည်ပင်သာယာနယ်နိမိတ်ကို ဆိုလိုသည်။ ရွှေကြိုးသတ်နယ်နိမိတ်မှာ တောင်မြောက်အလျား မိုင် ၄၀ ခန့် ကျယ်ဝန်း၍ အရှေ့နှင့် အနောက်မှာ ၁၀ မိုင်ခန့်ရှိသည်။ တောင်ဘက် ဒုဋ္ဌဝတီမြစ်၊ မြောက်ဘက် မတ္တရာမြစ်၊ အနောက်ဘက် ဧရာဝတီမြစ်၊ အရှေ့ဘက် နတ်ထိပ်တောင်ရိုးအထိ သတ်မှတ်ခဲ့သည်။ ထိုနယ်နိမိတ်အတွင်းတွင် အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ စသောမြို့များနှင့် ရွာပေါင်းများစွာ ပါဝင်သည်။ ရွှေကြိုးသတ်နယ်နိမိတ်အတွင်းတွင် အမှုထမ်းနှင့် ပြည်သူတို့ နေထိုင်ကြသည်။ စနစ်တကျအကွက်များရိုက်လျက် နေရာချထားပေးခဲ့သည်။ ရွှေနန်းတော်၊ ကျုံးနှင့် မြို့ကို မဏ္ဍိုင်ပြုလျက် အရှေ့ပြင်၊ တောင်ပြင်၊ အနောက်ပြင်နှင့် မြောက်ပြင်ဟူ၍ ခွဲခြားထားသည်။ ထိုလေးပြင်လေးရပ်ကို မြို့ဝန်လေးဦးတို့က တာဝန်ယူ အုပ်ချုပ်ကြသည်။ လေးပြင်လေးရပ်တွင် တောင်ပြင်နှင့် အနောက်ပြင်တို့သည် လူနေအစည်ကားဆုံးဖြစ်သည်။ အရှေ့ပြင်နှင့် မြောက်ပြင်တို့မှာ လူနေနည်းပါးသော်လည်း ကျောင်းတိုက်ကြီးများနှင့် သာသနိကအဆောက်အအုံများစွာရှိသည်။ အမှုထမ်းနှင့် ပြည်သူများအတွက် လေးပြင်လေးရပ်တွင် ရပ်ကွက်ပေါင်း ၅၄ ဌာနကို အမည်သတ်မှတ်ကာ နေရာချထားပေးခဲ့သည်။ မန္တလေးရွှေကြိုးသတ်နယ်မြေအတွင်း ထင်ရှားသော ကန်များမှာ ဇောင်းကလောကန်၊ နန္ဒာကန်နှင့် အောင်ပင်လယ်ကန်တို့ဖြစ်ပြီး တက်သေးအင်းနှင့် တောင်သမန်အင်းတို့မှာလည်း ထင်ရှားသည်။ မန္တလေးရွှေကြိုးသတ်နယ်မြေသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်၊ ကျေးရွာတို့ဖြင့် ဖွဲ့စည်းထားသည်။ မင်းတုန်းမင်းလက်ထက်တွင် မန္တလေးရွှေကြိုးသတ်နယ်မြေအတွင်း၌ လူဦးရေတစ်သိန်းကျော်မျှ နေထိုင်ကြသည်။

DBE BOX - Copyright Protected